www.burmeseclassic.com

မြတ်မြတ်ချောစာပေ

# မောင်သာပြည့်

# မြားခဝိပ် ပြယ်ပါစေသတည်း

အသစ်စက်စက် စ/ဆုံး လုံးချင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ❖ ၁၃၇၀/၂၀၀၃ (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❖ ၁၂၅၃/၂၀၀၃ (၁၁)

❋ထုတ်ဝေသူ❋

ဦးသန်းဆွေ(၀၁၄၇၃)၊ စစ်သည်တော်စာပေ
အမှတ်(၁၁၃-က)၊ ဥယျာဉ်လမ်း (၁၉)ရပ်ကွက်၊
ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်။

❋မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ❋

ဦးမောင်မောင်လွင် (၀၂၃၅၀)
ကဝိရတနာပုံနှိပ်တိုက်
အမှတ်(၂၀၄)၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

| | | |
|---|---|---|
| အဖုံးနှင့် ရေစံပန်းချီ | ❖ | မမွေး |
| ကွန်ပျူတာစာစီ | ❖ | နုရတီ (☎ ၂၈၁၄၃၈) |
| ပုံနှိပ်ခြင်း | ❖ | ပထမအကြိမ် |
| ထုတ်ဝေသည့်လ | ❖ | ၂၀၀၄ ခုနှစ် |
| အုပ်ရေ | ❖ | ၅၀၀ |
| တန်ဖိုး | ❖ | ၅၀ ကျပ် |
| ဖြန့်ချိရေး | ❖ | မြတ်မြတ်ချောစာပေ |

# အပိုင်း-တစ်

www.burmeseclassic.com

www.burmeseclassic.com

※ အချစ်နဲ့ပတ်သက်တဲ့
ပျော်စရာလေးတွေ ခံစားနိုင်အောင်
သည်ဝတ္ထုကို ရေးလိုက်ပါတယ်။

※※※



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## [၁]

မျက်နှာအားလုံးကြည့်နေရသည်ကိုက သိမ်ငယ်သလို ခံစားနေရသည်။ နောက်ပြီး အေးစက်စက် မာကျောကျော ဖြစ်နေသည့် မျက်နှာများရှေ့မှာ ကျုံ့ကျုံ့ကလေးထိုင်နေရသည်ကိုလည်း စိတ်က မကျေနပ်။

တကယ်တန်းကျ ဖြစ်ပေါ်မှုပြဿနာသည် မိမိနှင့် ဘယ်လိုမှ ပတ်သက်ခြင်းမရှိ။

ပြဿနာက ကျော်လတ်နှင့် ဆက်နွယ်လာသည့် ပြဿနာ။ ပြဿနာဆိုသော်လည်း ကျော်လတ်ဘက်ကကြည့်လျှင်တော့ အမှန်။ သို့သော်လည်း တစ်ဖက်က ကြည့်လျှင်တော့ မိမိနှင့်ကျော်လတ်သည် တကယ့်ကို တရားခံအစစ် ဖြစ်ရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စက အတော်ကို ရုပ်ပျက်ဆင်းပျက်နိုင်တဲ့ ကိစ္စကြီးပဲ၊ တစ်ဖက်ကသာ သဘောထားကြီးကြီးနဲ့ ခွင့်မလွှတ်ရင် မင်းတို့ အချုပ်ထဲ တန်းဝင်သွားရမယ်၊ နားလည်လား"

"ကျွန်တော် မေးခွင့် ရှိမလား မသိဘူး"

လက်ယာဘက်အစွန်မှာ ထိုင်နေသည့် ရပ်ကွက်လူကြီးတစ်ဦးက ကျော်လတ်ကို မျက်လုံး လှန်ကြည့်၏။

"ဘာမေးမှာလဲကွ"

"ကျွန်တော်ပန်စီတာကို မြတ်နိုးလို့ ချစ်တယ်လို့ ပြောတယ်၊ အဲဒီချစ်တယ်လို့ ပြောတဲ့ကိစ္စကြီးက ရာဇဝတ်မှုသင့်နေလို့လား အန်ကယ်"

"အဲမယ်၊ မင်းက မေးတတ်လိုက်တာ၊ မင်းချစ်တယ်လို့ပြောတာကတော့ ရာဇဝတ်မှုမသင့်ဘူးပေါ့ကွ၊ မင်းကိုယ်ထိလက်ရောက်လုပ်တဲ့ ကိစ္စက ဘယ်လောက် အပြစ်ကြီးတယ်မှတ်သလဲ"

"ဒါကတော့ သူက လွယ်အိတ်နဲ့ ရိုက်တာကိုး"





သည့်စကားကို ကျော်လတ်မပြော။ နံဘေးမှာထိုင်နေသည့် ဖုန်းမြင့်ခေါင်က ဝင်ပြောသည်။

"နေပါဦး မင်းတို့နှစ်ယောက် ညီအစ်ကိုလား"

"သူငယ်ချင်းပါ"

"ဒါဖြင့် မင်း ဝင်မပြောနဲ့၊ မင်းတို့ ခုဖြစ်တဲ့ကိစ္စကို တစ်မြို့နယ်တည်းသားချင်းလည်းဖြစ်၊ ရပ်ကွက်ချင်းကလည်း ကပ်နေလို့ တို့ခွင့်လွှတ်လိုက်တာ၊ နောက် တို့ရပ်ကွက်ထဲ လာပြီး ခုလို အလားတူ ပြဿနာမျိုးဖြစ်ရင် တို့လုံးဝခွင့်မလွှတ်နိုင်ဘူး"

ရင်မှာကျေနပ်မှု မရှိသော်လည်း အိမ်ကမိဘတွေ မခေါ်ခိုင်းတာပင် ကျေးဇူးရှာကြံတင်နေရသေး၏။

"ကျွန်တော်တို့ ပြန်လို့ရပြီလားအန်ကယ်"

"ဒီအတိုင်းထပြန်လို့တော့ ဘယ်ရမလဲကွ၊ နောက်နောင် ပန်စီတာဆိုတဲ့ကောင်မလေးကို မနှောင့်ယှက်တော့ပါဘူးဆိုတဲ့ ခံဝန်လက်မှတ်ထိုးခဲ့"

လှမ်းပေးသည့်ဘောလ်ပင်ကို လှမ်းမယူသေးပဲ ကျော်လတ်က...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နှောင့်ယှက်ခဲ့တာမှ မဟုတ်ဘဲ အန်ကယ်ရာ"

"ဟာ… မင်းသူ့လွယ်အိတ်ကို ဆွဲလုပြီး လွှင့်ပစ်တာဟာ အင်မတန်ကြီးမားတဲ့ ပြစ်မှုကွ"

"ဒါကတော့ သူက ကျွန်တော့်ကို လွယ်အိတ်နဲ့ ပိတ်ရိုက်တာကိုး"

"မင်းရှင်းလင်းချက်တွေ ကိုကိုလာမလုပ်နဲ့၊ ခံဝန်လက်မှတ်မထိုးရင် ရဲစခန်းကို အကြောင်းကြားလိုက်မယ်"

ကျော်လတ်က သူ့မျက်နှာကို စောင်းငဲ့ကြည့်သည်။

အနေအထားအားလုံးကို သူစိတ်မရှည်ချင်တော့။ လက်မှတ် မထိုးဘဲနေလျှင်လည်း ရပ်ကွက်ရုံးထဲက ဘယ်လိုမှ ပြန်ထွက်လို့ ရမည်မဟုတ်သည်ကို ဖုန်းမြင့်ခေါင် စဉ်းစားမိသည်။

"ထိုးလိုက်ကွာ"

ကျော်လတ်က လက်ကလေးကတုန်ကယင်နှင့် လက်မှတ်ထိုးသည်။ လက်မှတ်ထိုးပြီး ထပြန်မည်လုပ်တော့…

"မင်းလည်း ထိုးရမယ်"





"ဟာ ကျွန်တော်နဲ့ဘာဆိုင်လို့လဲ"

"မင်းတို့နှစ်ယောက်က သူငယ်ချင်းဆိုတော့ တစ်ကျိတ်ထဲ တစ်ညဏ်ထဲပဲ၊ မရဘူး၊ မင်းပါခံဝန်လက်မှတ်ထိုး"

ဖုန်းမြင့်ခေါင်က ပင့်သက်ကို ဟူးကနဲမှုတ်ထုတ်ပြီး ကျော်လတ် ဆိုင်းနှဘေးမှာ သူ့လက်မှတ်ဆိုင်းကို ခပ်ကြမ်းကြမ်းထိုးလိုက်၏။

မျက်မှန်နှင့်ရပ်ကွက်လူကြီးက…

"တို့ရပ်ကွက် အပိုင်ကို မင်းတို့ ဝင်ထွက်နိုင်ကြပါတယ်၊ ဒါပေမယ့် ရပ်ကွက်ကို စော်ကားတဲ့ အပြုအမူမျိုး မလုပ်မိဖို့တော့ လိုတယ်ပေါ့ကွာ၊ ကဲ… မင်းတို့ သွားနိုင်ပြီ"

ထိုင်ရာမှ ထလိုက်ကြသည်။

ရုံးခန်းအပြင်ရောက်သည်ထိ မကျေချမ်းမှုက ကပ်ပါလာသေး၏။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



"အရေးမဟုတ်တာကွာ"

"အေးလေ...ကောင်မလေး တော်တော်ကို လူဝါးဝတယ်၊ တို့ကလည်း ရပ်ကွက်ရုံးအနားမှာရှိမှန်း မသိလိုက်တာ နာတယ်"

"သိတာ မသိတာ အကြောင်းမဟုတ်ပါဘူးကွာ၊ ဘာမဟုတ်တဲ့ ကိစ္စလေးကို သွားတိုင်ရမလား"

ဖုန်းမြင့်ခေါင်ရင်မှာ ကျော်လတ်ကိုယ်စား ခံပြင်းနေသည့် ဒေါသ၊ လမ်းလျှောက်ရင်းရှေ့မှ အုန်းမှုတ်ခွက်ကို ခပ်ဆတ်ဆတ် ပိတ်ကန်ပစ်လိုက်သည်။

"မင်း အချိုးကလည်း ဟုတ်ကိုမဟုတ်ဘူး"

"ဘာကိုလဲ ဖုန်းမြင့်ခေါင်"

"ဘာလို့သူလွယ်အိတ်ကြီးကို ဆွဲလုပြီး လွှင့်ပစ်လိုက်ရတာလဲ၊ ရော့... နင့်လွယ်အိတ် ပြန်ယူဆိုပြီး မျက်နှာတည့်တည့်ကို ပစ်ထည့်လိုက်ဖို့ကောင်းတာ"





"အဲဒါမှ အချုပ်ထဲ တန်းရောက်မှာ"

ပန်စီတွာကို ကျော်လတ် စကားလိုက်ပြောသည်က တော့ ခုမှမဟုတ်။ ရေစက်ကြောင့်ပဲတော့ထင်သည် ကျော် လတ် ပန်စီတာကို ကြိုက်သလောက်။ ပန်စီတာက ကျော် လတ်ကို ပြန်မကြိုက်ခြင်းပင်။

ကျော်လတ်လိုက်စကား ပြောတိုင်း ပန်စီတာက ပြဿနာတစ်ခုခုကို ဖန်တီးသည်။ ယခုမှရပ်ကွက်ရုံးကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရခြင်း ဖြစ်၏။

"မင်း စိတ်လျှော့ဖို့တော့ ကောင်းပြီ"

"စိတ်လျှော့ဖို့ကို စဉ်းတောင်မစဉ်းစားထားဘူး"

"မင်းကိုမကြိုက်လို့ ခါးခါးသီးသီး ဖြစ်နေတဲ့ဟာ၊ ဒီမယ် ဟေ့ကောင် မြန်မာပြည်မှာ ပန်စီတာ တစ်ယောက်တည်း မိန်းမရှိတာ မဟုတ်ဘူးကွ"

ကျော်လတ်က ဟက်ကနဲ ရယ်၏။

ရယ်ရင်း လမ်းမကြီးကို ဖြတ်ကူးသည်။ ချယ်ရီအမည်ခံထားသည့် လမ်းဘေးလက်ဖက်ရည်ဆိုင်ကလေးကတော့ နှင့်ကျော်လတ် ထိုင်နေကျ။

www.burmeseclassic.com



စားပွဲပုလေးမှာ ဝင်ထိုင်လိုက်ပြီး လက်ဖက်ရည်နှစ်ခွက် လှမ်းမှာသည်။

"ရင်ထဲမှာတော့ အရမ်းခံစားနေရတယ်"

"ဘာကိုခံစားရတာလဲ"

"သူ့လွယ်အိတ်ကို လွှင့်ပစ်တာ ပန်းစီတာ စိတ်နာသွားမလား မသိဘူး"

**စီးကာ**ရက်ခွက်ထဲမှ စီးကရက်တစ်လိပ်ကို နှိုက်ယူပြီး သူ့အကြည့်က လမ်းမဆီရောက်သည်။ အချိန်က ညခုနစ်နာရီခွန်းစွန်းမျှသာ ရှိသေး၏။

"ငါ ညအိပ်ပျော်မယ်တောင် မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"ပန်းစီတာ့ကိစ္စလေ"

"တော်စမ်းပါ ကျော်လတ်ရာ၊ သူ့မိဘတွေ ခေါ်ခိုင်းပြီး မင်းကို ရပ်ကွက်ရုံးတိုင်တာနဲ့တင် မင်းသူ့ကို စိတ်နာဖို့ ကောင်းနေပြီ၊ ကောင်းကျိုးမပေးတဲ့ ကောင်မကို သိပ်ပြီး အရေးပါမနေနဲ့"





ကျော်လတ်က သူ့ကို ပေကလပ်လေးလုပ်ပြီး ကြည့်သည်။

"ပန်းစီတာကို ကောင်မလို့ မသုံးနှုန်းပါနဲ့ သူငယ်ချင်းရာ"

"ဟ...ကောင်မလို့ မသုံးနှုန်းရအောင် မင်းပန်းစီတာက ကောင်ထီးမို့လို့လား"

"မင်းရင်မှာ ခံစားမှု မရှိဘူး ဖွန်းမြင့်ခေါင်"

"ဘာခံစားမှုလဲ"

"အချစ်ခံစားမှုလေ၊ မင်းဆိုတဲ့ကောင်က ချစ်တတ်တဲ့ သူ စာရင်းထဲမှာပါတဲ့ ကောင်မဟုတ်ဘူး"

သူ ကျော်လတ် မျက်နှာကို ခပ်စိုက်စိုက်ကြည့်တော့...

"ငါ့ကို ဘုကြည့်လာမကြည့်နဲ့ ဟေ့ကောင်၊ မင်းရင်မှာ ချစ်တတ်တဲ့ အသည်းနှလုံး လုံးဝ မရှိဘူး"

"ချစ်တတ်တဲ့ အသည်းနှလုံးဟုတ်လား၊ ဟား... ဟား...ဟား..."



www.burmeseclassic.com

www.burmeseclassic.com



"ခပ်ကြောင်ကြောင် စကားတွေ လာမပြောစမ်းပါနဲ့၊ ကျော်လတ်ရာ၊ အသည်းနှလုံးဆိုတာကို ဟင်းချက်စားရတဲ့ ဟင်းလျာအဖြစ်သာ ငါသိတယ်ကွ၊ အေးလေ... မင်းပြောသလို အချစ်မရှိဘူးလို့ ပြောချင်ပြောပါ၊ ငါဆိုတဲ့ ကောင်ကလည်း အချစ်ဆိုတဲ့ စကားလုံးကြီးကို ရေရေလည်လည်ကို သောက်မြင်ကတ်တာ"

ပြောပြီး ဖုန်းမြင့်ခေါင်က ရယ်၏။

အချစ်မရှိဘူးတဲ့။

ဟုတ်ပါတယ်လေ...။

ဘကယ်တမ်းကျ ဖုန်းမြင့်ခေါင်ဆိုတဲ့ကောင်ရဲ့ ရင်မှာ မိန်းမတွေနဲ့ ပတ်သက်တဲ့ အချစ်လုံးဝ မရှိပါဘူး။

❋❋❋



[၂]

"ဒီမယ်...ဒီမယ်၊ နင့်နာမည်ဘယ်သူ"

"ဘုတ်ဆုံမ၊ မေ့တတ်ရင် တီဗွီကြော်ငြာထဲက ဘုတ်ဆုံမ ငရုတ်သီးမှုန့် ကြော်ငြာကိုမှတ်ထား"

"အေးဟုတ်ပြီ၊ ငါ အမိက သိချင်တာက နင့်နာမည် ဘုတ် ၎မတွေ၊ ဘုတ်ဆုံကွတွေ မဟုတ်ဘူး၊ ပြောချင်တာ တစ်ခုရှိလို့ နာမည်မေးတာ"

"ပြောပါ"

ဘုတ်ဆုံမ မျက်နှာခပ်စူစူ။

အသက်ကတော့ ဆယ့်ခြောက်နှစ်စွန်းစွန်းလောက်သာ ရှိသေးသည်။ သို့သော်လည်း ကိုယ်လုံးကိုယ်ထည်ကတော့ တကယ့်အပျိုကြီး ဟဲဗီး။ နံနက်ပိုင်း ထမင်းချိုင့်အလွတ်လာယူသည့် ဘုတ်ဆုံမသည် သူနှင့်အမြဲဆုံပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"နင်က ခန္ဓာကိုယ်နဲ့ လိုက်အောင် စကားအသံက တယ်ကြီးပါလား၊ ဒီမယ် ဘုတ်ဆုံမ"

"အင်း"

"နင်သေသေချာချာ နားထောင်သွား၊ ခုရက်ပိုင်းတွေမှာ နင်တို့ဆိုင်က လာပို့တဲ့ ထမင်းဟင်း စားရတာ ဘယ်လိုမှ မျိုမကျဘူး"

"စပါးလုံးတွေ ပါနေလို့လား၊ ထမင်းချက်ရင် စပါးလုံးကို စင်အောင်ကောက်ပြီးမှ ချက်တာ"

"ဟဲ့... ငါ ဒါကိုပြောတာ မဟုတ်ဘူး၊ ဘယ်နဲ့ဗျာ၊ ထမင်းလခကိုလည်း တစ်လ သုံးလေးသောင်း ယူထားသေးတယ်၊ ဟင်းချက်ကလည်းညံ့၊ ဟင်းကလည်းညံ့၊ နောက်ပြီး ဟင်းကလည်း တကယ့်ကို ဒါပဲဟင်း ဖြစ်နေပြီ"

"ဘာ ဒါပဲဟင်းလဲ"

"ဟ တစ်နေ့လာလည်းဝက်သား၊ တစ်နေ့လာလည်း ဆိတ်သား၊ ကြက်သား၊ နင်တို့ဆိုင်ရှင် အပျိုကြီးကို ပြောလိုက်စမ်း၊ အိမ်ကို လာကြည့်





စမ်းပါလို့၊ ကိုဖုန်းမြင့်ခေါင်နဲ့သူ့အဖေရုပ်က တစ်နေ့တစ်ခြား ဝက်ရုပ်၊ဆိတ်ရုပ်ပေါက်လာတယ်လို့"

ဘုတ်ဆုံမက ခိကနဲရယ်၏။ ရယ်ရင်းနှင့်ညာလက်မှာ ကိုင်ထားသည့် ထမင်းချိုင့်အလွတ်ကို ဘယ်ဘက်သို့ ပြောင်းသည်။

"ကြက်သား၊ ဆိတ်သားများ ညံ့ရတယ်လို့"

"တို့က ဒါချည်းနေ့တိုင်း စားချင်တာ မဟုတ်ဘူး၊ အပြောင်းအလဲလေးတော့ လုပ်မှပေါ့ဟ"

"နေ့တိုင်း ပြောင်းပေးနေတာပဲဟာ"

"တစ်ခါတစ်လေ ဒံပေါက်ကလေး၊ ထောပတ်ထမင်းလေး ပြောင်းထည့်ပေးပေါ့ဟ"

"ဒံပေါက် စားချင်ရင် မြို့ထဲသွား၊ ဘုတ်ဆုံမတို့ ထမင်းဆိုင်ကတော့ ဒံပေါက်နဲ့ထောပတ်ထမင်း လုံးဝ မရရေးချ မရပဲ"

ပြောပြီး ဘုတ်ဆုံမ ဘောက်ဆတ်ဘောက်ဆတ်နှင့် [illegible]ည့်ထွက်သွားသည်။ သူ ဘုတ်ဆုံမကို ခါးထောက်အကြည့် [illegible] ဖေဖေအိပ်ခန်းထဲမှ ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားက ဘုတ်ဆုံမကို သွားနောက်နေပြန်ပြီ၊ သူ့ဆိုင်ရှင်ကို သွားပြောနေရင် အားနာစရာ ဖြစ်တော့မယ်"

"ကောင်မလေးကို နောက်ချင်လို့ပါ"

"ထမင်းဆိုင်ကလည်း တစ်ခါတစ်ခါကျ ဖေဖေနဲ့သားအတွက်အလဟဿပါပဲလေ၊ ဖေဖေကလည်း အပြင်မှာစားတာများတယ်၊ သားကလည်း အပြင်မှာ စားတာများတယ်၊ ဘာပဲဖြစ်ဖြစ် ညနေစာကိုတော့ တို့သားအဖနှစ်ယောက် မျက်နှာချင်းဆိုင်စားကြရမယ်"

ဖေဖေစကားများအမှန်။ သို့သော်လည်း နံနက်စာကိုလည်း သူစားဖြစ်သည်က များသည်။ ဖေဖေ့ ဆောက်လုပ်ရေးလုပ်ငန်းမှာ သူတစ်ပိုင် တစ်နိုင်သာ ဝင်ပါဖြစ်သေး၏။

ဖေဖေ ရေချိုးခန်းဝင်တော့သူက ကားကိုအခန်းတွင်းမှ အပြင်ထုတ်သည်။ ကားစက်ရှိန်ကို နွေးထားပြီး လမ်းကို





အစ်ပတ်မောင်းလိုက်သေး၏။ ပြီးမှ ဖေဖေသွားရန်ကားကို အသင့်အနေထားမှာ ရှိစေသည်။

သည့်နောက် လက်ဖက်ရည် စားပွဲနားမှာ သူ ငြိမ်သက်နှာရှုပ်သည်။ လက်ဖက်ရည်စားပွဲကို ခပ်စိုက်စိုက်ကလေးကြည့်ပြီး ပင့်သက်အချမှာ ဖေဖေထံပါးသို့ ရောက်လာ၏။

"သားဘာတွေ စဉ်းစားနေသလဲဆိုတာ ဖေဖေသိပါတယ်ကွာ၊ ဝမ်းနည်းကြေကွဲမနေပါနဲ့ သားရယ်၊ သား မေမေရှိစဉ်တုန်းကတော့ သားနဲ့ ဖေဖေအိပ်ရာကနိုးတာနဲ့ လက်ဖက်ရည် ကော်ဖီ အသင့်ပဲပေါ့"

"ဟုတ်တယ် ဖေဖေ၊ သားအဲဒါကိုပဲ စဉ်းစားနေတာပါ၊ ဖေဖေကိုလည်း သနားတယ်"

"ဟား ...ဟား တို့သားအဖ တစ်ယောက်ကို တစ်ယောက်ပြန်သနားနေကြတာကိုး၊ ဒီမယ်သားရာ၊ လောကကြီးကို ဝမ်းနည်းကြေကွဲစိတ်တွေနဲ့ မကြည့်စမ်းပါနဲ့၊ သားနဲ့ ဖေဖေ့အတွက် အိပ်ရာနိုးနိုးချင်း ကော်ဖီလက်ဖက်ရည် အသင့်မရှိလို့



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝမ်းမနည်းနဲ့၊ ရန်ကုန်မြို့ကြီးမှာလက်ဖက်
ရည်ဆိုင်တွေ အများကြီးပါကွ၊ သားကြိုက်တဲ့
ဆိုင်မှာ သားသောက်နိုင်သလို ဖေဖေကြိုက်တဲ့
ဆိုင်မှာလည်း ဖေဖေ သောက်နိုင်တာပေါ့ကွ”

စကားကို အရယ်နှင့်ပြောသော်လည်း ဖေဖေ့ မျက်နှာက ကြေကွဲရိပ်ကို သူမသိဘဲ နေမလား၊ ဖေဖေ့ရင်ထဲမှာ မေမေသည် အမြဲရှိနေပါလိမ့်မည်။ ဇနီးမယားကို လွမ်းမင်းစွာ ချစ်မြတ်နိုးသော ဖေဖေသည် သူ့အသက်နှစ်ဆယ် စွန်းစွန်း ထိပင် နောက်အိမ်ထောင်ဆိုသည့် စကားကို လေသံမျှပင် မဟခဲ့။ စီးပွားရေးလုပ်ငန်းများမှာပင် စိတ်ကိုနှစ်ထားခဲ့သည်။

“သား ဒီနေ့ သံချောင်းတွေ သွားဝယ်ရမယ်နော်၊
သံကားနှစ်စီးလည်း လွှတ်ပါလို့ အကြောင်းကြား
လိုက်ဦး”

ဖေဖေပြောသမျှကို နံရံရှိ ဂိုက်ဘုတ်မှာ ရေးမှတ်သည်။ ဖေဖေထွက်သွားမှ သူ့အခန်းတံခါးသော့ပိတ်ပြီး ရေချိုးခန်း ဝင်ခဲ့သည်။

ဘဝက ဖအေတစ်ခု သားတစ်ခု။





ရပ်ကွက်သန့်ပြီး နှစ်ဆယ့်ငါးပေ၊ ပေငါးဆယ် ကျယ်ဝန်းသည့် တိုက်ခန်း အောက်ဆုံးထပ်ကို ဖေဖေနှင့် သူ ပြောင်းရွှေ့လာသည့်မှာ တစ်နှစ်မျှပင် ရှိပါသေး၏။

❊❊❊



www.burmeseclassic.com

www.burmeseclassic.com

# [၃]

တာဝန်များပြီးဆုံးသည်နှင့် ထိုင်နေကျ လက်ဖက်ရည်ဆိုင်သို့ ကားကို ဦးတည်လိုက်သည်။ သည်အချိန်ဆိုလျှင် ကျော်လတ် လက်ဖက်ရည်ဆိုင်မှာ ရောက်နှင့်လောက်ပြီ။

ကားကိုမှန်မှန်မောင်းရင်း ပန်နီစီတာဆိုသည့် ဇာတိမ၏ ပုံရိပ်ကလည်း အတွေးမှာ ဝင်လာသည်။

ပန်နီစီတာကလွယ်အိတ်နှင့်ပိတ်ရိုက်တော့ လွယ်အိတ်ကို ဆွဲလုပြီး လွှင့်ပစ်သည့် မြင်ကွင်း။

ဖုန်းမြင့်ခေါင် ရယ်လည်းရယ်ချင်၏။





အချစ်ကိုနှလုံးသည်းပွတ်တွေနှင့်ယှဉ်ပြီး ပြောတတ်သည့်ကောင်က အချစ်ကို ခပ်ကြမ်းကြမ်းဆက်ဆံလိုက်သည့် အပြုအမူ။

"နရင်းထရိုက်ဖို့ တော်တော်ကောင်းတဲ့ကောင်၊ လွယ်အိတ်ဆွဲလွှင့်ပစ်ပြီးမှ ငါ့များ စိတ်နာသွားမလား မသိဘူးလေး ဘာလေး လာလုပ်နေသေးတယ်"

တွေးရင်း ကားကို လမ်းလယ်ခေါင် တက်မောင်းသည့်အဖြစ်။ နောက်မှ ကားတစ်စီး၏ ကျော်တက်ရန် အချက်ပေးသည့် ဟွန်းသံကိုလည်း သူမကြား။

"တီ...တီ...တီ...တီ"

ထပ်ဆင့်တီးလာသည့်ဟွန်း။

နောက်ကြည့်မှန်ဆီအကြည့် ရောက်သွားပြီး ကားကို ညာဘက်သို့ အသာတိမ်းအပေးတွင်...

"နောက်ကနေ ဆောင့်တိုက်လိုက်လို့ ငရဲပြည်ကို အကြွေတစ်မတ်မပါဘဲနဲ့ ရောက်သွားမယ်"

ကားပေါ်မှ လွှင့်ထွက်လာသည့်အသံ။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်အမီဆုံးသော နေကာမျက်မှန်ကို တပ်ဆင်ထားပြီး ကားပေါ် ကြမ်းကြမ်းမောင်းထွက်သွားမှုကို စိတ်က ဘယ်လိုမှ မတွေ့။

ဆုံးဖြတ်ချက်ကို သူချလိုက်သည်။

အသွားအလာရှင်းသည့် သည့်လမ်းမကြီးပေါ်မှာ သည် ဝတ်မကို မမီနိုင်စရာ အကြောင်းမရှိ။

❋❋❋

ကားကိုရှေ့မှ ခပ်မိုက်မိုက်ပင် ကန့်လန့်ဖြတ် ရပ်ပစ် လိုက်၏။

"ကျွီ"

ဘရိတ်နင်းမိသံနှင့်အတူ ကားကတုံ့ခနဲ ရပ်သွားသည်။ ကားပေါ်မှ အမျိုးသမီးက တပ်ထားသည့် မျက်မှန်ကို ဆွဲချွတ် လိုက်ပြီး...

"ဒါဘာလုပ်တာလဲ"

"လုပ်ထားတာကို မမြင်ဘူးလား"





"ရှင် ရှေ့ကဖယ်နော်၊ ဝင်မတိုက်ရဲဘူးလို့တော့ မထင်နဲ့"

"ဟား...ဟား အတိုက်ခံရဲလို့ ရှေ့ကပိတ်ရပ်တာ လေ၊ ခင်ဗျားလေး သတ္တိကောင်းရင် အောင်းထည့် လိုက်စမ်းပါ"

တင်းသွားသည့် မျက်နှာထား။

ကားပေါ်မှမဆင်းဘဲ အကြည့်ကတော့ စူးရဲလွန်း၏။

"နေပါဦး ဒါဘာသဘောနဲ့လုပ်တာလဲ"

"စောစောက ကားချင်းကပ်ပြီး ပြောသွားတယ် လေ၊ မိနစ်ပိုင်းပဲ ရှိသေးတယ်၊ ဘာမှ မမှတ်မိစရာ အကြောင်းမရှိဘူး"

သူမ မျက်လုံးမှေးစင်းသွားသည်။

"သြော်၊ ငရဲပြည်နဲ့ အကြွေတစ်မတ်ကိုစွကို မကျေ နပ်လို့လား"

"သိပ်ဟုတ်တာပေါ့၊ တကယ်ဆို ဟွန်းသုံးလေး ချက်တီးတာနဲ့ လုံလောက်တယ်၊ ခင်ဗျားလေးပါး စပ်က အမင်္ဂလာစကားကို ဘာမှ ဆိုစရာမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ထုံးစံစကား ဆိုရတာပဲ"

"ထုံးစံစကား ဟုတ်လား"

ဖုန်းမြင့်ခေါင် မျက်မှောင်ကြုတ်လိုက်၏။ တေမိမဟန်က ပမာမခန့်ဟန်။ တစ်လောကလုံး လူမထင်သည့်ဟန်။

"မကျေနပ်ရင်လည်း လဲသာ သေလိုက်၊ ယူ့ကို တို့ ဒီလောက်အချိန်ကြာကြာ စကားပြောစရာ အကြောင်း မရှိဘူး၊ ပြီးတော့ ရုပ်ရှင်တွေ ဗွီဒီယို တွေထဲကလို ဇာတ်လာဖွင့်ဖို့တော့ မကြိုးစားနဲ့၊ ယူ့ကို မြင်တာနဲ့ အော့နှလုံးနာတယ် သိလား"

"ဘာကွ"

ဖုန်းမြင့်ခေါင်၏ ဘာကွဆိုသည်ကြီးက နောက်၊ တေမိမက ကားကို ဘက်ဂီယာသွင်းပြီး နောက်ဆုတ်သည်။ ပြီးနံဘေးမှ ဝေါခနဲ မောင်းထွက်သွားပါ၏။

"တောက်...ကောင်မ၊ ငါ့ကို အနိုင်နဲ့ ပိုင်းသွားတယ်"





သူ ဒေါသတကြီး ဖြစ်နေဆဲမှာပင် ကားကလေးက အဝေးဆုံးနေရာသို့ ရောက်ရှိသွားပါ၏။

❊❊❊

"မင်းက ပြန်လိုက်ပါလားကွ၊ သည်လိုတေမိမမျိုးကို ထိုက်ထိုက်တန်တန် ပညာပေးရတယ်"

လက်ဖက်ရည်ခွက်ကို မ,ယူရင်း ကျော်လတ်က မကျေမနပ် ပြော၏။

"စဉ်းစားသေးတယ်၊ ဒါပေမယ့် တေမိမက ကားကို ရေရေလည်လည် မောင်းသွားတာ"

"မင်း သူ့မျက်နှာကို သေသေချာချာ မှတ်ထားလိုက်လား"

"သူ့ရုပ်များ ခွေးချီသွားတောင် မှတ်မိတယ်"

"ချောလား"

သူ ကျော်လတ် မျက်နှာကို ဖျတ်ခနဲ ကြည့်သည်။ ဒီအမေး စကားကြီးအပေါ်မှာတော့ သူဘာယ်လိုမှ စိတ်ဝင်စားခြင်းမရှိ။ သို့သော်လည်း...

"ချောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လုံးအလှက…"

"ဟာ… အဲဒါတော့ ငါဘယ်သိမလဲ၊ သူက ကားပေါ်ကဆင်းပြီး ရန်တွေ့တာမှ မဟုတ်တာ၊ မင်းကလည်း နှာခေါင်းမီးက တောက်ချင်သေးတယ်"

"ပိုပြီး မှတ်မိအောင် ငါက မေးနေတာပါ"

"မပူနဲ့ ကျော်လတ်၊ လုံးဝကို မှတ်မိတယ်၊ ဒီတစ်ခါတွေ့လို့ကတော့ မင်းသိတယ် မဟုတ်လား၊ ဖုန်းမြင့်ခေါင်ဆိုတဲ့ကောင်က မိန်းမတွေကို အချဉ်လို့ သဘောထားတာ"

ကျော်လတ်က ခေါင်းတညိတ်ညိတ် ပြုသည်။

"နောက်ပြီး ငါက မိန်းမဆို ငါ့အမေက လွဲလို့ ဘယ်သူမှ ကြည့်ရခဲ့တာ မဟုတ်ဘူး"

"မင်း အချစ်ကိုမတွေ့သေးလို့ ဒီစကားမျိုး ပြောတာပါ ဖုန်းမြင့်ခေါင်"

"ပြောရဲတာပေါ့ကွာ၊ အချစ်ကို တွေ့စရာအကြောင်းလည်း ငါ့မှာမရှိဘူး၊ ဘာဖြစ်လို့လဲဆို တော့ ငါက မင်းလိုအချစ်ကိုရှာနေတဲ့ကောင်မှ မဟုတ်တာ၊





ငါ့ဘဝမှာ ငါ့အမေရယ်၊ ငါမြတ်နိုးတဲ့တံခါးနှစ်ပေါက် ဆီလီကာ ကားနက်ကလေးရယ်၊ သိပ်ချစ်တဲ့ သူငယ်ချင်း မင်းဆိုတဲ့ ကောင်ရယ်ပဲရှိတယ်"

"အေးပါလေ နောက်မှ သူငယ်ချင်းရေ မင်းတို့ထက် ချစ်ရမယ့်သူ တွေ့လာပြီကွလို့လာ မပြောနဲ့၊ ဆောင့်ကန်ခံရမယ်"

"ဟား…ဟား…မျက်နှာကို ကြည့်ထားလိုက်စမ်း၊ ကျော်လတ် လုံးဝပဲကွ နားလည်လား"

ကျောက်လတ်က ပြုံးရင်း စီးကရက် ငွေ့ကို ရှိုက်သည်။ …ာက်တာကတ်ဆက်မှ အချစ်သီချင်းတစ်ပုဒ် လွင့်ထွက်လာ၏။

"ယနေ့လူငယ်တွေရဲ့ အချစ်ခံစားမှုတွေဟာ သိပ်ပြီးအဆင့်အတန်း မြင့်လာတယ် ဖုန်းမြင့်ခေါင်"

သူက စီးကရက်ကို ခဲထားရင်း ငြိမ်ပြီး နားထောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စတီရီယို သီချင်းတွေကို သုံးသပ်လိုက်ရင် ကိုလို လူငယ်တွေရဲ့ အချစ်ခံစားမှု ဘယ်လောက်နက်ရှိုင်းတယ်ဆိုတာ ပေါ်လွင်တယ်"

"အချစ်ဟာ အချစ်ပါပဲကွာ၊ ငါလည်း မင်းလို ဂစ်တာခေါက်တဲ့ကောင်ပါ၊ ဒါပေမယ့် ဒါတွေကို စစ်စစ် ပေါက်ပေါက် မတွေးဘူး၊ ဆိုလို့ကောင်းရင် ဆိုလိုက်တာပဲ"

"အချစ်ခံစားမှုနဲ့ဆိုတော့ ပိုကောင်းတာပေါ့"

"ကဲ...ကိုဖီလင် မင်းပန်းစီတာတို့ဖက်သွားဦးမှာလား"

"အာ... သွားမှာပေါ့ကွ၊ သွားချင်လွန်းလို့ မင်းကို ဒီမှာ ချိန်းထားတာပဲဟာ"

စားပွဲထိုးလေးကို လှမ်းခေါ်ပြီး လက်ဖက်ရည်ဘိုး ရှင်းသည်။ ပြီး ကားဆီသို့ လျှောက်ခဲ့ကြ၏။

ကားဘီးအလိမ့်တွင် သူက...

"ငါမသိလို့ မေးချင်တယ် ကျော်လတ်"





"ဘာကို မေးမှာလဲ"

"နေ့တိုင်း ပန်းစီတာတို့ခြံရှေ့ကို ငါက ကားမောင်းပို့ရတယ်၊ ပန်းစီတာကိုလည်း တစ်ခါတစ်လေမှ တွေ့ရတာ၊ တွေ့ရင်လည်း ဟိုက မျက်စောင်းကြီး တခဲခဲနဲ့၊ အဲဒါများ မင်းက အပင်ပန်းခံ မျှော်လင့်တကြီးနဲ့ကွာ"

"ငါက သူ့ကို ချစ်တဲ့သူကိုးကွ"

"သူက မင်းကိုမှ မချစ်တဲ့ဟာ"

"အချစ်ဆိုတာ သနားမှုက မြစ်ဖျားခံလာတာ ဖုန်းမြင့်ခေါင်ငါ့အချစ်တွေကို ပန်းစီတာ နားလည်လာတဲ့ တစ်နေ့ကျ သူငါ့ကို ချစ်လာမှာပါ၊ ပြီးတော့ ကိုယ့်ချစ်သူ အိမ်ရှေ့ကို တစ်နေ့တစ်ခေါက် မှန်မှန်နောက်ပြီး ရင်ခုန်ရတဲ့ ခံစားမှုက တကယ့်ကို ကြည်နူးစရာ ကောင်းတာ"

"အင်း မင်းရဲ့ အချစ်ဒဿနတွေကို ငါ လိုက်မမီတော့ဘူး"

သူ ကားကို ခပ်မှန်မှန်သာ မောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းစီတာတို့ခြံရှေ့ရောက်တော့ မလှမ်းမကမ်းရှိ ငုံ တောက်ပင်ကြီးအောက်မှာ ကားကိုရပ်သည်။ ကျော်လတ် မျက်လုံးကတော့ ပန်းစီတာတို့ ခြံထဲဝဲလည်လှည့်နေ၏။

"တွေ့လား မင်းဟာမ"

"မတွေ့ဘူး"

"စိတ်မရှည်စရာကြီးကွာ၊ မင်းသူတို့ခြံထဲဝင်တွေ့ ပါလား"

"အချုပ်ထဲ ရောက်အောင်တွန်းပို့နေပြန်ပြီ"

"ဘာလို့ရောက်ရမှာလဲ၊ လာလည်တာပေါ့ကွ၊ သူ့ဘာသာသူထွက်မတွေ့တာ တစ်ပိုင်းပေါ့"

"တော်ပါပြီ ကိုယ်တော်၊ တစ်နေ့တစ်ခေါက်မှန် မှန်နောက်နေရတာကိုပဲ ကျေနပ်နေပြီ၊ ကဲ... မောင်းတော့"

"မင်းဟာကလည်း ဘာလဲကွ၊ အေးအေးဆေးဆေး ရပ်နေပါဦးလား"

"လုံလောက်သွားပြီ"

ကျော်လတ်မျက်နှာ ရယ်ကျဲကျဲ။





ကားဘီးလိမ့်ထွက်တော့ လက်ပြလိုက်သေးသည်။

"တွေ့လို့လား"

"အေး...အေး..."

သြော်... အချစ်ဆိုတာ ခပ်ကြောင်ကြောင် အလုပ်ပါ လားဟု ဖုန်းမြင့်ခေါင် နားလည်မှတ်သားလိုက်မိပါ၏။

❊❊❊



www.burmeseclassic.com

www.burmeseclassic.com

[၄]

"သူ့မေမေ ဆုံးသွားပြီးတဲ့ နောက်ပိုင်းသားဟာ ကျွန်တော့် လက်ပေါ်မှာ ကြီးပြင်းခဲ့ရတာ ဦးထွန်းစံ၊ ဖခင်ရဲ့အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းရတော့ သားဟာ သိမ်မွေ့သင့်သလောက် မသိမ်မွေ့ဘူးပေါ့၊ သားက စကားပြော အပြုအမူ ရိုင်းရိုင်းစိုင်းစိုင်းရှိပေမယ့် စိတ်ရင်းစေတနာတော့ တော်တော်ကောင်းပါတယ်"

ရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်နေသော ဦးထွန်းစံကို ကြည့်ပြီး ဦးအောင်ဖုန်းက စကားကို တစ်လုံးချင်း ပြောသည်။





"ကျွန်တော်အနေနဲ့ကလည်း သားကို မိခင်လို အစစ အရာရာ လိုက်ပြီး မသွန်သင်နိုင်ဘူးလေ၊ သားကို အထူး လေးလေးနက်နက်ထားပြီး ဆုံးမ တာတော့ ရှိတယ်၊ ဘဝကိုတွေးပြီး ဝမ်းမနည်းရဘူး၊ လောကနဲ့ လူတွေကို မာနနဲ့ကြည့်ရမယ်၊ အဲဒါတော့ ကျွန်တော်ဆုံးမတယ်၊ ဆုံးမသလို သားကလည်း လိုက်နာတယ် ဦးထွန်းစံ၊ သူ စီးပွားရေးကိုလည်း စိတ်ဝင်စားတယ်၊ ကျွန်တော့်လုပ်ငန်းမှန်သမျှကို သူတတ်ကျွမ်းတယ်၊ လူငယ်သဘာဝ သွားသွားလာလာ ဝတ်ဝတ်စားစားတော့ ရှိတာပေါ့လေ၊ အဲဒါကိုလည်း ကျွန်တော်က လိုလိုလားလား ခွင့်ပြုထားပါတယ်"

ဦးထွန်းစံက စကားများကို အာရုံစိုက်နားထောင်သည်။

"ကျွန်တော်က စီးပွားရေးမှာ နှစ်ထားတော့ သားနဲ့ ဆုံစည်းချိန်က ညနေနောင်းပိုင်းပဲရှိတယ်၊ လုပ်ငန်းခွင်မှာတော့ ဆုံတာပေါ့လေ၊ သားကလည်း တော်ပါတယ်၊ လူငယ်သဘာဝ နေတတ်ပေမယ့် အရက်တို့ ဖဲတို့ မရှိဘူး၊ ကျွန်တော်လေ့လာကြည့်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မိန်းမကိစ္စလည်း စိတ်ဝင်စားပုံမရဘူး၊ မူးယစ်ဆေးဆိုရင်တော့ ဝေးရောပဲ၊ အဲဒါကိုကပဲ ကျွန်တော် သားအပေါ် အကျေနပ်ဆုံးဖြစ်နေပြီ”

“အမေကလည်း မရှိ၊ ဖအေကလည်း အလိုလိုက် ဒီလိုသားမျိုး မပျက်စီးတာ ရှားရှားပါးပါးပါပဲ ဆရာ”

“ဦးထွန်းစံလည်း သားကို သိသားပဲ၊ ဒီကောင် ကြွပ်ဆတ်ဆတ်ပုံစံသာ ရှိတာ၊ အဖေ့စီးပွားရေး လုပ်ငန်းတွေကျ တကယ့်လူကြီး တစ်ယောက်လို စွမ်းဆောင်တတ်တယ်”

စကားကောင်းဆဲဝယ် အိမ်ရှေ့သို့ကားရပ်လာသည့် အသံကို ကြားသည်။

“သားတောင်ပြန်လာပြီပဲ”

အိမ်ထဲရောက်တော့ ‘ဖေဖေတောင်ပြန်ရောက်နေမှ’လို့ ဆိုပြီး ကားသော့ကို ချိတ်မှာချိတ်သည်။

“ဒါဆိုရင် ကျွန်တော့် အဝတ်သေတ္တာလေး ပြန်ယူ ဦးမယ်ဆရာ”





“ကောင်းပြီဦးထွန်းစံ၊ ဒီနေ့ဟာ ဦးထွန်းစံကျွန်တော် တို့ သားအဖရဲ့ဘဝထဲ ဝင်လာတဲ့နေ့လို့ သတ်မှတ်ရမှာပဲ”

“ဆရာရဲ့ ကျေးဇူးတွေ ကျွန်တော့်အပေါ်များ လှပါ ပြီ၊ ကျွန်တော့်ဘဝကတစ်ကောင်ကြွက်ပါ၊ အားကိုး စရာဆိုလို့ ဆရာတို့ သားအဖပဲ ရှိပါတယ်”

ဖခင်ရှေ့မှ ရိုရိုကျိုးကျိုး ထွက်ခွာသွားသော ဦးထွန်းစံ ကိုဖုန်းမြင့်ခေါင်က မျက်မှောင်ကြုံ့ပြီး ကြည့်လိုက်၏။

***

“ဦးထွန်းစံကို သားသိပါတယ်၊ ကျောက်မြောင်းက ရှစ်ထပ်တိုက်ဖေဖေဆောက်တုန်းက ပစ္စည်းစောင့် ထားခဲ့ဘူးတယ်လေ”

“မှတ်မိတယ် ဖေဖေ၊ ခု သူ့ဘာဖြစ်လို့လဲ”

ဦးအောင်ဖုန်းက လက်ထဲမှ စီးကရက်တိုကို ပြာခွက်ထဲ ထိုးထည့်လိုက်ပြီး အသစ်တစ်လိပ် ထုတ်ယူမီးညှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ မှီခိုအားထားရမယ့် သူမရှိဘူးသား၊ ဖေဖေ လေ့လာစုံစမ်းတွေ့သိရသလောက် သစ္စာတော် တော်ရှိတဲ့လူကြီးပဲ၊ ပြီးတော့ ဦးထွန်းစံက အရင် က ဟိုတယ်တစ်ခုမှာ ထမင်းချက်ဟင်းချက်လုပ်ခဲ့ ဘူးတယ်"

ဦးအောင်ဖုန်းက စကားတန့်ပြီး စီးကရက်ကို ရှိုက် သည်။ အငွေ့ကို အဆုပ်တွင်းမှ ခပ်ပြင်းပြင်းမှုတ်ထုတ်လိုက် ပြီး....

"ဖေဖေနဲ့ သားအတွက် သစ္စာရှိတဲ့အဖော်လိုအပ် တယ် မဟုတ်လား၊ ချက်ပြုတ်ရေးတာဝန်နဲ့အိမ် ကိစ္စအဝဝကို ဦးထွန်းစံက တာဝန်ယူနိုင်တယ်လေ၊ သူ့ကိုကြည့်ရှုခေါ်ထားခြင်းဟာလည်း ဘဝတစ်ခု ကို ကယ်တင်ရာရောက်တယ်သား"

"အဆင်ပြေတာပေါ့ဖေဖေရာ၊ သားလည်း အိမ် ဟင်း အိမ်ထမင်းကို စားချင်ပါပြီ၊ တနင်္ဂနွေလိုနေ့





မျိုးတွေကျရင်တော့ ဦးထွန်းစံကို တရုတ်ဟင်း ကောင်းကောင်း ချက်ခိုင်းရမယ်"

"ဒါဆို သားမှာ ကန့်ကွက်စရာ မရှိဘူးပေါ့"

"လုံးဝ မရှိပါ ဖေဖေ"

ဦးအောင်ဖုန်း နှစ်နှစ်ခြိုက်ခြိုက်အပြုံး။

သည့်သို့နှင့် ဦးထွန်းစံသည် မိမိတို့ ဘဝထဲသို့ ရောက် ရှိလာခဲ့သည်။

✲✲✲



www.burmeseclassic.com

www.burmeseclassic.com

[၅]

"ထိုင် ကျော်လတ်"

ပလပ်စတစ်ထိုင်ခုံကို ထိုးပေးသည်။

ကျော်လတ်က ဝင်ထိုင်ရင်း အကြမ်းထည်အားလုံး ပြီးစီးနေသော ခုနစ်ထပ်တိုက်ကြီးကို မော့ကြည့်၏၊ အပေါ်ထပ်မှ ပန်းရံ၊ လက်သမားတို့၏ စကားသံ၊ သီချင်းသံများကို ကြားနေရသည်။

"မင်းအဘိုးကြီးလက်ရာက တော်တော်ကို ခေတ်မီတာပဲ ဖုန်းမြင့်ခေါင်"

"ဘာလဲ ဖေဖေ့ကို အဘိုးကြီးလို့ ပြောတာလား"

ကျော်လတ်က ပြုံးပြီးခေါင်းညိတ်၏။





"မင်းကလည်း ဖေဖေ့အသက်ငါးဆယ်တောင်မပြည့်သေးပါဘူးကွာ၊ အဘိုးကြီးမဖြစ်သေးပါဘူး"

"သဘောခေါ်တာပါကွ၊ အန်ကယ်ဦးအောင်ဖုန်းဘယ်လိုနေပျိုတယ်ဆိုတာ ငါသိတာပေါ့"

"ဟုတ်တယ်၊ ဖေဖေက အရမ်းနုတယ်၊ သူ့သူငယ်ချင်းတွေအိမ်ကို လာလည်ရင် ငါနဲ့ ဖေဖေ့ကို ညီအစ်ကိုလို့ ထင်ကြတာ၊ ဖေဖေကတော့ အမှတ်ပြည့်နဲ့ တဟဲဟဲပေါ့ကွာ၊ ငါမှာသာ အောင့်တီးအောင့်သက်နဲ့ခံရတာ"

"မင်းကလည်း သားအဖချင်း မနာလို ဖြစ်နေပြန်ပြီ"

ကျော်လတ်က ပြောရင်းအကြည့်တွေက လုပ်ငန်းခွင်ဆီရောက်နေသည်။ ခုတလော ဒီကောင် စီးပွားရေးလုပ်ငန်းတွေ စိတ်ဝင်စားနေသည်ကို သူသတိပြုမိ၏။

"အန်ကယ်က ကန်ထရိုက်လုပ်ငန်းကို ရှယ်ယာအသွင်းခံပြီး လုပ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဖေဖေက သူ့လုပ်ငန်းကို နိုင်နင်းတယ်၊ ကျွမ်းကျင်တယ်၊ အစုရှယ်ယာ ဘယ်သူ့ကိုမှ အဝင်မခံဘူး၊ ဘာလဲ မင်း ပါချင်လို့လား"

ကျော်လတ်က ပြုံးပြုံးနေ၏။

"ဖေဖေ ငါ့ကို လုပ်ငန်းခွဲပေးတော့မှပါ၊ ငွေလိုလို့တော့ မဟုတ်ဘူး၊ တို့သူငယ်ချင်းနှစ်ယောက် အမြဲဆုံတွေ့နေရအောင်ပေါ့"

"ကောင်းတာပေါ့ကွာ၊ အန်ကယ် မင်းကို လုပ်ငန်းခွဲပေးမယ့် အချိန်ကို ငါမျှော်လင့်နေမယ်၊ မင်းစကားတည်ပါစေနော်"

"ယောကျ်ားစကားကွာ"

ပန်းရုံအလုပ်သမားလေး တစ်ယောက်လက်ဖက်ရည်နှစ်ခွက်လာပို့သည်။

"ဘာလုပ်တာလဲ"

"အစ်ကိုတို့သောက်ဖို့ပါ"





"မင်းတို့ကလည်း အပိုတွေ လုပ် မနေစမ်းပါနဲ့၊ ဘာလဲ တို့ကို လက်ဖက်ရည်တိုက်တာ မင်းက တော်တော်ချမ်းသာနေလို့လား"

"စေတနာနဲ့ လေးစားမှုပါ အစ်ကိုရ၊ သည်နေ့ လုပ်ခတွေ ရှင်းမှာမို့ ကျွန်တော်တို့ အရမ်းပျော်နေကြတာ"

"အေး... ပျော်ရင်ကိုယ့်လက်ဖက်ရည် ကိုယ်ပြန်သောက်ကြ"

လာပို့သည့် ကောင်ကလေးမျက်နှာ ရယ်ရမလို ငိုရ မလို၊ သက်ဖက်ရည်ခွက်ကို ပြန်ယူသွားတော့ ကျော်လတ် က...

"မင်းကလဲကွာ၊ သူတို့စေတနာကို တန်ဖိုးထားဖို့ ကောင်းပါတယ်၊ ကောင်လေးတွေခမျာ မေတ္တာနဲ့ တိုက်ရှာတာပါ"

"ငါကလဲ မေတ္တာနဲ့ ငြင်းလိုက်တာပဲဟာ၊ သူတို့ လုပ်ခတွေက ဘာမှရှိတာ မဟုတ်ဘူး ကျော်လတ်၊ ဒါကို ငါ ဘယ်သောက်ရက်မလဲ၊ ပန်းရုံမှာ လူကြမ်းဆိုတာ ရှိတယ်၊ အောက်ခြေသိမ်း အကျင့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ် လုပ်တဲ့သူပေါ့ကွာ၊ ငါက သူတို့တစ်နေ့ဝင်ငွေကို သိနေတာ ဘယ်လိုလုပ်ပြီး သူတို့ တိုက်တဲ့ လက်ဖက်ရည်ကို သောက်ရက်မလဲ"

"မသောက်ရက်လည်း ဖျောင်းဖျောင်းဖျဖျ ပြောပေါ့"

"ငါစကားကို ရိုးရိုးပဲ ပြောတတ်တယ်"

သည့်နောက် ကျော်လတ်ကို အပေါ်ထပ်တက်ပြသည်။ တိုက်ခန်းတစ်ခန်း၏ တန်ဘိုးနှင့် ကုန်ကျစရိတ်ကို သူက ကျော်လတ်ကို တွက်ပြသည်။

"ဖေဖေက တစ်ခြမ်းပေးတစ်ခြမ်းယူဘယ်တော့မှ မဆောက်ဘူး၊ မြေကွက်ကို အပြတ်ဝယ်ပြီး ဟောတိုက်(ပ်)ဆောက်တာ၊ ကျယ်ကျယ်ဝန်းဝန်းနဲ့ ဈေးကိုလည်း တန်းမြင့်မြင့် တင်လို့ရတယ်"

"မင်းတို့မှာ ငွေတွေထားစရာ နေရာရှိသေးရဲ့လား"

"ဟား...ဟား... ကန်ထရိုက်လုပ်ငန်းနဲ့ စီးပွားဖြစ်တာကလည်း တစ်ပိုင်းပေါ့ကွာ၊ ဒါပေမယ့်တို့ ဘိုးဘိုးနဲ့ဘွားဘွားဘယ်လောက် ချမ်းသာတယ်ဆိုတာ မင်းကို ငါပြောဖူးပါတယ်"





ကျော်လတ်က ခေါင်းညိတ်သည်။ ပြန်ခါနီးတွင် ...

"ညကျ ငါအိမ်က စောင့်နေမယ်နော်"

"ပန်းစီတာတို့ဘက် သွားမလို့လား"

"အေး... ငါဒီည သီချင်းတစ်ပုဒ် သိပ်ဆိုချင်နေတယ်၊ မင်းက ဂစ်တာလေးခေါက်ပေးရုံပါ"

ဒီကောင်အချစ်ရောဂါက အတော့်ကို အခြေအနေဆိုးနေပြီပဲ။ ဖုန်းမြင့်ခေါင် မျက်နှာတော့ ခပ်လှုပ်လှုပ် ဖြစ်နေသည်။

❊❊❊

လသာညဟု ဆိုရပါမည်။

သူက စီးကရက်ကို ခဲရင်း ဂစ်တာကြိုးကိုညှိလိုက်၏။

ရေမြောင်းကြီး အုတ်ဘောင်ပေါ်မှာ ထိုင်ပြီး ကျော်လတ်၏ အကြည့်က ပန်းစီတာတို့ ခြံကြီးဆီသို့ ရောက်နေ၏။

"ကြည့်လည်း လုပ်နော်၊ ပြဿနာတွေတက်နေဦးမယ်"



F-4

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘာသာကိုယ်သီချင်းဆိုတာပဲကွ၊ ဘာလို့ ပြဿနာတက်ရမှာလဲ"

သူဘာမှမပြောတော့။

ညလေအေးတချို့မှာ ဂစ်တာကြိုးကို လက်ညှိုးနှင့် တို့ခတ်လိုက်၏။ လေအေးနှင့်အတူ ညမွှေးပန်းနံ့က ရောထွေးပါလာ၏။

× × အချစ်ရေ့...ဦးနှောက်ထဲမှာ မင်းအကြောင်း...
ဖိတ်လျှံနေတယ်ဆိုတာသိလား...ဘာလုပ်လုပ်
မင်းကို မှန်းပြီး စိတ်ထဲက တိုင်ပင်တယ်...
အချစ်ရေ့...နေလို့မှ ကောင်းရဲ့လား အချစ်...
အိပ်လို့ ပျော်ပါစေ...

"ကျော်လတ်"

ခေါ်သံကြောင့် သီချင်းသံ တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ ဖုန်းမြင့်ခေါင်ကိုလည်း မျက်နှာရှုံ့မဲ့မဲ့နှင့် ကြည့်၏။

"ဘာလဲဟ"





"မင်းက အချစ်ရေ အချစ်ရေနဲ့ ခံစားလို့ ကောင်းနေ ခြင်က ရေရေလည်လည်ကိုက်တယ်ကွ"

"ခြင်ကိုက်ရင် စီးကရက်ငွေ့နဲ့မှုတ်ထုတ်ပြီး မောင်းကွာ"

"ဟော့ကောင်၊ ကိုက်တဲ့ခြင်က ငေါ်ဇီလာလောက်ရှိတယ်ကွ"

"ရော်...ခက်ပါလား ဖုန်းမြင့်ခေါင်၊ ခဏလောက်သည်းခံကွာ၊ ခုဆို ငါ့သီချင်းသံကြားပြီး ပန်စီတာဖီလင်တွေ စွတ်တက်နေလောက်ပြီကွ"

"မင်းရဲ့ နှလုံးသားကိစ္စမှာ ငါ့ဝဋ်ဒုက္ခက အတော်ကို ကြီးပါလားကွာ"

ကျော်လတ် သီချင်းကို ဆက်ဆို၏။

× × × အချစ်ရေ့...တို့နှစ်ယောက်နီးဖို့အရေး...
ကျိတ်ပြီးကြံစည်နေတယ်...အချစ်ရေ့...ဘာဖြစ်ဖြစ်
နောက်ဆုတ်မပေးဘူး...မင်းကို ပိုင်ဆိုင်ချင်တယ်..
အချစ်ရေ့...မင်းကော ငါ့လိုပဲလား × × × ...



www.burmeseclassic.com

www.burmeseclassic.com



"ခွမ်…ချလွမ်"

သီချင်းသံက မဆုံးသေး။

လမ်းမပေါ်သို့ ကျလာသည့် ပုလင်းတစ်လုံးက ရှေ့မှာ ခွမ်ခနဲ ကွဲသည်။ ဂစ်တာအတီးကို ရပ်ပြီး ဖုန်းမြင့်ခေါင် အုတ်ဘောင်ပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းလိုက်၏။

အခြေအနေကို နားလည်လိုက်မှုနှင့်အတူ ပန်းစီတာတို့ ခြံထဲမှ မိမိတို့ အရွယ်လူငယ်သုံးဦး ထွက်လာကြသည်။

"ပန်းစီတာရဲ့ အစ်ကိုနဲ့ မောင်တွေ ဖုန်းမြင့်ခေါင်"

"ဒါတွေ ငါ နားမလည်ဘူး၊ ပြဿနာလာရှာရင်တော့ မီးထွန်းပေးလိုက်မယ်"

အနေအထားကို အသင့်လုပ်ထားသည်။

ထင်ထားသည့်အတိုင်းပါပဲ။

မျက်နှာတွေက သုန်သုန်မှုန်မှုန်။ ပြေပြေပြစ်ပြစ် ဆိုရန် စကားအနေအထားသို့ မည်သို့မှ ရောက်ရှိလာမည် မဟုတ်သည်ကိုလည်း ဖုန်းမြင့်ခေါင် သိလိုက်၏။

"မင်းတို့တော်တော် သီချင်းဆိုကောင်းတဲ့ကောင်တွေပဲကွ"





အစ်ကိုအကြီးဆုံး ဖြစ်ဟန်တူသူ၏ ခပ်ဆတ်ဆတ် အမေးစကား။ ကျော်လတ်ကတော့ မတော်ရသေးသည့် ယောက်ဖသုံးကောင်၏ မျက်နှာကို မျက်နှာငယ်လေးနှင့်ကြည့်သည်။ ဖုန်းမြင့်ခေါင်ကတော့ ရှေ့ကို ခြေတစ်လှမ်းတိုးပြီး…

"ဒါတွေကို မင်းပြောနေစရာ မလိုပါဘူး၊ မင်းတို့က ဘာလို့တို့ကို ပုလင်းနဲ့ ပေါက်ရတာလဲ"

"ဟား…ဟား… မေးဖို့လိုသေးလားကွ၊ ပုလင်းနဲ့ပေါက်တယ်ဆိုမှတော့ မင်းတို့ကို အမြင်ကတ်လို့ပေါ့၊ မင်းတို့ငါ့နှမကို လာကြဲနေတယ်ဆိုတာ တို့သိတယ်၊ ဘာလဲကွ၊ သီချင်းထဲမှာ နေလိုမှကောင်းရဲ့လား၊ ဟုတ်လား၊ ငါ့နှမ ပန်းစီတာ သိပ်နေကောင်းတာပေါ့ကွာ၊ နေကောင်းတဲ့အပြင် အိပ်လို့လည်း အရမ်းပျော်တယ်"

"ဒါဆိုပြီးတာပဲလေ၊ ကျုပ်သူငယ်ချင်းကလည်း အဲဒီ နှစ်ချက်ကိုသိချင်လို့ သီချင်းဆိုပြီး လာမေးတာ၊ ကဲ…ကျော်လတ် မင်းသိပ်ချစ်တဲ့ ပန်းစီတာ



www.burmeseclassic.com

www.burmeseclassic.com



နေလည်း ကောင်းတယ်၊ အိပ်လည်းပျော်တယ်လို့
သူ့အစ်ကိုတွေက လာပြောနေကြတယ်၊ ကျေနပ်
ပါတော့ကွာ၊ လာ... တို့ပြန်ကြမယ်"

နှစ်ယောက်သား လှည့်ထွက်မည့် အပြုတွင် တေိနှစ်ကောင်က ရှေ့မှ ကာဆီးရပ်လိုက်၏။

"ဒီအတိုင်း လှည့်ပြန်သွားလို့ ရမလားကွ၊ ကဲ
နည်းနည်းပါးပါး မှတ်လောက်သားလောက် က
လေးပေါ့ကွာ"

စကားနှင့်အတူပါလာသည့် တိုက်ခိုက်မှု။

သူတို့ခါးကြားမှာ ထိုးထားသည့် တုတ်လုံးများကို ကိုယ်စီထုတ်ပြီး တိုက်ခိုက်သည်။ ကျော်လတ်က ပေပြီး ငုံ့ခံသော်လည်း ဖုန်းမြင့်ခေါင်က စွမ်းသမျှ ခုခံသည်။

ရပ်ကွက်လူကြီးများ ရောက်လာပြီး စာရင်းချုပ်လိုက်တော့ ဖုန်းမြင့်ခေါင်မျက်နှာအညိုအမည်းစွဲပြီး ကျော်လတ်၏ခေါင်း လေးချက်တိတိ ချုပ်လိုက်ရပါ၏။

❊❊❊



[၆]

"ဘာ..ဘာပြောတယ် ကျော်လတ်၊ မင်းနဲ့ ပန် စီတာ
ချစ်သွားကြပြီ ဟုတ်လား"

စကားကို မယုံကြည်နိုင်စွာဖြင့် ထပ်ဆင့်မေးသည်။ မီးညှိရန်ဟန်ပြင်ထားသည့် စီးကရက်ပင် လက်ထဲမှာ ဆတ်ခနဲ တုန်ခါသွား၏။ ကျော်လတ်မျက်နှာကတော့ အပြုံးတွေ ဝေနေသည်။

"အဖြစ်ကတော့ ရှုပ်ရှင်ထဲကလိုပဲကွ"

စကားကိုပြီးဆုံးအောင်မပြောဘဲ လက်ဖက်ရည်ခွက်ကို မယူ၍ တစ်ငုံမော့သောက်လိုက်သေး၏။

"သူ့အစ်ကိုတွေနဲ့ ဖြစ်တဲ့ရန်ပွဲမှာ တို့နှစ်ယောက်
ရေရေလည်လည် ခံလိုက်ရတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အသားလွတ်ကြီး ငုံ့ခံနေတာပါ"

"အဲဒါကြောင့်လဲ ပန်းစီတာရဲ့ အချစ်ကို ရတာ ပေါ့ကွ"

"လိုရင်းကိုပြော ဟေ့ကောင်"

"စိတ်ပျက်ညည်းတတ်လိုက်တာကွာ၊ ငါ့ခေါင်းလေး ချက်ချုပ်ရတော့ သူ့မိဘတွေနဲ့အတူ ပန်းစီတာပါ လာတယ်လေ၊ အဲဒီညက သူ ငါ့ကိုကြည့်တဲ့ မျက်လုံးကြီးတွေကို မြင်ကတည်းက ငါသဘောပေါက် လိုက်ပြီးသား၊ သဘောပေါက်တဲ့အတိုင်းပဲ မနက် ကတော့ ပန်းစီတာက အိမ်ကို ရောက်လာတယ်"

"ဟုတ်လား"

သူစိတ်ဝင်တစား ဖြစ်သွားသည်။





ကျော်လတ် သွေးအလိမ်းလိမ်းနှင့် ရပ်ကွက်ရုံးခန်း ဆောက်တုန်းက သူ့မိဘ၊ သူ့အစ်ကိုတွေနှင့် ပန်းစီတာ ရောက် လာသည်ကို သူသတိပြုမိပါ၏။

"ဟုတ်တယ် ဖုန်းမြင့်ခေါင်၊ သူ့အစ်ကိုတွေကို အမှု မလုပ်လို့ ကျေးဇူးတင်တာတွေ၊ သူ့ကြောင့်ခုလို ဖြစ်ရတာ စိတ်မကောင်းတာတွေ တကယ်ကွာ ပန်းစီတာရဲ့ မျက်နှာလှလှနဲ့ စကားချိုချို ကြားရ တာနဲ့တင် ငါ့ဒဏ်ရာက လုံးဝ ပျောက်ကင်းသ လောက်ဖြစ်နေတာ"

"ဟာ... ငါ ထဆဲရရင်တော့ မကောင်းတော့ဘူး"

"ဆဲချင်လည်းဆဲကွာ၊ ငါတကယ်ကို ပျော်သွား တာ၊ ပန်းစီတာရဲ့ သနားမှုမှာ အချစ်တွေ ကပ် ပါလာတယ်ဆိုတာ ငါက လုံးဝ သိလိုက်တာပေါ့၊ အဲဒီမှာတင် အခွင့်အရေးကို လက်လွှတ်မခံဘဲ ပန်းစီတာရဲ့ အချစ်ကို ရအောင် တောင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရလိုက်တယ် ဆိုပါတော့"

ကျော်လတ်က တပြုံးပြုံးနှင့် ခေါင်းညိတ်၏။

"မင်းကတော့ ပန်စီတာရဲ့ အချစ်ကိုရလို့ ခံရကျိုးနပ်တာပေါ့ကွာ၊ ငါကတော့ မျက်နှာအညိုအမည်းစွဲပြီး အိစလံကို ဝေသွားတာပဲ"

"ငါတောင်းပန်ပါတယ်ကွာ"

"အေးပါ၊ တောင်းပန်တယ်ဆိုတာနဲ့ ကျေနပ်ရတော့မှာပေါ့၊ ကဲ... သောက် ဟောကောင်"

"ဟာ... ဘယ်သွားမလို့လဲ"

"လှည်းကူးသွားမလို့ မင်းပါ လိုက်ခဲ့"

"ဘာသွားလုပ်မလို့လဲ"

"ဖေဖေ့သူငယ်ချင်းကွာ၊ လှည်းကူးမှာနေတဲ့ တိုက်တစ်လုံးဆောက်နေတာ၊ ငွေငါးသိန်းအရေးပေါ်လိုလို့ သွားပေးမလို့"

ငွေရှင်းပြီး ကားဆီ လျှောက်ခဲ့သည်။





ကားနားရောက်တော့ 'ပန်စီတာက မင်းကို အရမ်းအားနာနေတယ်'ဆိုသည့် စကားကို ကျော်လတ်က ပြောပါ၏။

❊❊❊

"မင်း ဖေဖေ ခြေရာကိုတော့ နင်းနိုင်အောင် ကြိုးစားနော် ဖုန်းမြင့်ခေါင်၊ မင်းဖေဖေက တကယ့်ကို လူတော်ကွ၊ အလုပ်လုပ်တဲ့ နေရာမှာလည်း ဘာတိကျသလဲ မမေးနဲ့"

ဦးလေးချစ်သော်က ဖေဖေ့ မဟာ ချီးမွမ်းခန်းဖွင့်သည်။ ကျော်လတ်ကျည်တောက်ထဲမှ ထန်းရည်ကိုငှဲ့ရင်း ဦးလေးချစ်သော်ကို အားနာစွာကြည့်၏။

"ဦးလေးကို အားနာနေသလား၊ သောက်စမ်းပါကွာ၊ လူငယ်တွေရဲ့ သဘောသဘာဝကို ဦးလေး နားလည်ပါတယ်၊ ဦးလေးကိုယ်တိုင်က မင်းတို့ကို ပင်ကျရည် စစ်စစ်ကလေး သောက်စေချင်လို့ တမင် မှာထားရတာ"

"မရှိသေလို့တော့ မဟုတ်ဘူးနော်ဦးလေး၊ ထန်းရည်စစ်စစ်လေးဆိုတော့ သောက်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြင့်ခေါင်က...

"ဒီကောင် စိတ်ကူးပေါက်ပြီး သောက်တာ ဦးလေးချစ်၊ ရန်ကုန်မှာ အရက်ဆို အနံ့တောင်ခံနိုင်တာ မဟုတ်ဘူး"

"စိတ်ချမ်းသာသလို လုပ်စမ်းပါလေ၊ ထန်းရည်က သဘာဝရေပါ၊ ဖေါ်စပ်ထားတဲ့ သေရည်မဟုတ်ဘူး"

ဦးလေးချစ်သော်မွေးထားသည့် ကြက်မတန်းလေးလည်း သူတို့ရောက်လာမှ ကြက်ကြော်ဘဝ ပြောင်းရတော့မည်။

"ဦးလေးချစ်က စမ်းချောင်းက အိမ်နဲ့မြေကို ရောင်းပစ်တော့မှာပေါ့"

အသားတစ်တုံးကို လှမ်းနှိုက်ရင်း သူက မေး၏။

"မင်းဖေဖေကို တာဝန်ခွဲပေးခဲ့တယ်လေ"

"ဖေဖေ ပေါလ်တိုက်(ပ်)ဆောက်လိမ့်မယ်ထင်တယ်"

"ပြောဖူးတယ်၊ ဦးလေးချစ်ကတော့ မိဘအမွေဖြစ်တဲ့ ဒီမြေကွက်နဲ့ ဒီအရပ် ဒီဝန်းကျင်လေးကို မြတ်နိုးတယ်လေ၊ ဒါကြောင့် ဒီမှာ တိုက်ဆောက်





ပြီး အေးအေးဆေးဆေးပဲနေတော့မယ်၊ ရန်ကုန်နေလည်း ဦးလေးချစ်က စီးပွားရေး ဘာမှ လုပ်တတ်တာမဟုတ်ဘူး"

"ဖေဖေနဲ့ပူးပေါင်းပေါ့ ဦးလေးချစ်ရ"

ဦးလေးချစ်သော် ပြုံး၏။

"ပူးပေါင်းရေးအလုပ်ကို မင်းဖေဖေက ဘယ်တုန်းက စိတ်ဝင်စားခဲ့လို့လဲ ဖုန်းမြင့်ခေါင်ရယ်၊ ကျောင်းနေဘက် သူငယ်ချင်းချင်း ခင်တာက တစ်ပိုင်းပဲ၊ သူ့လုပ်ငန်းထဲ ဘယ်သူငယ်ချင်းကိုမှ ရောထွေးခံတာ မဟုတ်ဘူး၊ အဲ... လိုအပ်တာတော့ အကုန် ကူညီတယ်၊ ဒီတိုက်ပုံစံကိုလည်း မင်းဖေဖေပဲ ဆွဲပေးတာ"

ပုံစံမြင်ကတည်းက ဖေဖေ့ လက်ရာမှန်း သူသိသည်။ ဦးလေးချစ်သော်နှင့် စကားပြောရင်း ထန်းရည်တော်တော်များများလေးသောက်ဖြစ်တော့ ကျော်လတ်က...

"ဟော့ကောင် မင်းကားမောင်းရမှာနော်"

"အဲဒါ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်စလုံး နတ်ပြည်ရောက်နေမှာစိုးလို့ ပြောတာ"

မွန်းလွဲပိုင်းလောက်မှာ ပြန်မည်ပြုတော့...

"ညနေစာစားပြီးမှ ပြန်ကြတာ မဟုတ်ဘူးကွာ"

"ကျေးဇူးပဲနော် ဦးလေးချစ်၊ ကျွန်တော်က ညနေကျ အလုပ်သမားတွေကို နေ့တွက်တွေ ရှင်းပေးရဦးမှာ ဦးလေးချစ်၊ ဖေဖေ့ကို ဘာမှာဦးမလဲ"

"ကျေးဇူးတင်တယ်လို့ပဲ ပြောလိုက်နော်၊ မင်းတို့ကို ဦးလေးချစ် ပင်ကျရည်တိုက်တာကိုတော့ သွားမပြောနဲ့ဦး"

"ဖေဖေက နားလည်တတ်ပါတယ်"

"မလုပ်ပါနဲ့ မောင်ဖုန်းရာ၊ မင်းလူကြီး ဖြစ်ပြီး ကလေးတွေကို သည်လိုပဲ ထန်းရည်တိုက်လွှတ် ရသလားဆိုပြီး လာဆဲနေပါဦးမယ်"

ပြုံးပြီး ကားဆီလျှောက်ခဲ့သည်။ ကားပေါ်ရောက်တော့ ဦးလေးချစ်သောင်းက စိုးရိမ်စိတ်နှင့်မှာ၏။





"ကားကို ဖြေးဖြေးမောင်းနော်၊ သတိဆိုတာ ဘယ်တော့မှ ပိုတယ်မရှိဘူး မောင်ဖုန်းရဲ့"

သူခေါင်းညိတ်ပြပြီး ကားကို မောင်းထွက်ခဲ့ပါ၏။

[illegible]လတ်ကတော့ နဘေးမှာ မျက်လုံးကလေးတောင် စင်း[illegible]။

***

"မင်းဟာက ဟုတ်ရဲ့လား ဖုန်းမြင့်ခေါင်"

"သိပ်ဟုတ်တာပေါ့ကွာ၊ ဒီမိန်းမရုပ်ကို ငါ မှတ်မိပါတယ်ကွ"

ပြောပြီး ကားစက်ရှိန်ကို မြှင့်သည်။

လှည်းကူးနှင့်ထောက်ကြံ့ကြား ကားလမ်းမမှာ စီလီကာ[illegible]လေးက တရိပ်ရိပ်ပြေးနေ၏။

"တို့ကားကို ဖြတ်ကျော်တက်သွားတုန်းက ငတိမသုံးလေးယောက်ကို ကားပေါ်မှာ မြင်လိုက်တယ်"

"ကားကို သူကိုယ်တိုင် မောင်းသွားတာကွ"

"ဒါဖြင့် မီအောင်လိုက်ကွာ၊ အသားကုန်ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဆုံးဖြတ်ပြီးသား"

ဖြတ်ကျော်တက်သွားသည့် ကား၏ပြေးနှုန်းက ပုံမှန်အခြေအနေပြန်ရောက်နေ၏။ မကြာမီ သူ၏ စီလီကာကားလေးက ဖြတ်ကျော်တက်လိုက်ပြီး ကိုက်အတော်ကွာကွာမှာ ကားကို ပိတ်ရပ်လိုက်သည်။

"ကျွိ"

ကားဘရိတ်နင်းမိမှုက ရုတ်တရက်။

ကားပေါ်မှငတိမများ၏ မျက်လုံးများ ဝိုင်းဝိုင်းစက်စက်နေဆဲဝယ် သူနှင့် ကျော်လတ်က ကားပေါ်မှ ဆင်းလိုက်၏။

"ဒီမယ် ရှင်တို့ လမ်းပိတ်ရပ်ပြီး ဘာလုပ်တာလဲ"

"မမှတ်မိတော့ဘူးလား"

သူ့စကားကြောင့် ငတိမမျက်မှောင်ကလေး ကြုတ်သွား၏။ ခဏကြာမှ...

"သြ...ရှင်ကိုး"

"မှတ်မိသွားပြီလား၊ ဟင်း...ဟင်း...ခုလို မှတ်မိတာကို အရမ်းဝမ်းသာတယ်ဗျာ"





"ဒီမယ်၊ ရှင်နဲ့ကျွန်မက ဆွေမျိုးလည်း မဟုတ်ဘူး၊ လမ်းမှာ တွေ့တာကို ဝမ်းသာလုံးဆို့မနေနဲ့၊ ကားရှေ့က ရှင့်ကားအစုတ်ကြီးကို ဖယ်ပေးပါ"

"ဘာဗျာ၊ ကားစုတ် ဟုတ်လား၊ မျက်နှာကို သေသေချာချာကြည့်ထား၊ အစုတ်ပလုတ်စီးတဲ့ကောင် မဟုတ်ဘူး၊ ဟေ့ကောင်... ကျော်လတ်"

ပြောနေရင်းမှ သူက ကျော်လတ်ကို လှည့်ခေါ်သည်။

"ပြော...သူငယ်ချင်း"

"ငါ့ကားရဲ့ တန်ဖိုးကို သူတို့တွေသိအောင် ပြောလိုက်စမ်းပါကွာ"

"သိပ် မပေးရပါဘူး၊ သိန်းသုံးရာဝန်းကျင်လောက်ပါ"

"ငကြွားတွေ"

ပြောပြီးငတိမ နှုတ်ခမ်းကစူစူ။

ကားစတီယာတိုင်ကို လက်နှင့်ဆုပ်ကိုင်ထားရင်း မျက်နှာက မှုန်တင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မကြွားပါဘူးခင်ဗျာ၊ အမှန်အတိုင်းကို ပြောတာပါ၊ ကျုပ်စီးတဲ့ကားရဲ့ တန်ဖိုးတောင် သည်လောက် ရှိနေရင် ကျုပ်အဖေ စီးတဲ့ကားရဲ့ တန်ဖိုးကို စိတ်တွက်နဲ့ တွက်ရင်တောင်ရပါတယ်"

ဖုန်းမြင့်ခေါင်စကားကြောင့် ကားပေါ်မှ ငတိမများ၏နှာခေါင်းရှုံ့သွားကြသည်။ ကားရှေ့ခန်းမှ ငတိမတစ်ယောက်က...

"ဇေကရီ"

"ဘာလဲ အယ်နီ"

"ဒီလူတွေကို ဇေကရီ သိလို့လား"

"အို...ကလေကချေတွေနဲ့ သိစရာလားကွ"

ဖုန်းမြင့်ခေါင် ပခုံးနှစ်ဖက်ကို တွန့်လိုက်၏။ ကျော်လတ်မျက်နှာကတော့ အပိုးမကျိုးသည့်ဟန်။

"နာမည်က ဇေကရီတဲ့လား"

"မလိုပါဘူး"

"ထားပါလေ၊ နာမည်ကို သိဖို့လည်း မလိုပါဘူး၊ သိလည်း မသိချင်ပါဘူး"





"ဒါဖြင့် ရှင်တို့နဲ့ ကျွန်မတို့ဘာမှ ပတ်သက်စရာ အကြောင်း မရှိတဲ့ဟာ၊ ဒီမယ် ရှင်တို့ကားကို ဘေးဖယ်ပေးပါ"

"ဟား... ဟား... ပတ်သက်စရာ အကြောင်းမရှိဘူး ဟုတ်လား၊ မေ့သွားပြီလား၊ ခင်ဗျားလေး ဟိုတလောက ကျုပ်ကိုဆဲပြီး ကားမောင်းပြေးတာလေ"

ဇေကရီ မျက်လုံးတစ်ဖက်ကို မှေးစင်းပြီး သူ့ကိုကြည့်သည်။ တစ်လောက အဖြစ်ပျက်ကိုတော့ မှတ်မိထားပုံရ၏။

"အော့နှလုံးနာတယ်လို့ပဲ ပြောတာ၊ ဘယ်မှဆဲလို့လဲ"

"အသံထွက်အောင်တော့ ခင်ဗျားလေး မဆဲဘူးပေါ့ဗျာ၊ ဒါပေမဲ့ ပါးစပ်လှုပ်ပြီး ဆဲသွားတာကို ကျုပ် သိတယ်"

"ပညာရှိပဲ"

"ပညာရှိတွေ၊ ပညာကျိတွေ လာလုပ်မနေနဲ့၊ အဲဒီကိစ္စအတွက် ခင်ဗျားလေးကျုပ်ကို တောင်းပန်ပါ"

"အံမယ်... လူပါးဝလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှ ကေရီ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည် မျက်နှာဖြင့် ကြည့်ရှုံနှင့် ဒေါသတွေ ဝင်နေပြီကို သူသိ၏။

"လူဆိုတာ ကိုယ်ရဲ့ မိုက်ရိုင်းတဲ့အပြုမူကို နား လည် သဘောပေါက်ရင် လူပီပီ တောင်းပန်ရ တယ် သိလား"

"ဝေးသေးတယ်၊ မတောင်းပန်တော့ ရှင်က ဘ... လုပ်ချင်လို့လဲ"

"မင်းပါးလေးက နနုညက်ညက်လေး ဖက်နမ်းခံ ရမှာကို မကြောက်ဘူးလား"

"ခွေး...ခွေး ရှင် ခွေး စကားမပြောနဲ့. လူ... ပြောသိလား"

ကေရီ ရှုးရှုးရှားရှား ဖြစ်တော့ သူ့အဖေါ်များက... လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ မျက်နှာတွေက ရန်လုပ်... မည့် မျက်နှာထားတွေ။

"မမိုက်ရိုင်းနဲ့သိလား၊ မိကောင်းဖခင်သားသမီးရှ... ဟုတ်ရဲ့လား"

အယ်နီဆိုသည့် ငတိမက ဝင်ဟောက်၏။





"မျိုးရိုးကိုတော့ ဘာကောင်းသလဲ မမေးနဲ့၊ ဟော ...ကောင် ကျော်လတ်၊ ငါ့အဘိုးအဘွားတွေရဲ့ မျိုး ...ကို ပြောပြလိုက်...ပ်စမ်းပါကွာ"

"ဘုန်းဘောင်ဆက်တွေလေ"

"တန်ရာတန်ရာပြော၊ ချေးစိမ်းပန်းမယ်"

"မိုက်ရိုင်းလှချည်လား"

"လူလိုမသိတတ်တဲ့ လူကို မိုက်မိုက်ရိုင်းရိုင်းပဲ ဆက်ဆံတတ်တယ်"

"ဒါသြော်... ဒီလိုလား"

ဗုန်းမြင့်ခေါင်က ကားတံခါးကို ဆတ်ခနဲ ဆွဲဖွင့်သည်။ သို့သော်လည်း မပွင့်။

ကေရီတို့ အုပ်စုက အထဲမှ ပြန်ဆွဲထား၏။

"သိပ်လွန်ပြီနော်၊ ကျွန်မတို့ အော်လိုက်ရင် ပြဿ နာ တက်သွားမယ်သိလား"

"အော်လေ၊ လိပ်ခေါင်းထွက်အောင်ကုန်းအော်၊ ဘောတစ်ဖက်တစ်ချက်မှာ လယ်ကွင်းတွေပဲ ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခင်ဗျားလေးအော်သံကို ကျွဲတွေ၊ နွားတွေပဲ ကြားမယ်"

"ရှင် ဖယ်၊ တံခါးဖွင့်ပြီး ဘာလုပ်မလို့လဲ"

"နမ်းမလို့"

"ကျော်လတ်၊ ကူပြီး ဆွဲဖွင့်စမ်းပါကွ"

အနေအထားက ရှုတ်ရှုတ်ရက်ရက်။

ငတိမ အားလုံးကားထဲမှာ ကသောင်းကနင်း ဖြစ်ဆဲ ဝယ် နံဘေးသို့ ဂရမ်ဒီမတ်ခ်တူး ကားဖြူကြီး တစ်စင်း ထိုးရပ် လာသည်။ လှည့်အကြည့်ဝယ်ကားပေါ်မှ အသက်ခြောက် ဆယ်ဝန်းကျင်အဘိုးကြီးနှင့် အဘွားကြီး ကမန်းကတန်းဆင်း လာ၏။

"ဟဲ့... ဟဲ့...ကလေးတွေ ဘာဖြစ်ကြတာလဲ"

ဖုန်းမြင့်ခေါင် ကိုယ်ရှိန်တန့်လိုက်သည်။ ဧကရီတို့ အုပ်စု အားကိုးရသွားဟန်ဖြင့် မျက်နှာများ ဝင်းလက်သွား ကြ၏။

"သူတို့လမ်းဂျပိုးတွေ အနိုင်ကယ်၊ သမီးတို့ကို နှောင့် ယှက်နေတာ"





"ဘာလမ်းဂျပိုးလဲ၊ ရုပ်ကိုသေသေချာချာကြည့်"

"တော်ကြပါကွယ်၊ ကြားကနေ အန်တီတို့ကပဲ တောင်းပန်ပါတယ်၊ မင်းတို့ သူငယ်ချင်းတွေ ဖြစ် ကြမှာပါ"

"ဟင့်အင်း...ဟင့်အင်း၊ သမီးတို့နဲ့ ဘာမှမဆိုင်ဘူး"

"ကျွန်တော်တို့နဲ့လည်း ဘာမှ မပတ်သက်ဘူး အနိုင်ကယ်၊ ကားပေါ်ကနေ လူပါးဝသွားလို့ ပညာ လိုက်ပေးတာ"

"သားတို့ရယ် စိတ်ပြေပါတော့၊ အန်တီကပဲ တောင်းပန်ပါတယ်"

"ဟင်း... ဒီက အနိုင်ကယ်နဲ့ အန်တီကို အားနာလို့ သိလား၊ ခင်ဗျားလေးတို့ ကျုပ်ကျုပ်သတိထား၊ ကားပေါ်ကနေ ဖင်ခေါင်းကျယ်ပြမသွားနဲ့"

"စုတ်ပဲ့တဲ့ကောက်တွေ"

ကားနောက်ခန်းမှ ထွက်လာသည့် အသံတစ်သံ။ အားလုံး၏ မျက်နှာကို စူးခနဲ တစ်ချက်ကြည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"လာသွားမယ် ကျော်လတ်၊ သူတို့တွေနဲ့ အချိန်ကြာကြာ ဖက်ဖြစ်လေ တို့သိက္ခာကျလေပဲ"

"အံမာ"

တုန့်ပြန်လာမည့်စကားကို နားမစိုက်တော့။ ကားပေါ် ခပ်ပြုံးပြုံး တက်ပြီး မောင်းထွက်ခဲ့သည်။

သူနာမည် "ဇေကရီ"ပါလားဆိုသည့် အသိကိုတော့ ရင်ထဲမှာ မှတ်ထားမိပါ၏။

❊❊❊



။၇။

"သနားရာက စသွားတဲ့အချစ်ကလေး ဘာချစ်ပေါ့၊ ဟုတ်လား ပန်စီ"

မျက်နှက်ကလေး သောင့်ကပ်ပြီး မေးသည်။

ပန်စီတာက လဲ့လဲ့ကလေး ပြုံးပြီး ဇေကရီ၏ လက်ချောင်းကလေးများကို ဆုပ်နယ်၏။

"တော်တော့ကို သနားသွားတာ ဇေကရီရယ်၊ ကိုယ့်ကို သူ စလိုက်တုန်းက သက်သက်မဲ့ လိုက်နှောင့်ယှက်တယ်ပဲ ထင်တာ၊ ဖွဲ့နဲ့ဘဲကြီးလားတော့ ကိုယ် ခပ်ဝေဝေလေး ဖြစ်လာရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ချဉ်စပ်သုတ်ထားသည့် လက်ဖက်ပန်းကန်မှပုဇွန်ခြောက်ကလေးတစ်ခုကို ကေရီက ဇွန်းနှင့်ခပ်လိုက်၏။ လသာဆောင်၏ကြိမ်စားပွဲမှာ ကေရီနှင့်ပန်စီတာ နှစ်ယောက်တည်း၊ အုပ်မိုးထားသည့် သစ်ရိပ်ကြောင့် နေပျောက်ပင် မကျ။

"ကိုကိုကြီးနဲ့ ကိုကိုလတ် သူ့ကိုဝိုင်းထိုးကြတုန်းက ကိုယ်သနားလိုက်တာလေ၊ သူနဲ့ ပါလာတဲ့ အဖော်က ပြန်ထိုးပေမယ့်သူကတစ်ချက်မှ ပြန်မလုပ်ဘူး၊ အင်းလေ အဲဒီလို သည်းခံမှုတွေကြောင့်လည်း ကိုယ့်အချစ်ကို သူ ရသွားတာပဲ"

လေပြည်က ခပ်နွေးနွေးကလေး လုပ်ခတ်၏။ အကြမ်းပန်းကန်ထဲသို့ ပန်စီတာက ရေနွေးကြမ်း ငှဲ့ထည့်သည်။

"နှစ်ဖက်မိဘတွေ သိပြီပေါ့"

မေးပြီး လက်ဖက်တစ်ဇွန်း ခပ်ယူစား၏။

"သူ့မိဘတွေတော့ သိတယ် ကေရီ၊ ကိုယ်ကတော့ ဒက်ဒီနဲ့မာမီကို ဘာမှ မပြောရသေးဘူး၊ ပြောရင်လည်း သဘောတူမှာပါ၊ သူ့မှာ ဘာခြွင်းချက်မှ မရှိတာ"





"အလုပ်နဲ့ အကိုင်နဲ့လား"

"ဟင့်အင်း ဘာအလုပ်မှ မရှိဘူး"

"ဟယ်၊ နှင့်ဟာကလဲ"

မျက်လုံးကလေးပြူးစက်စက် ဖြစ်သွားသည့် ကေရီကို ကြည့်ပြီး ပန်စီတာက အသံကလေးထွက်အောင် ရယ်၏။ ရယ်ရင်းနှင့်...

"သူဆွေးသားကွ"

"သူဆွေးသားလဲဟယ် ကိုယ်ပိုင်အရည်အချင်း တော့ ရှိသင့်တာပေါ့"

"သူက သဘော်လိုက်မယ် ပြောတယ်"

"ဟ... ကောင်းတာပေါ့"

"ဒါပေမယ့် ကိုယ်က လုံးဝ လက်မခံဘူး"

"ပန်စီကလဲဟယ်၊ နင်က ဒေါ်လာမကြိုက်ဘူးလား"

ကြွေရှက်လေးတစ်ခု စားပွဲပေါ်ကျလာ၏။ ပန်စီတာက ကောက်ယူပြီး အောက်သို့ပစ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ပြည်တစ်ရွာခွဲ မနေချင်ပါဘူးကွာ၊ သူ့ဘဝ ကိုယ့်ဘဝက သဘောလိုက်မှ နိုင်ငံခြားမှာ အလုပ်သွားလုပ်မှ ကားစီးနိုင်မယ့်ဘဝမှ မဟုတ်တာ"

"ဒါဖြင့် ပန်စီအမျိုးသားက ဘာစိတ်ကူးလဲ"

"သူ့ သူငယ်ချင်းနဲ့တွဲပြီး ကန်ထရိုက်တာ လုပ်မယ်လို့ပြောတယ်ကွ၊ ကိုယ်ကလည်း အဲဒါကို သဘောကျတယ်၊ မြေကွက်တွေဝယ်၊ တိုက်ဆောက်ပြန်ရောင်း၊ သူလည်း ဂုဏ်မငယ်ဘူး၊ ကိုယ်နဲ့အနီးကပ်ဆုံးမှာ ရှိနေတော့ စိတ်လည်းချတယ်"

"စိမ်ကိန်းကတော့ တကယ့်ကို ပီပီပြင်ပြင်ပါပဲလားကွ"

"ကိုယ်က သူ့ကို သနားပြီး သိပ်ချစ်သွားတယ်လေ"

"ချစ်တယ်ဆိုတာကြီးကို ထပ်တလဲလဲ မပြောနဲ့ ပန်စီ နားတောင်ရှက်လာပြီ"

"ဇကာရီက အချစ်ကို မတွေ့သေးလို့ပါ၊ အချစ်ကိုတွေ့ရင် သိပ်နားထောင်လို့ကောင်းတဲ့ စကားဖြစ်နေမှာ"





ဇကာရီက ပါးချိုင့်လေးခွက်ဝင်သည့်ထိ ပြုံးပြီး...

"အချစ်ကိုတော့တွေ့မယ် မထင်တော့ပါဘူး"

"ဘာလို့"

"ကိုယ်က ပန်စီလို ယောကျ်ားတစ်ယောက်ကို သနားလည်း မသနားတတ်ဘူး၊ ချစ်လည်း မချစ်တတ်ဘူး"

"အပြောမကြီးနဲ့နော်"

"စောင့်ကြည့်လေ"

ရယ်ရင်းမောရင်း အချိန်များကို ဖြုန်းသည်။

ဇကာရီပြန်တော့ ပန်စီတာက ကားထိ လိုက်ပို့၏။ ကားပေါ်တက်မည် ပြုပြီးမှ ဇကာရီက...

"အဲ... မေးဖို့ကိုခုမှ သတိရတယ်"

"ဘာများလဲ ဇကာရီရဲ့"

"ပန်စီရဲ့အချစ်ကလေးရဲ့ နာမည်ကို မမေးဖြစ်ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်လတ်ပါ"

"ကျော်လတ်"

ကေရီနှုတ်မှ သံယောင်စကားလေးပွင့်ထွက်သည်။

ကျော်လတ်တဲ့...။

သည်နာမည်ကို ကေရီ ကြားဖူးသလိုပါပဲလား။

ပန်းစီတာကို နှုတ်ဆက်ပြီး ကားမောင်းထွက်လာခဲ့သည့် ထိ ကျော်လတ်ဆိုသည့် နာမည်ကိုသာ ကေရီ စဉ်းစား နေမိ တော့၏။

✲✲✲



[၈]

"ဖေဖေကပဲ အားလုံးကို တစ်ပြေးညီ ဆက်ဆံလို့ လား၊ ဖေဖေ့ကုသိုလ်ကပဲ ကောင်းလို့လားတော့ မသိဘူး၊ အလုပ်အပေါ်မှာ မခိုမကပ်တဲ့ ဖေဖေ့ အပေါ် သစ္စာရှိတဲ့ အလုပ်သမားတွေကိုချည်း ဖေဖေ ရတာပဲ"

မကြာမီ ရက်ပိုင်းအတွင်းကမှ ဖေဖေနှစ်သက်မက်မော စွာဝယ်ထားသည့် အကွရာမြင့်မြင့် လင့်ခရုစာကားကြီးကို ညင်သာစွာ မောင်းရင်း ဖေဖေကပြောသည်။

"ဒါတော့ပဲလားဆိုတော့လဲ မဟုတ်သေးဘူးလေ၊ သားက အလုပ်သမားတွေအပေါ် ရင်းရင်းနှီးနှီး ဆက်ဆံတဲ့ အကျိုးဆက်တွေလည်း ပါပါတယ်"



www.burmeseclassic.com

"သားက လူကိုလူလို့ပဲ မြင်ပါတယ် ဖေဖေ၊ သူငယ်ချင်းတွေနဲ့ ဆက်ဆံရင် သားအပြောအဆို ရိုင်းချင်ရိုင်းလိမ့်မယ်၊ အလုပ်သမားတွေနဲ့ ဆက်ဆံရင်တော့ အံရမ်းသတိထားတယ်၊ သတိထားတဲ့ အပိုင်းက သူတို့ကိုငွေကြေးနဲ့ မတင်စီးမိဖို့ပါ၊ ငွေရှင် အလုပ်ရှင်ပီပီ စကားပြော မောက်မာတယ် ဆိုတဲ့ အမြင်မျိုးတော့ အရောက်မခံပါဘူး"

"အဲဒါဟာ ဖေဖေတို့ လုပ်ငန်းမှာ အကောင်းဆုံး စိတ်ပိုင်း အရည်အချင်းပဲသား၊ ဒီအရည်အသွေး တိုးတက်မြင့်မားအောင် စိတ်ခါတ်ကိုပိုပြီး လေ့ကျင့်ပျိုးထောင်ပေးရမယ်"

သည်အလေ့အကျင့်ကတော့ ဖေဖေ သွန်သင်မှုအော မှာ သူရရှိခဲ့တာ ကြာပါပြီ။

"အလုပ်ရှင် မောက်မာရင် အလုပ်သမားဆိုတာ ပညာပြချင်ကြတာ၊ မတစ်ထောင်သားတွေကို ကိုင်တွယ်ရတော့ နေရာတိုင်းမှာ လလိုချည်းပဲ ကျင့်လိုမရဘူးသား၊ နေလိုလည်း အမြဲပူပူလောင်





လောင် ဖြစ်မနေစေရဘူး၊ ဖေဖေ့မိတ်ဆွေ ဦးလှမော်ကို သားသိတယ် မဟုတ်လား"

"သိတယ်လေ ဖေဖေ၊ တာမွေကဝိုင်ကို ခေါက်နေတဲ့သူ မဟုတ်လား"

"ဟုတ်တယ်၊ ဦးလှမော်က စိတ်ရင်းကောင်းပေမဲ့ စကားအပြောအဆို မညက်ဘူး၊ နောက်ဘာဖြစ်လဲ သူ ယုံကြည့်ပါတယ်ဆိုတဲ့ လူကပဲ ဘိလပ်မြေတွေ ခိုးထုတ်ရောင်းစား၊သံချောင်းတွေခိုးထုတ်ရောင်းစား နဲ့လုပ်ငန်းမှာ တော်တော်အဆင်မပြေဖြစ်သွားတယ်"

ကားကို ဦးဝိစာရလမ်းအတိုင်း မောင်းနှင်ပြီး မီးပွိုင့်အရောက်တွင် ညာဘက်ကို ချိုးကွေ့သည်။

'ကျောက်မြောင်းကတိုက်သွားကြည့်မလို့လား ဖေဖေ' ဆိုသည့် အမေးကို ခေါင်းအသာယမ်းခါပြ၏။

ယခင်က ဝင်ဒါမီယာဟုခေါ်သည့် ရပ်ကွက်သို့ကားကို ချိုးကွေ့သောအခါ သူဖေဖေ့ကို နားမလည်နိုင်စွာ လှည့်ကြည့်မိပါ၏။

❊❊❊

www.burmeseclassic.com



ဝင်းတံခါးကို ခြံစောင့်ဖြစ်ဟန်တူသူ လူကြီး တစ်ယောက်က အပြေးကလေးဖွင့်သည်။ 'ဒါကိုခင်မောင်လွှင်ရဲ့ ခြံနဲ့တိုက် မဟုတ်လား'ဆိုသည့် ဖေဖေ အမေးကို...

"ဟုတ်ကဲ့ဆရာ ဟုတ်ပါတယ်၊ ဦးခင်မောင်လွှင်က လည်း ဒီနေ့ဆရာလာကြည့်မယ်ဆိုတာကို ပြောထားပါတယ်"

ဖွင့်ပေးသည့် ဝင်းတံခါးမှ ခြံထဲသို့ ကားကိုခပ်ဖြည်းဖြည်းမောင်းဝင်ခဲ့သည်။

"ခြံကအကျယ်ကြီးပါလားဖေဖေ၊ တိုက်ကလည်း ဆောက်ပြီးကာစအသစ်ပဲ"

"ဘယ်သူမှ မနေကြဘူးသားရဲ့"

"ဟုတ်လားဖေဖေ"

ဆင်ဝင်အောက်ကားရပ်တော့ ဖုန်းမြင့်ခေါင် ကားပေါ်မှ ခပ်သွက်သွက်ကလေး ဆင်းလိုက်၏။ ဖေဖေတိုက်ထဲဝင် အကြည့်တွင် သူက ခြံအတွင်း လျှောက်ကြည့်သည်။ သခင်ခြံ သေးသဖြင့် ပန်းပင်စိုက်ပင် များမရှိ။ အလေ့ကျပေါက်ပင်များနှင့် သစ်ကြီး၊ ဝါးကြီးများက စိုးမိုးထားသည်။





"ကောင်းလိုက်တဲ့ခြံနဲ့တိုက်ကွာ၊ ဒီမှာ နေရရင် ဘယ်လောက်ကောင်းမလဲ"

တစ်ကိုယ်တည်း ပြောပြီး သူစည်းရိုးဘက်သို့ လျှောက်သည်။ တစ်ဖက်ခြံသို့ လှမ်းကြည့်တော့ တအုံ့တသြဖြစ်ရ၏။

"ဟိုဘက်ခြံကတိုက်ကလည်း အသစ်ကြီးပါလား"

ခြံဝင်းကြီးအတွင်းသို့ ချောင်းကြည့်သည်။ လူ့ရိပ် လူခြည်ကို မမြင်ရ။

"သား ဘာတွေ ချောင်းကြည့်နေတာလဲ"

ဖေဖေက သူ့ပခုံးကို ဆုပ်ကိုင်ထားပြီး သူ့နည်းတူ တစ်ဖက်ခြံသို့ လှမ်းကြည့်သည်။

"တိုက်အသစ် နှစ်လုံးကို အံ့သြနေလို့ ဖေဖေ"

"အေးကွ တစ်ဖက်တိုက်မှာ ပိုင်ရှင်ရှိပုံမပေါ်သေးဘူး"

ဖေဖေက သည်မျှသာ ပြောပြီး သူ့ကို တိုက်အတွင်းသို့ ခေါ်လာ၏။

"သား သဘောကျလား"

"ကျတယ်ဖေဖေ၊ ဖေဖေနဲ့သားက ဒီလိုခြံနဲ့ဝင်းနဲ့ နေသင့်တာပါ"

ဖေဖေက ခပ်မိန့်မိန့်ပြုံးပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒီတိုက်နဲ့ ဖေဖေ ပတ်သက်မှု တစ်ခုခုတော့ ရှိပြီထင်တယ်"

"အမှန်ပဲ၊ ဦးခင်မောင်လွင်က ဒီတိုက်နဲ့ခြံကို ရောင်းပေါင်သဘောမျိုးလုပ်ဖို့ ဖေဖေ့ကို အကူအညီတောင်းတယ်"

"ဟာ... ရောင်းပေါင်တွေ ဘာတွေ လုပ်မနေပါနဲ့ ဖေဖေရာ တစ်ခါတည်း အပြတ်ဝယ်လိုက်ရင်ရော မဖြစ်ဘူးလား"

"ဦးခင်မောင်လွင်က ပိုပြီးတော့တောင် အပြတ်ရောင်းချင်တာ၊ သူက ကုမ္ပဏီတစ်ခုဖွင့်ထားတော့ ငွေ အရမ်းလိုနေတာ၊ စဉ်းစားပါဦး၊ သားက ဒီခြံနဲ့တိုက်ကို သဘောကျလို့လား"

"စဉ်းစားဘို့ မလိုအောင်ကို သဘောကျတာ ဖေဖေ"

ငြိမ်တည်သွားသော မျက်နှာထားကြောင့် ဖေဖေ အကြွေးနက်ပြီကိုသိလိုက်၏။ ခြံနဲ့ဝင်းနဲ့ သားအဖနှစ်ယော လွတ်လွတ်လပ်လပ် နေရတာပေါ့ ဖေဖေ'ဟု ထပ်မံဆိုဖြစ်သေ ဖေဖေက ခေါင်းကို ညိတ်လိုက်ပါ၏။

***



# အပိုင်း – နှစ်

www.burmeseclassic.com

# ၉

ဝီစကီတစ်လုံး၏တန်ဖိုးထက် ငယ်သူငယ်ချင်းများနှင့် ဆုံဆည်းရသည့်တန်ဖိုးက ပိုမြင့်မားသည်ဟု ဦးအောင်ဖုန်း ထင်သည်။

သည်နေ့ပွဲသည် ငယ်ဘဝက လွတ်လပ်မှုများကို ပြန်လည်ရရှိသည့်ပွဲဟုလည်း ဦးအောင်ဖုန်း သုံးသပ်၏။

သို့သော်လည်း ငယ်သူငယ်ချင်းများနှင့်လည်း ခွဲပြီး ပြန်မှာ ဘဝအတွက် စဉ်းစားစရာဖြစ်လာသော မိန်းမ တစ်ယောက် ဆုံစည်းလာရလိမ့်မည်ဟု ဦးအောင်ဖုန်း မမျှော်လင့်ခဲ့။

❊❊❊

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေနော် အရက်ကိုမူးအောင်သောက်ပြီး ကားကို ဘယ်တော့မှ မမောင်းပါနဲ့' ဆိုသည့် သား၏ သတိပေး စကားကို ကြားယောင်ရင်း ဦးအောင်ဖုန်း ပြုံးလိုက်၏။

ကားမောင်းမည်ဆိုလျှင် အရက်ကို ထိန်းချုပ် သောက်ရမည်ဆိုသည်က ဦးအောင်ဖုန်း၏ ဘဝပေးအသိ။ သည်ပွဲက မိမိပေးသည့်ပွဲမို့လည်း အားလုံးကို ဦးအောင်ဖုန်း ဦးစားပေးခဲ့သည်။

စီးကရက်ကို နှုတ်ခမ်းမှာခဲထားရင်းမှ ဦးအောင်ဖုန်း ကားကို ပုံမှန်နှုန်းကားအတိုင်း မောင်းသည်။

ညလေအေးက ဖွင့်ထားသည့် ကားပြတင်းမှ တိုးဝှေ့ဝင်၏။ ည၏အရောင်နှင့်အတူ မိုးပြင်မှာ ကြယ်ပွင့်များ ဝင်းလက်နေသည်။

စီကရက်ကို အားရစွာ ရှိုက်လိုက်၏။

မီးပွိုင့်လွန်မြောက်သောအခါ ကား အသွားအလာ ရှင်းပြတ်သည့် မိန်းလမ်းမို့ကားကို လီဗာ ခပ်ဖိဖိကလေး နင်းပြီးအမောင်း...

"ကျွိ"



"ဟာ..."

တို့ရပ်သွားသည့် ကားတစ်စီး။

ကံသီလို့ပါပဲ၊

ရှေ့မီးကို ပိတ်ခြင်းမပြုပဲ ဦးအောင်ဖုန်း ကားပေါ်မှ ဒေါသတကြီး ဆင်းလိုက်၏။

"ကားကို အရမ်း မောင်းထွက်လာရသလားဗျ"

ဒေါသအရှိန်ဖြင့် ကားပေါ်မှ အနေအထားကို ဦးအောင်ဖုန်း မသိ။ ကားနားရောက်မှ ဦးအောင်ဖုန်း မျက်လုံး ဝိုင်းခဲ့ရဖြစ်သွားရသည်။

အသက်အရွယ် ငယ်နုမှု မရှိသော်လည်း အလှအပများသည် သူမ၏ မျက်နှာတွင် အင်အားကောင်းစွာ ထင်ကျန်ဆဲ ရှိပါသေး၏။ မိမိကို စူးစူးရဲရဲ ကြည့်သည့်အကြည့်က ညအသွေးမှာ ဝင်းလက်နေသည်။

"ဒီလောက်ဒေါသကြီးဖို့ မလိုပါဘူး၊ လူက စက်တပ်ထားတဲ့ယာဉ်ကို မောင်းတာပဲ၊ မတော်တဆမှုတော့ ရှိမှာပေါ့"

မြတ်မြတ်ချောစာပေ

www.burmeseclassic.com

www.burmeseclassic.com



အသံက မာပြတ်ပြတ်။

အမှားကို တောင်းပန်လိုဟန် မပါသောကြောင့် ဦးအောင်ဖုန်း၏ ဒေါသက ပိုမိုရန်းကြွလာ၏။

“ဘာမတော်တဆမှုလဲ၊ ခင်ဗျားကားမောင်းနေတာ ယာဉ်စည်းကမ်းကို နားလည်ရမှာပေါ့၊ မိန်းလိုင်း အတိုင်းလာတဲ့ကားကို ဦးစားပေးရမှာပေါ့”

“ဘယ်လိုလဲ၊ ရန်တွေ့ကောင်းလှချည်လား၊ ယောကျ်ားမှ ဟုတ်ရဲ့လား”

“စမ်းကြည့်လေ”

“ရှင် လူကြီးလူကောင်းပုံစံနဲ့ မမိုက်ရိုင်းနဲ့”

“ဒီမယ် မအဇာ၊ ခင်ဗျားကလည်း လိုရာဆွဲမတွေးနဲ့၊ စမ်းကြည့်ဆိုတာ ယောကျ်ား ဟုတ် မဟုတ် သတ္တိကို စမ်းခိုင်းကြည့်တာ”

အမျိုးသမီးမျက်နှာ မဲ့မဲ့ရွဲ့ရွဲ့။

မိမိ၏ စကားများကို ဘယ်လိုမှ ကျေနပ်ဟန်မရှိ။

“ကားကို ပမာမခန့် မမောင်းပါနဲ့ဗျ၊ တိုက်မိရင် ဘယ်နဲ့လုပ်မလဲ”





“နေပါဦး ရှင့်ကားကို ကျွန်မကားက တိုက်မိသွားသလား၊ ဘယ်နေရာ ထိသွားလဲ၊ ပြော ဘယ်လောက် အလျော်လိုချင်လို့လဲ”

“အံမာ ခင်ဗျားက ဘယ်လောက်ချမ်းသာလို့လဲ”

“ရှင်ကကော ဘယ်လောက်ချမ်းသာလို့လဲ”

“တောက်”

“လူကို တောက်တွေတက်တွေ ခေါက်စရာ မလိုဘူး၊ နားလည်လား ရှင့်ကားကို တိုက်မိထိမိမှပြော ဒါပဲ”

စကားမတုန့်ပြန်နိုင်ခင် အမျိုးသမီးက ကားကို စက်နှိုးပြီးခပ်ကြမ်းကြမ်း မောင်းထွက်သွားသည်။

ရှန်းထွက်သွားသည့် ကား၏နောက်ပိုင်း အနီရောင် မီးပွင့်ကို ကြည့်ပြီး ဦးအောင်ဖုန်းသည်လည်း ဒေါသမီးတရဲရဲ နှင့်ကျန်ရစ်ခဲ့ပါ၏။

***



www.burmeseclassic.com

www.burmeseclassic.com

## [၁၀]

ကားကို ပေါ်တီကိုအောက်မှာ ခပ်ကြမ်းကြမ်းရပ်လာ၏။ ဆားဗင့်ကွာတာလိုင်းမှ ခြံစောင့်ကြီး ဦးရွှေမောင် ကားဆီသို့ အပြေးကလေး သွားသည်ကိုလည်း ကေရီ မြင်သည်။ ဦးရွှေမောင်သည် ခြံစောင့် ဆိုသော်လည်း ရံဖန်ရံခါတွင် ကားမောင်းသည့် တာဝန်ကိုပါ ပူးတွဲထမ်းဆောင်ရ၏။

"ဦးရွှေမောင် ကားကိုဂိုဒေါင်ထဲ သွင်းလိုက်တော့"

"လွှင်လွှင် အပြင်မထွက်တော့ဘူးလား"

"အိုး... ခုပဲ အပြင်က ပြန်လာတဲ့ဟာ၊ အပြင်ကို ပြန်ထွက်ရဦးမှာလား"

ဦးရွှေမောင်က အသံတိတ်သွား၏။





မေမေ၏ တိုက်ထဲဝင်လာသော ခြေသံကို ကြားကတည်းက ဒေါသပါလာသည်ကို ကေရီ သိလိုက်ပါ၏။

"မေမေ ဘာဖြစ်လာတာလဲ"

"ဒေါသဖြစ်လာတာပေါ့ သမီးရဲ့"

"ဟင်... ဒေါသဖြစ်လာတယ် ဟုတ်လား၊ လမ်းမှာ အမူးသမားတွေ နှောင့်ယှက်ပြန်ပြီထင်တယ်၊ ဒါကြောင့် မေမေ့ကို သမီးပြောတာ ညဘက်ကား မောင်းမထွက်ပါနဲ့လို့၊ ဟဲ့ ...အေးရီ၊ မေမေ့အတွက် သံပုရာဖျော်ယူခဲ့စမ်း"

မေမေက ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်သည်။

အေးရီက သံပုရာဖျော်ကို စတီးလ်လင်ပန်းပေါ် တင်ယူလာ၏။

"ဒေါ်ခင်မေလွှင်"က လှမ်းယူပြီး ဗူးမှ ထိုးစိုက်ထားသည့် အယောင်းပိုက်ကို ခပ်ပြင်းပြင်း စုပ်လိုက်သည်။ ပြီးမှ...

"အမူးသမားနဲ့ တွေ့ခဲ့တာ မဟုတ်ဘူးသမီးရေ၊ လူကုံထံ လမ်းသရဲအကြီးစားကြီးနဲ့ တွေ့ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..., မေမေ့ဟာကလဲ"

"မေမေ့ဟာကလဲ မလုပ်နဲ့၊ တော်တော်ကို လူပါးဝတဲ့လူ၊ ကားချင်တိုက်မိမလို့ ဖြစ်တာကို လူပါးဝစကားပြောတယ်လေ"

"မေမေက ကားပေါ်ကဆင်းပြီး ပါးကို သုံးချက်လောက် ဆင့်ရိုက်ပစ်လိုက်ပါလား"

"ညကြီးမိုလို့ပေါ့သမီးရဲ့၊ ဒေါသကို အရမ်းထိန်းခဲ့ရတယ်"

"ဒါဆိုလဲ စိတ်လျှော့လိုက်ပါတော့ မေမေရယ်၊ ဒါနဲ့ စောစောကလေးတင် အန်တီ မမ ဖုန်းဆက် တယ် မေမေ"

"ဘာတဲ့လဲ"

"တေ့တေ့ဆိုင်ဆိုင် လုပ်မှာပါတဲ့၊ ဈေးကိုပြင်ပါဦးတဲ့"

"ခင်မမနဲ့တော့ ဒုက္ခပါပဲ၊ မေမေက သူမို့ ဒီဈေးနဲ့ ပေးတာကို သဘောမပေါက်ဘူး"





"နေပါဦး မေမေက ဒီခြံနဲ့တိုက်ကို ရောင်းဖို့စိစဉ်ရအောင် ဒီထက်ကောင်းတဲ့ နေရာကို တွေ့ထားလို့လား"

"တွေ့ထားတာပေါ့ သမီးရယ်၊ ဒီဘက်က ခြံနဲ့ဝင်းနဲ့ဆိုပေမယ့် လမ်းထိပ် ထွက်လိုက်ရင် အစုတ်ပလုပ်ရပ်ကွက်ကို ထိပ်တိုက်တွေ့ နေရတာကို မေမေ စိတ်မချမ်းသာဘူး"

ဧကရီ ဘာမှ မပြောတော့။

ဘဝတွင် မေမေသည်သာ ဧကရီ၏ ဘဝသခင်။ ဖေဖေရှိတော့သည့်နောက်ပိုင်း မေမေသည်သာ မိမိဘဝကို ဦးဆောင်ဦးရွက်ပြုသူ။

"ဘွားဘွားဆီကလည်း ဖုန်းလာတယ် မေမေ"

"ဟုတ်လား၊ နေကောင်းတယ်တဲ့လား"

"နေကောင်းတယ်တဲ့၊ မေမေနဲ့သမီးကို ဘွားဘွားကမန္တလေးကို တစ်ခေါက်လာခဲ့ဦးလို့လည်းမှာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ငွေလမ်းကတိုက်ကိုစွဲထင်တယ်၊ ဒီမှာလည်း အလုပ်နဲ့ မအားတာ၊ မေမေကလည်း တဆိတ်ရှိ မန္တလေးလာဖို့ပဲ မှာနေတာပဲ၊ ရန်ကုန် လာနေပါ ဆိုတော့လည်း မလာနိုင်ဘူး၊ သူ့အိမ်ကြီးကို မစွန့်နိုင် မခွာနိုင်နဲ့ ဥစ္စာခြောက်နေတာ"

ဆိုဖါနောက်မှီပေါ် ခေါင်းတင်ရင်း မေမေက မျက်ထုံ ကို အသာမှိတ်ထား၏။ မျက်လုံးမဖွင့်ဘဲ...

"အိတ်ထဲမှာ သမီးအတွက် စိန်နားကပ်တောင် ပါ လာတယ်"

"ဟယ်၊ ဟုတ်လား မေမေ"

ဇက်ရီ ဝမ်းသာအားရနှင့်အိတ်ကိုဖွင့်သည်။

"အရောင်ကောင်းလိုက်တာ မေမေရယ်၊ အတော် ပဲ၊ နားကခြယ်ကို သမီး မပန်ချင်တော့တာကြာပြီ"

မျက်လုံးမဖွင့်ဘဲ မေမေပြုံးနေ၏။

သမီး လိုအပ်ချက်များကို ဖြည့်ဆီးရင်း မေမေ ပျော်ရ တတ်တာ ခုမှ မဟုတ်ပါပဲလေ။

❊❊❊



[၁၁]

"ကိုဖုန်းမှာ ရည်းစားသနာ မရှိဘူးလား၊ ဟုတ် လား ဦးစံ၊ ဟား... ဟား...ဦးစံဘာကို စဉ်းစားပြီး မေးရတာလဲဗျ"

ကတ္တီပါပင်အောက် ကွန်ကရစ်လောင်းခုံတန်းကလေး မှာ ဖုန်းမြင့်ခေါင်က ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ဦးသွန်းစံက ခုံတန်းနဘေးမှ မြက်ရိုင်းပင်များကို ရှင်းနုတ် နေရာမှ...

"ကိုဖုန်းဆီကို မိန်းကလေး ညှို့သည်တစ်ယောက် မှ လာတာမတွေ့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



“အိမ်လာမလည်တာနဲ့ ဘယ်လို သုံးသပ်လို့ ရမှာလဲ ဦးစံရ၊ အပြင်မှာပဲ အလုပ်ဖြစ်နေရင်ရော”

“ဦးစံက အပြင်ကိစ္စပါ လေ့လာထားပြီးသားပါ၊ အလုပ်မှာ နစ်နေရတဲ့ အချိန်တွေပြီးတော့ ကိုဖုန်းရဲ့ဟန်ပန်ရောပေါ့၊ ရည်းစားသနာရှိတဲ့ ပုံပန်းသဏ္ဌာန်ကို မပေါက်ဘူး”

“ဦးစံကို အထင်ကြီးသွားပြီဗျာ၊ ဦးစံပြောတာ ရေရေလည်လည်မှန်တယ်”

“ဒါဖြင့် ကိုဖုန်းမှာ ချစ်သူမရှိဘူးပေါ့”

“လုံးဝကို မရှိဘူး”

ပြုတ်ကျလာသည့် သစ်ကိုင်းခြောက်ကလေးကြောင့် သစ်ပင်ပေါ် မော့ကြည့်သည်။ အမောက်နီနှင့်ငှက်စိမ်းလေး နှစ်ကောင်ကို တွေ့ရ၏။

“ကျွန်တော်က မိန်းမတွေကို သိပ်စိတ်မဝင်စားဘူး ဦးစံရ၊ ရည်းစားထားရတာကို အပိုလုပ်လို့ စိတ်က ထင်နေတာ”





“အင်း... ကိုဖုန်း ပြောတာလည်း ဟုတ်သလိုပါပဲ”

“ဟုတ်သလို မဟုတ်ဘူး၊ ဟုတ်ကိုမဟုတ်တာ ဦးစံ၊ ကျော်လတ်ကို ဦးစံသိတယ် မဟုတ်လား”

“ခြံကို ခဏခဏ လာနေတာ သိတာပေါ့”

“ဒီကောင်ကို ကြည့်ပြီး ရေရေလည်လည် စိတ်မောတာ၊ ရည်းစားနဲ့သွားဖို့ အချိန်တွေပေးရတာနဲ့ သူငယ်ချင်းနဲ့ လက်ဖက်ရည်ဆိုင်တောင် ဖြောင့်ဖြောင့်ထိုင်နိုင်တာ မဟုတ်ဘူး”

“သူကတော့ ပျော်နေမှာပေါ့ ကိုဖုန်းရ”

“အဲဒါတော့ မသိဘူး၊ ကျွန်တော်တော့ စိတ်တကယ်ကုန်တယ်’

ဦးထွန်းစံက ရယ်ရင်းနှင့်ပျိုးထားသည့် ပန်းအိုးတစ်အိုးကို ခြံထောင့်သို့ ရွှေ့သည်။ သူက ဦးထွန်းစံ နောက်မှ လိုက်လာ၏။

“ခြံရှင်းတုန်း မြွေကျားကြီးတစ်ကောင်တွေ့တယ် ဦးစံ”



www.burmeseclassic.com

www.burmeseclassic.com



"ငန်းတော်ကျား ကိုဖုန်းရ၊ လူကို အန္တရာယ် မပြုပါဘူး"

"မသိဘူး ကျွန်တော်ခဲနဲ့ လိုက်ထုတာ ဟိုဘက်ခြံထဲကို ဝင်သွားတယ်"

ပြောပြီး တစ်ဖက်ခြံသို့ လှမ်းကြည့်သည်။

စောင့်ရှောက်မည့် အရှင်မဲ့နေသဖြင့် ပင်ရိုင်းများကဖ[illegible]မင်းမူနေ၏။ တိုက်ကတော့ မိမိတို့ တိုက်လို တိုက်အသ[illegible]ပါပဲ။

"ပိုင်ရှင်ဘယ်သူမှန်း မသိဘူး"

"ဘယ်ဟာလဲ ကိုဖုန်း"

"ဟိုဘက်ခြံက တိုက်ကြီးကို ပြောနေတာ၊ မြေအကျယ်ကလည်း ကျွန်တော်တို့ခြံလောက်ရှိမယ်၊ ဟိုးခြံထောင့်က ပိတောက်ပင်ကြီးကတော့ နွေဆိုရင်ရွှေရောင်လည်းလည်း ပွင့်မှာပဲ"

ဦးထွန်းစံက ပန်းအိုးကိုချပြီး မျှော်ကြည့်သည်။

"မနေ့က နေ့လယ်လောက်က အမျိုးသမီးသုံးယောက် လာကြည့်ကြတယ်ကိုဖုန်း"





"အဲဒီတိုက်ကိုလား"

"ဟုတ်တယ်၊ နှစ်ယောက်ကတော့ ပွဲစားထင်ပါရဲ့၊ ဆင်ဝင်အောက်မှာ အကြာကြီးရပ်ပြီး စကားပြောကြတယ်"

"အင်း..ခြံနီးချင်းကောင်းတွေ ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ၊ ခြံချင်းကပ်ပြီး စိတ်ထားပုတ်တဲ့လူတွေနဲ့ဆုံရင်တော့ တကယ်ကို ကြီးမယ့်ဝဋ်ဒုက္ခပဲ"

"သူ့ခြံကိုယ့်ခြံ နေကြတာပဲ ကိုဖုန်းရာ၊ ပြီးတော့ ဆရာနဲ့ ကိုဖုန်းကလည်း အိမ်မှာ အချိန်ပြည့်ရှိတာမှ မဟုတ်တာ၊ ဦးစံနဲ့သာ ဆုံရမှာ"

"အပျိုကြီးတစ်ယောက်လောက် ပါရင်တော့ အပိုင်ပဲ"

"ဘာလဲ ကိုဖုန်းကြံမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ ဦးစံနဲ့ ဘာညာသာရကာဖြစ်အောင် ကြံဆောင်ပေးမလို့"

"တော်ပါပြီ ကိုဖုန်းရာ၊ ဘဝကို အေးအေးချမ်းချမ်းနဲ့ပဲ အရိုးထုတ်ပါရစေ"

ဖုန်းမြင့်ခေါင် တဟားဟားရယ်ပြီး တိုက်ဆီသို့ ပြန်လျှောက်ခဲ့သည်။ ရေမိုးချိုးပြီး ကျော်လတ်ဆီသို့သွားမည် ဆိုသည့် အတွေးကလည်း ရှိနေ၏။

❊❊❊



[၁၂]

"ဘယ်နေရာဖြစ်ဖြစ်၊ ငါမပါရင် မင်း မသွားတတ်တော့ဘူးလား ကျော်လတ်"

'မင်း မောင်း'ဆိုသည့် သဘောဖြင့် ကားသော့ လှမ်းချင်း သူက ပြောသည်။

"ပြေးကြည့်မှ ဒီသူငယ်ချင်းနှစ်ယောက်ထဲရှိတာကွာ၊ မင်းနဲ့ငါက ညီအစ်ကိုရင်းခြာတွေထက်တောင် ပိုချစ်ကြတဲ့ သူငယ်ချင်းတွေပဲဟာ"

"မင်းမိန်းမ ယူရင်တောင် ငါက ညစောင့်ထိုင်လုပ်ပေးရမယ့်ပုံပဲ"

"အာ... အဲဒါတော့ မလိုဘူး သူငယ်ချင်း ရတယ်၊ ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေပေး"

ရယ်ရင်း ကားပေါ်တက်သည်။

"ချစ်သူနဲ့ သွားတာပဲ၊ နှစ်ယောက်ထဲ သွားတော့ ပိုပြီး လွတ်လပ်မှု မရှိဘူးလား"

"ပထမတော့ ပန်စီနဲ့ ငါနှစ်ယောက်ထဲ သွားဖို့ပဲ၊ သူ့သူငယ်ချင်းလိုက်မယ်ဆိုလို့ လော်ကားဥယျာဉ် ဂိတ်မှာ ချိန်းလိုက်တာ"

"သူတို့ကားနဲ့ လိုက်သွားလဲ ပြီးတဲ့ဟာကို"

"အကြောင်းအမျိုးမျိုးကြောင့်ပေါ့ ဖုန်းမြင့်ခေါင်ရာ၊ လော်ကားဥယျာဉ်သွားတယ် ဆိုတာကလည်း နှစ်ယောက်ထဲဆို ပျင်းစရာကောင်းတာပေါ့၊ အပေါ် အပေါင်းနဲ့ဆို ပျော်စရာကောင်းတာပေါ့"

ကျော်လတ်က ကားစက်ကို နှိုးသည်။

"မင်းတစ်ခုတော့ စဉ်းစားထားနော် ကျော်လတ်"

"ဘာကိုလဲ"

"ပန်စီတော့ သူငယ်ချင်းမနဲ့ ငါ့ကို မိတ်ဆက်ပေး မယ့် ကိစ္စပါ"





"အဲဒါ ဘာဖြစ်လဲ"

ကားကိုခြံထဲမှ ဘီးလိမ့်မောင်းထွက်သည်။

"ငါက မိန်းမတွေနဲ့ သိပ် စကားပြောတတ်တဲ့ကောင် မဟုတ်ဘူး"

"အလိုက်ထိုက်ပေါ့ကွာ၊ ပန်စီက သူ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးရင် ဟုတ်ကဲ့ခင်ဗျာ၊ သိရတာ ဝမ်း သာပါတယ်၊ ရင်းရင်နှီးနှီး ခင်မင်ပါ၊ ဘာညာပေါ့ ကွာ၊ မိန်းမဆိုတာ အလိုက်အထိုက်ပေါင်းလိုက် ရင် ကိစ္စပြတ်တာပဲဟာ"

"အေးလေ၊ အတတ်နိုင်ဆုံးတော့ ကြိုးစားကြည့် မယ်"

လမ်းမကြီးပေါ်ရောက်တော့ ကျော်လတ်က စက်ရှိန်ကို မြှင့်လိုက်သည်။ တံခါးနှစ်ပေါက် စီလီကာ ကားလေး၏ ပြေးအားက လမ်းမပေါ်မှ တရိပ်ရိပ်။

✲✲✲



www.burmeseclassic.com

www.burmeseclassic.com



ပန်စီတာ၏ အပြုံးကတောက်ပနေ၏။

ကားထဲမှ သူမအဖေါ်က ကားတံခါးဖွင့်ပြီး ကားပေါ်မှ ညင်ညင်သာသာ အဆင်းတွင်...

"ဟာင်"

ဖုန်းမြင့်ခေါင်နှင့်ကျော်လတ် တစ်ကိုယ်လုံး ထူပူသွားသည်။ တအံ့တသြ ရှိနေဆဲမှာပင်...

"ရှင် ... ရှင်တို့"

ကေရီ ဆိုသည့် အမျိုးသမီး။

မသိဘဲနေပါ့မလား။

မမှတ်မိဘဲ နေပါမလား။

သူ၏ဘဝမှာ ဒေါသအကြီးမားဆုံး ဖြစ်ခဲ့ရသော မိန်းမလူသား။

"ကြုံတတ် ဆုံတတ်လိုက်တာဗျာ"

"အို... ကေရီနဲ့ ကိုဖုန်းမြင့်ခေါင်တို့က အစကတည်းက သိနေကြတာလား၊ ဝမ်းသာလိုက်တာဟယ်၊ ကေရီ ဒါက ကိုယ့်အမျိုးသားလေ ကိုကျော်လတ်လေ"





ပန်စီတာက အကျိုးရင်း အကြောင်းရင်းဘာမှ မသိ ကြားကနေပြီး ဝမ်းပန်းတသာပင် ဖြစ်နေလိုက်သေးသည်။

"တော်... ပန်စီ၊ တော်စမ်းပါ၊ ဒီလမ်းကြမ်းပိုးတွေနဲ့ အစကတည်းက သိတာ ကောင်းသောသိခြင်း မဟုတ်ဘူး သိလား"

ကျော်လတ်ကတော့ ပန်စီတာရှေ့မှာ မျက်နှာငယ်ငယ်လေးနှင့် ဖြစ်နေ၏။ သူက ကေရီ မျက်နှာကို စူးစူးရဲရဲကြည့်ပြီး-

"သိဖ်ဟုတ်တာပေါ့ဗျာ၊ ခင်ဗျားလေးနဲ့ သိခဲ့တာ ကောင်းသော သိခဲ့တာမှ မဟုတ်ဘဲ၊ ကျက်သရေအင်မတန်ယုတ်စွာသော အသိမျိုးနဲ့ သိခဲ့ရတာပဲ"

"လူဝါးမဝနဲ့"

"လူဗျ..လူ၊ လူဆိုတာ လူဝါးဝရတယ်၊ လူဝါးမဝတော့ လူ မဟုတ်လို့ပဲ"

"အေး... တို့လည်း လူဝါးဝတယ်၊ ဘာဖြစ်လဲ"

"ဘာမှ မဖြစ်ပါဘူး၊ ခင်ဗျားလေး လူဝါးဝတော်ရင်တော့ လူလို့ ကျုပ်က သတ်မှတ်လိုက်မှာပေါ့"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



ကေရီ တောက်ကို ပြင်းပြင်းထန်ထန် ခေါက်၏။ ပန်စီတာခများတော့ မျက်စိမျက်နှာအပျက်ပျက် ဖြစ်နေရှာသည်။

"ပန်စီတော့ စိတ်ညစ်လိုက်တယ်ဟယ်၊ ကိုဖုန်းမြင့်ခေါင်က သဘောကောင်းပါတယ် ကေရီရဲ့"

"ဘာသဘောကောင်းရမှာလဲ၊ ဒီလိုကြမ်းပိုးတေလေတွေနဲ့ဆိုရင် ကိုယ်အစကတည်းက မလိုက်ဘူး ပန်စီ သိလား"

"ခင်ဗျားလေး စကားတွေက ရင့်သီးနေပါလား၊ ဒီထက် မိုက်ရိုင်းလာရင် ကျုပ်ဆွဲထိုးမိမယ်"

"အံမယ် ထိုးကြည့်ပါလား၊ ထိုးလေ သတ္တိရှိရင် ထိုးကြည့်လိုက်ပါလား"

ကေရီက ရင်ကိုကော့ပြီး ရှေ့တစ်လှမ်းတိုးသည်။ ပန်စီတာက ကေရီလက်မောင်းကို ဆုပ်ကိုင်ထားသလို ကျော်လတ်က ဖုန်းမြင့်ခေါင်လက်ကို ဖမ်းဆုပ်ထား၏။

"မင်း ငါ့ကို မဆွဲနဲ့ ကျော်လတ်၊ ဒီလို အပေါက်အစပ်များတဲ့ မိန်းမမျိုးပါလားမှန်းသိရင် ငါအစ က မလိုက်ဘူး"





"ရှင်...ရှင်နော်၊ ပါးရှစ်စိတ်ကွဲချင်ပြီထင်တယ်"

"လာလေ၊ ရှေ့တိုးလေ၊ လက်သီးက မိန်းမယောကျ်ား မရွေးဘူး သိလား"

"ဖက်ပြီး ပြောနေရတာတော့ နှလုံးနာတယ်၊ ဒီမယ်ပန်စီ... ယူပြန်ရင် ယူ့အမျိုးသားကားနဲ့ သာပြန်တော့ ကိုယ်ပြန်တော့မယ်"

ခြေကို ဆောင့်ပြီး ကားပေါ်တက်သည်။

တရှိန်ထိုး မောင်းထွက်သွားသော ကေရီကို ကျော်လတ်နှင့်ပန်စီတာ ကြည့်နေဆဲမှာ သူက...

"ငါလည်း ပြန်မယ် ကျော်လတ်၊ စိတ်မကြည်မလင်နဲ့၊ ဥယျာဉ်ထဲ လျှောက်လည်နေရင်လည်း အလကားပဲ"

"ဟာ...ဟာ၊ မင်းတို့ပြန်ကြတော့ ငါနဲ့ ပန်စီက ဘာနဲ့ပြန်ရမှာလဲကွ"

"မပြန်နဲ့ကွာ၊ လော်ကားဥယျာဉ်ထဲမှာပဲ အိုးဖွဲ့အိမ်ဖွဲ့ နေကြတော့"



www.burmeseclassic.com

www.burmeseclassic.com



သူကပါ ကားကို တရှိန်ထိုး မောင်းထွက်သည်။

နောက်ပါးမှာ ကျော်လတ်နှင့်ပန်စီတာ မျက်နှာငယ်လေးတွေနှင့် ကျန်ရစ်ခဲ့ပါ၏။

❊❊❊

ကားမောင်းရင်း ဒေါ်သက ပြေပျောက်ခြင်း မရှိ။ 'ဒင်းက ဘာကောင်မမို့လို့လဲ' ဆိုသည့် အတွေးကလည်း ဖုန်းမြင့်ခေါင်ရင်မှာဝင်သည်။

ထောက်ကြန့်အလွန် ကုန်တင်ကားတစ်စီးကို ခပ်ကြမ်းကြမ်း ဖြတ်ကျော်အတက်တွင်....

"အာ...ရှေ့မှာ ဟိုမိန်းမကားပါလား"

မီအောင်လိုက်သည်။

ဘေးချင်းယှဉ် အနေအထားသို့ ရောက်သောအခါ...

"ဘာလဲ ငရဲပြည်ကို အကြွေတစ်မတ် မပါဘဲ သွားချင်လို့လား"

ကေရီ၏ ဂျစ်ဆတ်ဆတ်အသံ။





"ကျုပ်ဆီမှာ မတ်စေ့နှစ်စေ့ ဖြစ်နေလို့ ခင်ဗျားကို တစ်စေ့လိုက်ပေးတာ"

"ဒီမယ်၊ ရှင်ဘေးချင်းယှဉ်ပြီး မလိုက်နဲ့နော်၊ ရှင့်ကို အဖက်လုပ်ပြီး စကားမပြောနိုင်ဘူး"

"လိုက်ချင်လို့ လိုက်တယ် မထင်နဲ့၊ ခင်ဗျားကားကို ရပ်လိုက်စမ်းပါ"

"ဘာလဲ ထိုင်ရှိခိုးမလို့လား"

"ထိုင်ရှိခိုးဖို့တော့ မဟုတ်ဘူး၊ ထိုင်ပြီး ... ဟာ ကျုပ်စကားပြော မိုက်ရိုင်းမိတော့မှာပဲ"

"သေလိုက်"

နောက်ပါးမှ ကားတစ်စီး၏ ဟွန်းသံ။

သူ စက်ရှိန်ကိုလျှော့ပြီး ချန်အပေးမှာ ကေရီ စက်ကုန်ဆောင်းနှင်သွားသည်။

ရှေ့မှ ကားနှစ်စီးကို အကာကွယ်ယူပြီး တရိပ်ရိပ် ပြေးနေသော ကားကလေးကို ဖုန်းမြင့်ခေါင် အံကိုတင်းတင်းကြိတ်လိုက်မိပါ၏။

❊❊❊



www.burmeseclassic.com

www.burmeseclassic.com

[၁၃]

"သမီးရှိတယ် ပန်စီ၊ အပေါ်တက်သွားလေ"

အောက်ထပ်မှ မေမေ့အသံကို ကြားသည်။

ပြီးတော့ 'အန့်တီနေကောင်းတယ်နော်'ဆိုသည့် ပန်စီတာ့အသံ။ တစ်ဆက်တည်းမှာပင် အပေါ်သို့တက်လာသည့် ခြေသံ။

စာရေးစားပွဲမှ ခေါင်းကို အသာငဲ့စောင်းပြီး ကြည့်ဆဲဝယ် ပန်စီတာ အပေါ်ရောက်လာ၏။

"ဖုန်းလည်းမဆက် လူလည်းမလာနဲ့ ကိုယ့်ကို စိတ်ဆိုး နေလား ကေရီ"

"စိတ်ဆိုးတာ မဟုတ်ဘူး၊ ဒေါသဖြစ်တာ"





"မဖြစ်ပါနဲ့ သူငယ်ချင်းရာ၊ ကိုယ်က တကယ်ကို မသိတာပါ၊ ကိုလတ်ကလည်း ကေရီဖြစ်နေတော့ အရမ်းကို အံ့သြသွားတာ"

"ပန်စီမို့လို့ကွာ၊ ဒီလိုကောင်တွေနဲ့ ပတ်ပတ်သက်သက်ဖြစ်ပြီး ရည်းစားဖြစ်ရတယ်လို့"

ပန်စီတာက ပြုံးရင်း ကုလားထိုင်တစ်လုံးကို ကေရီဆီသို့ တိုးရွှေ့ယူလိုက်၏။

"ဘာတွေရေးနေတာလဲ"

"ရည်းစားစာ"

"အလို့...ရည်းစားစာ ဟုတ်လား၊ ကေရီမှာ ချစ်သူရည်းစားရှိတယ်လို့ အရိပ်အမြွက် ကလေးတောင် မသိခဲ့ပါလား"

ကေရီက မျက်စောင်းထိုး၏။

ပန်စီတာက စားပွဲပေါ် မေးကလေးတင်ပြီး ကေရီကို ကျဲကျဲနှင့် ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော်စမ်းပါ၊ ယောက်ျားဆို မုန်းလွန်းလို့သိလား၊ ပန်စီသာ ယောက်ျားတွေကိုအထင်တကြီးနဲ့ချစ်နေ"

"သိဘူးလေ၊ ဧကရီက ရည်းစားစာ ရေးနေတာဆိုလို့ပါ"

"သက်သက်မဲ့ ရွှံ့ပြောတာ"

"အဟုတ်"

"ပန်စီ၊ တော်ကွာ၊ လာနှောက်မနေနဲ့၊ ဟိုတစ်နေ့က ကိစ္စကို သိပ်စိတ်ဆိုးတယ်သိလား"

"ဩော်... ဧကရီရယ်... ဧကရီနဲ့ ကိုလတ်တို့ ကတောက်တဆ ဖြစ်ခဲ့တယ်ဆိုတာ ကိုယ်က သိတာမှ မဟုတ်တာ၊ သူတို့ကလည်း ဧကရီဖြစ်မယ်မှန်း ဘယ်လိုမှ ထင်မထားကြပါဘူး"

စာရေးစားပွဲမှထသည်။

ပန်စီတာနှင့်အတူ အိပ်ခန်းထဲဝင်ခဲ့ပြီး ပြူတင်းတံခါးကို ဖွင့်၏။ လေပြည်က အိပ်ခန်းတွင်းသို့ တိုးဝင်လာသည်။





ပန်စီတာက အိပ်ရာပေါ် အသာလှဲလိုက်ပြီး ဧကရီ၏ မျက်နှာကို လှမ်းကြည့်သည်။

"ကိုလတ်အတော်ကို စိတ်မကောင်း ဖြစ်နေတာ ဧကရီ၊ ဖြစ်ပျက်တုန်းက တစ်ကြိမ်မှာ သူပါတယ် မဟုတ်လား၊ အဲဒါကိုလည်းတောင်းပန်ခိုင်းတယ်"

"ကိုယ်ပန်စီ အမျိုးသားကို စိတ်မဆိုးပါဘူး၊ အသည်းယားတာက ဖုန်းမြင့်ခေါင်ဆိုတဲ့ ဟိုလူကို အသည်းယားတာ၊ စကားပြောတာလည်း သိပ်လူဝါးဝတယ်"

ပန်စီတာက ပြုံး၏။

"မပြုံးနဲ့ပန်စီ၊ ဆွဲဆက်ပြီးဆောင့်ပစ်လိုက်ချင်တာ သိလား၊ လမ်းမှာလည်း တွေ့သေးတယ်လေ၊ အရမ်းကို ဒေါသဖြစ်ခဲ့ရတာ"

"ဧကရီရယ်၊ ကိုဖုန်းမြင့်ခေါင်က သဘောကောင်းပါတယ်၊ အပြောအဆို မတတ်တာက ဖအေရဲ့လက်ပေါ်မှ ကြီးပြင်းခဲ့ရတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ မပြောနဲ့၊ ကိုယ်စိတ်မဝင်စားဘူး၊ နောက်ဆို ယူ့အမျိုးသားကိုပြော၊ ကိုယ့်ကို ခင်မင်နိုင်တယ်လို့၊ ဟိုလူနဲ့တော့လာပြီး ပတ်သက်အောင် လုပ်မလာနဲ့လို့"

"သဘောကောင်းပါတယ်"

"လာပြန်ပြီး သဘောကောင်းဟာ၊ ဘာလဲ ပန်စီ၊ ဖုန်းမြင့်ခေါင်ဆိုတဲ့လူက သူ သဘောရှကောင်းကြောင်းတွေကို ပန်စီကို အခကြေးငွေပေးပြီး ပြောခိုင်းလို့လား"

"မပြောခိုင်းပါဘူး ကေရီရာ၊ နောက်ထပ်တောင် မတွေ့ပါဘူး၊ သူနဲ့ကိုလတ်က အလုပ်ခပ်များများကွ၊ ကျောက်မြောင်းမှာ ရှစ်ထပ်တိုက်တစ်လုံး ဆောက်ဖို့ စီစဉ်နေကြတယ်၊ သူငယ်ချင်းနှစ်ယောက် အစုရှယ်ယာပေါ့"

"ဘာလဲ၊ တစ်ခါက ပန်စီပြောတဲ့ သူ့ သူငယ်ချင်းနဲ့ ကန်ထရိုက်လုပ်မယ်လို့ ပြောတာ ဖုန်းမြင့်ခေါင်ကို ရည်ရွယ်ပြောတာလား"





"ဟုတ်တယ် ကေရီ"

"သွားပြီ ဒီလောက် စိတ်သဘောထားပုပ်နေတာ တိုက်က သဲများပြီး တိုက်ခန်း ဝယ်မဲ့သူတော့ အုတ်ပိပြီး သေမလားပဲ"

"မဟုတ်တာ ကေရီရယ်၊ ကိုဖုန်းမြင့်ခေါင်က အလုပ် လုပ်ရင် သိပ်တိကျတာ၊ အရည်အချင်းက အရွယ်နဲ့တောင် မမျှဘူးကွ"

"သွားစမ်းပါ၊ ကိုယ်က လူကိုတင်မကဘူး၊ နာမည်ကိုပါ မုန်းတာ၊ ဖုန်းမြင့်ခေါင်တဲ့ ဟင်း... ဟင်း... နောက် ပန်စီနဲ့တွေ့ရင် ပြောလိုက်၊ ကေရီဆိုတဲ့ မိန်းမက ဖုန်းမြင့်ခေါင်ကို ဖုန်းနိမ့်အောင် လုပ်ပြမယ်လို့"

"ကေရီကလည်းကွာ"

"နေပါဦး၊ မေးစမ်းပါရစေ၊ မင်းအမျိုးသားကို ရှယ်ယာထည့်ခိုင်းတာ သူ့မှာ ငွေမရှိလို့မို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကေရီ၏ မဲ့မဲ့ရွဲ့ရွဲ့ ပြောနေဟန်ကိုကြည့်ပြီး ပန်စီတာက အိပ်ရာမှ လှဲနေရာမှ အသာလူးလဲ ထလိုက်သည်။ ကေရီက ပလပ်စတစ်အိတ်လေးထဲမှ ဆားချိုသီးတစ်လုံး လှမ်းပေး၏။

"ကိုဖုန်းမြင့်ခေါင်တို့က ချမ်းသာလိုက်တာမှ ကျိုကျိုတက် ကေရီ၊ ကိုလတ်က ရှယ်ယာဝင်ပါ ပါရစေလို့တောင်းပန်တာကို အင်တင်တင်လုပ်သေးတာ၊ နောက်မှ သူငယ်ချင်းလည်းဖြစ်၊ ပေးထားတဲ့ ကတိလည်း ရှိတယ်ဆိုပြီး လက်ခံတာ၊ သူ့အဖေဆို ဘာရှယ်ယာကိုမှ လက်ခံတာ မဟုတ်ဘူး"

"သူ့အဖေကလည်း ကန်ထရိုက်တာပဲလား"

"ဟုတ်တယ်၊ အင်ဂျင်နီယာဘွဲ့ရထားတာ"

"တော်ပါပြီကွာ၊ စိတ်မဝင်စားပါဘူး"

"ဟင်း... စိတ်မဝင်စားလို့သာပဲ"

"မပြောပါနဲ့တော့ ပန်စီရာ၊ ဖုန်းမြင့်ခေါင်ဆိုတဲ့ လူကို အသံတောင် ကြားချင်တာ မဟုတ်ဘူး၊ မုန်းလွန်းလို့"





ပန်စီတာ ခပ်ဟက်ဟက်ကလေး ရယ်သည်ကို ကေရီက မျက်စောင်းဝင့်ကြည့်ပြီး...

"စိတ်ဝင်စားမယ် မထင်နဲ့ ပန်စီ၊ ကိုယ့်ကိုစော်ကားထားတာ တစ်သက်မကျေဘူးသိလား၊ မယုံရင် ကုတင်ခြေရင်းက နံရံကို ကြည့်လိုက်စမ်း"

ပန်စီတာက လှမ်းကြည့်၏။

ပုံပန်းမကျသော လူရုပ်ပုံအောက်တွင် ဖုန်းမြင့်ခေါင် ဟု အမည် ရေးထား၏။

"အဲဒီပုံမကျ ပန်းမကျ ပုံကြီးကို ကေရီ ဆွဲတာလား"

ပန်စီတာက အထူးစားပုံဆွဲ စက္ကူကို လှမ်းယူလိုက်၏။

"ဟုတ်တယ်၊ သတိရလွန်းလို့ဆွဲတာ မဟုတ်ဘူး၊ ညနေအပုပ်ချိန်မှာ ကျက်သရေမရှိတဲ့ ဒင်းရဲ့ရုပ်ကို မီးရှို့ပြာချပြီး မြေမြှုပ်ပစ်မလို့သိလား"

"ဩော်... ကေရီရယ်၊ အညိုးအတေးကလည်း တကယ်ကို ကြီးလှပါလား"

✲✲✲



www.burmeseclassic.com

www.burmeseclassic.com

## [၁၄]

"ဖေဖေ၊ ဘွားဘွားဆီက ဖုန်းလာတယ်"

"ဟုတ်လား"

ဖေဖေထိုင်ရာမှ ထလာသည်။ ဖုန်းမြင့်ခါင်က ဖေဖေ့ကို ဖုန်းခွက်လှမ်းပေးသည်။ ဖေဖေက ဖုန်းခွက်ကို နားမှာ အသာကပ်ပြီး...

"မေမေ ကျွန်တော်ပါ"

"သားကလည်း မေမေတို့ဆီ ဖုန်းတောင် မဆက်ဘူး"

"ကျွန်တော် အလုပ်ကိစ္စတွေ များနေလို့ မေမေ၊ မေမေ့မြေးက မကြာမကြာ ဆက်တယ်မို့လား"





"ဆက်လည်း ခဏပဲ၊ ဒါပဲနော် ဘွားဘွား၊ သားကိစ္စလေးတွေ ရှိသေးလို့ဆိုပြီး ဖုန်းချသွားတာပဲ"

ဘာတွေပြောသည်တော့ မသိ၊ ဖေဖေပြုံးသည်ကို သူ လှမ်းမြင်၏။

"မေမေ့ မြေးက ကျွန်တော့်ခြေရာနင်းနေတာ မေမေရဲ့၊ ဒါကြောင့်မေမေ့မြေး မအားမလပ် ဖြစ်နေတာပါ"

"မင်းတို့သားအဖ နှစ်ယောက် ဒီလောက်တောင် ဖါးစား၊ ငါးစား ရှာနေစရာ မလိုပါဘူးကွယ်၊ အေးအေးလူလူများ နေစမ်းပါ"

"ဩော်... မေမေရယ်၊ လူဆိုတာ အလုပ်မလုပ်ပဲ နေရင် အတွေးအခေါ်တွေ အရည်အချင်းတွေ အားနည်း သိမ်ဖျင်းသွားမှာပေါ့၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်း နည်းသွားမှာပေါ့"

"မင်းကို ပြောလိုက်ရင်တော့ ဆင်ခြေကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဖေဖေကော မေမေ၊ နေကောင်းတယ် မဟုတ်လား"

"မိုးကုတ်က သူ့အမျိုးတွေဆီ သွားလေရဲ့၊ မင်းဖေဖေလည်း သူငယ်ပြန်နေလား မသိပါဘူး၊ အပြင် ထွက်ထွက်ပြီး လည်လိုက်ရတာ အမောပဲ၊ လက်ဖက်ရည်ဆိုင်ထိုင်တာတော့ နေ့တိုင်းပဲ"

"နေပါစေ မေမေရယ်"

"ဟဲ... နေတာထိုင်တာက သူ့အရွယ် လူကြီးတွေနဲ့ မဟုတ်ဘူး ကာလသားတွေနဲ့ထိုင်တာ"

ဘွားဘွားဘာပြောသည်မသိ။ ဖေဖေကတော့ ရယ်၏။

"ရယ်မနေနဲ့ အောင်ဖုန်း၊ ငါမြေးနဲ့ စကားပြောဦးမယ်၊ အနားမှာ ရှိတယ် မဟုတ်လား။

"ရှိတယ် ဖေဖေ"

ဖေဖေက ဖုန်းခွက်ကို ကိုင်ထားရင်း သူ့ကိုလှမ်းပြောသည်။





"မင်း ဘွားဘွားက မင်းနဲ့ စကားပြောမလို့တဲ့ သား"

သူက ဖေဖေ့ထံပါးသွားပြီး ဖုန်းခွက်ကိုယူသည်။

"ဘွားဘွား သားပါ"

"မြေးလေးလား"

"ဟုတ်ပါတယ် ဘွားဘွားရဲ့"

"မင်းလည်း ဖအေလိုပဲ၊ ကိုယ့်အဘိုးနဲ့ အဘွားကို သတိမှ ရရဲ့လား"

"အရမ်းသတိရတာပေါ့ ဘွားဘွားရာ၊ ဖုန်းမဆက်ဖြစ်တာက အလုပ်များနေလို့ပါ"

"လာပြန်ပြီ ဖအေလို လေသံမျိုး၊ ရန်ကုန်မှာ အလုပ်တွေ နင်းကန်များနေကြ၊ မန္တလေးမှာ ငါ့အဖေ၊ အမေ၊ အဘိုး၊ အဘွား ရှိကြပါသေးလားဆိုတာကိုတော့ အသိစိတ်မှာ ရှိကြသေးရဲ့လား"

"ရှိတာပေါ့ ဘွားဘွားရဲ့၊ ဟိုတစ်ခါလာတုန်းက ဘိုးဘိုးနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဘိုးဘိုး ပြောတဲ့ အချစ်ဒဿနတွေကိုလည်း မမေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး... သားအဘိုးက သူငယ်ပြန်ပြီး ပြောချင်ရာ ပြောနေတာ၊ ဒီမယ်၊ ဘွားဘွားပြောမယ်၊ နား ထောင်စမ်း"

"ဟုတ်ကဲ့"

"ငါ့မြေးကို ဘွားဘွားသိပ်လွမ်းနေတယ်၊ ဒီတော့ ရှေ့အပတ်ထဲ မန္တလေးကို မြေးတက်လာခဲ့ပါ၊ ဒါပဲ"

ပြောပြီး ဘွားဘွားက ဖုန်းကို ခွပ်ခနဲ ချသွားသည်၊ ဖေဖေက စီးပွားရေးမဂ္ဂဇင်းတစ်အုပ် ဖတ်နေရာမှ မျက်လုံးလှန် ကြည့်ပြီး...

"သားဘွားဘွားက မန္တလေးကနေ ဘာတွေ လှမ်း ဆူနေပြန်ပြီလဲ"

"ထုံးစံအတိုင်းပေါ့ဖေဖေ၊ ပြီးတော့ အမိန့်တစ်ခု လည်း ထုတ်လိုက်တယ်"

"ဘာအမိန့်လဲ သားရဲ့"

"သားကိုလွမ်းတယ်တဲ့၊ ရှေ့အပတ်ထဲ မန္တလေးကို တက်လာရမယ်တဲ့၊ စကားပြန်အပြောတောင် မစောင့်တော့ဘူး၊ ဖုန်းကို ခွပ်ခနဲ ချသွားတယ် ဖေဖေ"





"အင်း ဘွားအေကြီးက တွေ့ချင်တယ်ဆိုလည်း သွားပေါ့သားရယ်၊ မင်းအလုပ်တွေကို မောင် ကျော်လတ်နဲ့ လွှဲခဲ့ပေါ့၊ သူလည်း လုပ်ငန်းကို နိုင်သင့်သလောက် နိုင်နေပြီ မဟုတ်လား"

သူ ဖေဖေ့ကို ခေါင်းအသာညိတ်ပြလိုက်၏။

❊❊❊



www.burmeseclassic.com

www.burmeseclassic.com

## [၁၅]

“ပန်စီကတောင် လိုက်ပို့ချင်တာ ဖုန်းမြင့်ခေါင် သူ့အစ်ကိုကြီးရဲ့ အင်ဂေ့ချ်က ညနေမှာ ရှိနေလို့”

“မင်းတစ်ယောက်ထဲ လိုက်ပို့တာနဲ့ လုံလောက်တယ်၊ နေရာတကာမှာ မိန်းမတွေ ခေါ်ခေါ် မလာစမ်းပါနဲ့ကွာ”

“ပန်စီက မင်းကို တော်တော်ခင်ရှာတာပါ”

သူ့စကားပြောမှားသွားသည်ကို သိလိုက်ပြီး ...

“မင်းနဲ့ ပတ်သက်ပြီး ငါပန်စီကို ရင်းရင်းနှီးနှီး ခင်တယ်ဆိုတာ မင်းသိပါတယ်”

“ဒါနဲ့များကွာ”





“မဟုတ်ပါဘူး၊ မင်းက နေရာတကာ ခေါ်ခေါ်လာလို့ တမင်သက်သက် ပြောလိုက်တာ”

“ချစ်တာကိုးကွ”

“နေပါဦး မင်းကို ငါ မေးစမ်းပါရစေ”

“ဘာမေးမှာလဲ”

“ချစ်တာ အရသာ ရှိလို့လား၊ ချော့ကလက်ပြား လေးငုံထားရတဲ့ အရသာမျိုးပေါ့ကွာ”

“မေးရဲလိုက်တာကွာ၊ အချစ်ရဲ့ အရသာဆိုတာ ဒန်ပေါက်နဲ့လည်း မတူဘူး၊ မင်းစားစားနေတဲ့ ချော့ကလက်ပြားရဲ့ အရသာနဲ့လည်း မတူဘူး”

“ဒီထက် ကောင်းလို့လား”

“အဲဒါတွေထက် အပြန်တစ်ရာတောင်ကျော်ပြီး ကောင်းတာပေါ့ကွာ၊ မင်းချစ်ကြည့်လိုက်စမ်းပါ”

“ဘယ်သူ့ကို ချစ်ရမှာလဲ”

“ကေရီကို”

“တော်စမ်းပါ၊ ဒီကောင်မနဲ့ ငါက ကမ္ဘာရန်ဆိုတာ မင်းသိရက်သားနဲ့”



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပေါက်မှ ခရီးသည်တွေ အလျှိုလျှိုဝင်ကုန်ကြသည်။

"ကေရီက မင်းအကြောင်းတွေကို ပန်စီကို မေးရှာပါတယ်၊ ပန်စီကလည်း မင်းကိုယ်စား ကေရီကို တောင်းပန်ထားပါတယ်"

"ဟာ... မင်း ငတိမက အပိုတွေလုပ်တော့မယ်၊ သူ့ကို ဘယ်သူက တောင်းပန်ခိုင်းလို့လဲ"

"အားလုံးပြေပြေလည်လည် ဖြစ်စေချင်တဲ့ ပန်စီရဲ့ဆန္ဒပါကွာ၊ မင်းကလည်းငါ့အချစ်ဆုံးသူငယ်ချင်း၊ ကေရီကလည်း ပန်စီရဲ့အချစ်ဆုံးသူငယ်ချင်း"

"ဘာလဲ၊ အချစ်ဆုံးသူငယ်ချင်းမနှစ်ယောက်နဲ့ အချစ်ဆုံးသူငယ်ချင်းထီးနှစ်ယောက် ကိုယ်စီ ချစ်သွားကြလေသတည်းဆိုတဲ့ ဇာတ်လမ်းမျိုး ဖန်တီးမလို့လား၊ ဝတ္ထုဆန်ဆန်စိတ်ကူးတွေ လာမယှဉ်နဲ့ကျော်လတ်၊ ငါက ကေရီကိုအသည်း ဆားနဲ့ပက်ပြီး မီးရဲရဲမှာကင်စားချင်လောက်အောင်ကိုမုန်းတာ"

"မင်းကလည်းကွာ"

"ကဲ... မင်းကလည်းကွာ လုပ်မနေနဲ့၊ အဝင် တံခါးပိတ်တော့မယ်၊ ငါသွားမယ်"





"ဟာ ဟုတ်ပါရဲ့၊ ရထားထွက်ဖို့ ငါးမိနစ်ပဲ လိုတော့တယ် ဟော့ကောင်ရ"

ဝင်ပေါက်သို့ ခပ်သွက်သွက်ကလေး လျှောက်ခဲ့သည်။ သက်မှတ်စစ်၏ မမီဘဲ နေတော့မှာပဲ ဆိုသည့်အကြည့်။ သက်မှတ်နှင့် မှတ်ပုံတင်ကို တိုက်ကြည့်ဆဲဝယ်...

"မင်း မန္တလေးမှာ ဘယ်နှစ်ရက်မှာလဲ ဖုန်းမြင့်ခေါင်"

"လေးငါးရက်ပဲနေမှာ"

"ပြန်ရင် ဖုန်းဆက်လိုက်လေ"

"မဆက်တော့ဘူး၊ အလုပ်သမားတွေကိုသာ မင်းဖိဖိစီးစီးအုပ်ချုပ်ပါ"

သူ အထက်တန်းတွဲဆီသို့ အပြေးကလေး လာခဲ့သည်။ ရထားက ထွက်တော့မည်။

❊❊❊

"ဟာ...ကိုယ်ကျိုးတော့ နည်းပြီ"

မထင်မှတ်မှုဟာ တိုက်တိုက်ဆိုင်ဆိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မျှော်လင့်မထား။

သည်လို အနေအထားမျိုး ဖြစ်လာလိမ့်မည် ဟုလည်း လုံးဝ မတွက်ဆခဲ့။

သူ မှင်တက်တက်ကြီး ရပ်မိနေဆဲဝယ် ကေရီက မျက်နှာဆတ်ခနဲ လွှဲသည်။ မယုံကြည်နိုင်မှု၊ အံ့သြမှုများသည် လည်း ကေရီ့ မျက်နှာမှာ အထင်းသား ပေါ်သည်။သို့သော်လည်း ကေရီသည် မျက်နှာထားကို လုံးဝတင်းထား၏။

"ဒီမယ်၊ ဒီမယ်"

ကေရီက ဆတ်ခနဲလှည့်ပြီး...

"ဘာလဲ"

"ခင်ဗျားလေး လက်မှတ်ပြပါ"

"အံမယ်၊ ရထားကို လက်မှတ်မဲ့ ခိုးစီးလာတယ် ထင်လို့လား၊ အထက်တန်းတွဲမှာ လက်မှတ်မပါပဲ စီးတဲ့လူ တစ်ယောက်မှ မရှိဘူး"

အသံက စွာနေ၏။





ရန်ကုန်–မန္တလေး အမြန်ရထားကြီး၏ ဂျပန်အထက်တန်းတွဲမှာ တစ်ယောက်ထိုင်ခုံ၊ နှစ်ယောက်ထိုင်ခုံ၊ သီးသန့်ပါရှိ၏။ နေရာကို အဆင်ပြေသလို အလျင်ဦးသလို ရသည်မို့ အဆိုက်သည် လူအမြဲပြည့်နေတတ်ပါ၏။

"အင်း... ခင်ဗျားလေးနဲ့ ကျုပ်က ရေစက်ကို မကုန်နိုင်ဘူး၊ ရေစက်မကုန်လို့ ပြန်ဆုံလိုက်ရင် လည်း ခွေးနဲ့ကြောင်လို ဖြစ်နေတော့တာပဲ"

"ရှင်က ခွေး"

"ဩော်... ခင်ဗျားလေးက ကြောင်ပေါ့၊ ဘယ်ရမလဲ၊ ဘယ်သူခွေးဖြစ်တယ်၊ ကြောင်ဖြစ်တယ် ဆိုတာကို မဲနှိုက်ပြီး ဆုံးဖြတ်မှ တရားနည်းလမ်းကျမှာပေါ့"

"ရှင် ဘယ်လိုလူလဲ၊ ကျွန်မ ခရီးတစ်ခုကို အေးအေးဆေးဆေး သွားပါရစေ၊ ရှင်နဲ့လည်း အဖက်လုပ်ပြီး စကားမပြောနိုင်ဘူး"

ရထားထွက်ရန် အချက်ပေးသံနှင့်အတူ ရထားဘီးက စတင်လိမ့်သည်။ ဖုန်းမြင့်ခေါင်ဘေးနှင့် ရှေ့နောက်ထိုင်ခုံများ



www.burmeseclassic.com

www.burmeseclassic.com



ကို စောင်းငဲ့ကြည့်တော့ အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်ကျော် အဘိုးကြီးတွေ၊ အဘွားကြီးတွေ မိမိတို့ ဖြစ်ပျက်နေမှု ကိုလည်း ဘယ်သူမှ စိတ်ဝင်စားဟန်မရှိကြ။

"ထားပါလေ၊ ခု အရေးကြီးတာက ခင်ဗျား လက်မှတ်ပြပါ"

"ရှင်က လက်မှတ်စစ်လား"

"ခက်ပါလား၊ ဒီမှာ ကျုပ်လက်မှတ်က ပြတင်းပေါက်ဘက်ကျတဲ့ ထိုင်ခုံဗျ။ ခင်ဗျားလေး ထိုင်နေတဲ့ ထိုင်ခုံက ကျုပ်ထိုင်ရမယ့်ခုံ"

"မသိဘူး၊ မသိဘူး၊ ကိုယ်ဦး ကိုယ်ထိုင်ပဲ"

"သင်းလှချည်လား"

"ခပ်သင်းသင်းပဲ၊ အမေမွေးကတည်းက နံ့စော်ပြီးမွေးလာတာ မဟုတ်ဘူး၊ အင်း...သိပ်စိတ်ကုန်တယ်၊ ရှင်နဲ့တွေ့မယ်မှန်းသိရင် ဒီနေ့ခရီးမထွက်ဘူး သိလား"

"ကျုပ်လည်း ခင်ဗျားလိုပဲပေါ့"





ကေရီအံ့ကလေးကြိတ်သည်။ ဖုန်းမြင့်ခေါင်က ထိုင်ခုံပြောင်းခိုင်း၍ မရတော့မည့်တူတူ လက်ထဲမှ ခရီးဆောင်ဆွဲအိတ်ကြီးကို တန်းပေါ်သို့ တင်လိုက်သည်။ ပြီး ကေရီ ဘေးချင်းကပ်မှာ ခပ်ကြမ်းကြမ်း လေးပစ်ထိုင်လိုက်၏။

"ဆင်းနေခဲ့ရင် ကောင်းမှာ"

ကေရီ ပွစိပွစိနှင့်ပြောသည်။

"ခု ဆင်းပါလား"

"ရှင်ဆင်းပါလား၊ ဒီလောက် ရထားအရှိန်နဲ့ လူမှန်ရင် ဘယ်တော့မှ မဆင်းဘူး"

"ခင်ဗျားလေးပဲ ဆင်းနေခဲ့ရင် ကောင်းမှာဆို"

"မပြောနဲ့၊ ဘာမှမကြားချင်ဘူး"

"ခင်ဗျားလိုပါပဲ"

"တောက်"

"အံမာ၊ အဲသလို တောက်မခေါက်နဲ့လေ၊ ရထားပေါ်ကပစ်ချလိုက်လို့ ညစာမစားရဘဲ နေသွားမယ်"

"လုပ်ကြည့်လေ၊ လုပ်ကြည့်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ပခုံးချင်း ပစ်တိုက်သည်။

တကယ်တန်း ထိတွေ့လာတော့ ဖုန်းမြင့်ခေါင် နည်းနည်းလန့်သွား၏။ ထိုင်နေလျှင် တက်လာမည့် ပြဿနာအရေးကိုလည်း တွေး၏။ ပင့်သက်အသာချပြီး ထိုင်ရာမှ ထသည်။ ကေရီ့ကို တစ်ချက် စောင်းငဲ့ကြည့်ပြီး တွဲတံခါး ပေါက်ဆီသို့ လျှောက်ခဲ့၏။

❊❊❊

ပဲခူးလွန်တော့ ထိုင်ခုံမှာလှဲပြီး အနားယူချင်မှုက ဖြစ်ပေါ်လာသည်။ ထိုင်ခုံဆီပြန်လျှောက်ခဲ့တော့ ကေရီကို စောင်ပါးလေး ခြုံလျက်တွေ့ရ၏။ အိပ်စက်ခြင်းတော့မရှိ။ မျက်နှာကတော့ ထုံးစံအတိုင်း တင်းနေသည်။

သူထိုင်ခုံမှာ ဝင်ထိုင်သည်။

အခင်းဖြူဖြူ ခွပ်ထားပြီး အစိမ်းရောင်ထိုင်ခုံကြီးများ၏ အိစက်မှုက ခန္ဓာကိုယ်အစိတ်အပိုင်းများကို သက်တောင့်





သက်သာဖြစ်စေသည်။ ထိုင်ခုံကိုနောက်သို့ အနည်းငယ် လျှောနိမ့်လိုက်ပြီး မျက်လုံးကို မှေးစင်းထားလိုက်၏။

ရထားကြီး၏ ခုတ်မောင်းသံ၊ ချောင်းကူးတံတားများကို ဖြတ်ကျော်လျှင် တဝေါဝေနှင့် မြည်သည့်အသံ၊ တွဲအတွင်း ထိန်ထိန်လင်းနေသည့် မီးချောင်းအောက်ဝယ် ခရီးသည်အချို့က အပူပင်မဲ့စွာ အိပ်စက်နေကြ၏။

သူက မှေးမှိတ်ထားသည့် မျက်လုံးကို အသာဖွင့်လိုက်သည်။ လက်မှနာရီကို ကြည့်တော့ ညကိုးနာရီပင် စွန်းနေပြီ။

ခြေကို ဆန့်ပြီးလေကို အားပါးတရအရှူတွင်...

"ဟာ... အီးစော်နံလိုက်တာ"

ကေရီ တုတ်တုတ်မျှ မလှုပ်၊ မကြားချင်ယောင်ဆောင်ပြီး အကြည့်ကို ပြတင်းပေါက်အပြင်သို့ ပို့ထား၏။

"ရက်စက်တယ်ဗျာ၊ ရေရေလည်လည် နံတဲ့အီးပဲ"

ကေရီ မျက်နှာမဲ့ပြီး မကြားချင်ယောင်ပြု၏။

"ဒီမယ်"

သူ၏ခေါ်သံကြောင့် ကေရီ ဆတ်ခနဲ ဖြစ်သွားသည်။

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အီးပေါက်ရင် တင်ပါးကို ပြတင်းပေါက်ဘက် လှည့်ပြီးပေါက်ပေါ့ဗျာ၊ ခု ကျုပ်ဘက်လှည့်ထား တော့ နံတာပေါ့"

"ရှင် စုတ်စုတ်ပဲ့ပဲ့တွေ ပြောမနေနဲ့၊ ကျွန်မ အီး မပေါက်ဘူး"

"လုံးဝ မဖြစ်နိုင်ဘူး၊ ခင်ဗျားလေးနဲ့ ကျုပ် အေး ချင်းယှဉ်လျက်ရှိတဲ့ဟာ၊ ကျုပ် မပေါက်တာ သေ ချာတော့ ခင်ဗျားလေး ပေါက်ကိုပေါက် ရမယ်"

"ရှင်နော်..ရှင်"

ကေရီက လက်ရွယ်၏။

"ကိုယ်ထိ လက်ရောက်တော့ မလုပ်နဲ့နော်၊ ခင် ဗျားလေး မပေါက်ဘူးဆိုရင် ဟိုဒင်း လုပ်ရဲ့ရမယ်"

ကေရီက သူ့ကို မီးဝင်းဝင်းတောက်သော မျက်လုံးအ ကြည့်နှင့်ကြည့်သည်။

"ဘာ ဟိုဒင်း လုပ်ရဲ့ရမှာလဲ"

"အီး...အီး...ဘယ်သူပေါက်၊ ပေါက်တဲ့သူမှန်မှန် ပြော စာချိုးနဲ့ တရားခံရှာရမှာပေါ့ဗျ"





"ဒီမှာအပိုတွေ ဘာမှမလုပ်နိုင်ဘူး၊ ရှင် ကျွန်မ အေးမှာရှိတာ တစ်ညလုံး ကျွန်မအတွက် ငြိုပြာ ဆိုးကြမ္မာဝင်တာပဲ"

"ဒါကတော့ ကျုပ်ထိုင်ခုံ ကျုပ်ထိုင်တာပဲ"

"ထိုင်ရင် အေးအေးဆေးဆေးထိုင်ပါလား၊ ဘာလို့ လာပြီးတော့ အီးပေါက်တယ်လို့ စွပ်စွဲရတာလဲ"

"မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ အမေမွေးကတည်းက အီးမပေါက် ဘူးသိလား"

"ခင်ဗျားကျိန်ပြောမလား၊ လာမဖြီးနဲ့ လုံးဝ မယုံ ဘူး၊ သက်ရှိမှန်သမျှ အီးပေါက်တာပဲ"

"ဒါဖြင့် စောစောက နံတဲ့ အီးဟာ ရှင်ပေါက်တာပဲ နေမှာ"

"အယ်..."

ကိုယ့်စကားနှင့်ကိုယ်ပိတ်မိသဖြင့် အယ် တစ်လုံးသာ ...ာ်မှထွက်နိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင့်ကိုအရေးလုပ်ပြီး စကားမပြောချင်ဘူး သိလား၊ ရှင် ကျွန်မ အနားမှာ မရှိရင်တော့ တကယ့်ကို အကောင်းဆုံးပဲ"

"တကယ်နော်"

"အကယ်တစ်ရာသိလား၊ အကယ်တစ်ရာ"

"ရတယ်၊ သိပ်ကိုရတယ်"

ဖုန်းမြင့်ခေါင် ထိုင်ရာမှထပြီး အထက်တန်းတွဲနှင့် ကပ်လျက် ရိုးရိုးတန်းသို့ ကူးခဲ့သည်။

ရိုးရိုးတန်းတွဲတံခါးပေါက်ကိုပိတ်ပြီး ထိုင်ခုံမဲ့ စီးလာသူတွေကို ဖုန်းမြင့်ခေါင် စောစောကတည်းက မြင်ထားပြီးသား၊

❋❋❋

"ဖြစ်ပါ့မလား ကန်ကလေး"

"ဖြစ်ပါတယ် ဆရာကြီးရာ၊ ဆရာကြီးက အသက်အရွယ်လည်းကြီးပြီ၊ ဒီကြမ်းခင်းမှာအိပ်တော့ အရှမ်း ပင်ပန်းဆင်းရဲမှာပေါ့"





ရထားက တငြိမ့်ငြိမ့်။

အိမ်ချိန်ဖြစ်သဖြင့် ခရီးသည်အချို့၏ ဟောက်သံကိုပင် ကြားနေရသည်။ အိပ်မှုန်စုံမွှားနှင့် ဖြစ်နေသော ကုလားအဘိုးကြီးကတော့ ဖုန်းမြင့်ခေါင်ကို နားမလည်နိုင်စွာ ကြည့်ပါ၏။

"လက်မှတ်စစ်က ကျုပ်ကို မောင်းထုတ်နေရင် ဘယ်နဲ့လုပ်မလဲ ကန်ကလေး"

"ဒီအတွက် ဆရာကြီး ဘာမှ မပူနဲ့၊ လက်မှတ်စစ်လာရင် ကျွန်တော် ကြည့်ပြောထားမယ်၊ အသက်အရွယ်ကြီးလို့ သက်တောင့်သက်သာ အိပ်ပါစေဆိုပြီး ကူညီထားတာလို့"

"ကန်ကလေးက ဘယ်မှာ အိပ်မှာလဲ"

"ကျွန်တော်က တွဲကြားမှာ စာဖတ်နေမှာပါ၊ ခရီးသွားရင် အိပ်လို့လည်း မပျော်တတ်ပါဘူး၊ ကဲ... ဆရာကြီး ထ..ထ"

ဖုန်းမြင့်ခေါင်က တွဲခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုလားအဖိုးကြီး၏ ခန္ဓာကိုယ်ပေါ်မှ အဝတ်အစားများ ညစ်နွမ်းရသည့်အထဲ မဆလာစော်ကလည်း နံနေသေးသည်။

ထိုင်ခုံနားရောက်တော့ ကေရီက မျက်လုံးတစ်ချက် ပြူးပြီး ကြည့်၏။

"ထိုင်...ဆရာကြီး၊ ဒါ ကျွန်တော့်ထိုင်ခုံပဲ၊ သက်တောင့်သက်သာနဲ့ စိတ်ချမ်းသာသလိုသာ အိပ်ဟုတ်လား၊ ဘာမှ မပူပင်နဲ့ မကြောင့်ကြနဲ့ မနက်မိုးလင်းမှ ကျွန်တော် ပြန်လာခဲ့မယ်"

"ကျေးဇူးတင်တယ် ကန်ကလေး၊ ကျုပ်နော် အရမ်းအိပ်ပျော်တော့မယ်"

"ကောင်းတယ်၊ ကောင်းတယ်၊ အရမ်းအိပ်ပျော်အောင်သာအိပ်"

ကေရီ့နှုတ်ခမ်းကလေး ဖွဖွရှုသွား၏။

မှတ်ထား မိကေရီ၊ မဆလာနံ့ သင်းသင်းကိုတစ်ညလုံး ခံစားပြီး လိုက်လာပေတော့။

❊❊❊



[၁၆]

"မြေးရယ်...လာမယ်ဆိုလဲ ဖုန်းဆက်လိုက်ပါ လား၊ ဘွားတာကို ကားလွှတ်လိုက်မှာပေါ့"

ဘွားဘွားက လက်မောင်းကို ဆုပ်ကိုင်ပြီး အပြစ်စကား ဆိုသည်။ ဖေဖေ့ညီမ အန်တီအပျိုကြီးက...

"ငါတို့ကတော့ သူ့အဖေ အစ်ကိုကြီးအချိုးမှ တကယ့် အချိုးတိုင်းပဲ၊ လာမယ်ဆိုရင် ဘယ်တော့မှ ဖုန်းမဆက်ဘူး"

"ဖုန်းမဆက်တာက အံ့အားသင့်သွားအောင်လို့ပါ အန်တီရ၊ ခု အံ့အားသင့်ပြီး အားလုံးပျော်မသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



အန်တီ ကေသီဖုန်း မျက်နှာ ရယ်ရယ်ပြုံးပြုံး။

ပြုံးရင်းနှင့် အိမ်ဖေါ်ကောင်မလေးများကို လှမ်းခေါ်သည်။

"အိတ်ကိုယူသွား၊ အပေါ်ထပ်အခန်းကိုရှင်း"

"ဟုတ်ကဲ့ မမကြီး"

ဘွားဘွားကတော့ မြေးဖြစ်သူကို တစိမ့်စိမ့် ကြည့်နေပါ၏။

"ဘိုးဘိုးကို မမြင်ပါလား ဘွားဘွား"

"မြေးဘိုးဘိုး ကာလသားကြီးလား၊ မနက်ကတည်းက လက်ဖက်ရည်ဆိုင်သွားတာလေ၊ တော်တော်နဲ့ ပြန်လာမှာ မဟုတ်သေးဘူး"

"ဘိုးဘိုးက ခေတ်ကို အမီလိုက်တာပဲ"

"လိုက်တာမှ ပြေးပြီးတော့ကို လိုက်တာ၊ သူငယ်ပြန်နေလားလည်း မသိပါဘူး၊ ဝတ်လိုက်ရတဲ့ စပို့ရှပ်က အရောင်အမျိုးမျိုး၊ ရေမွှေးဆိုလည်း အမျိုးပေါင်း စုံတယ်"





အန်တီကေသီဖုန်းက ...

"အဲဒါတော့ မပြောပါနဲ့ မေမေရယ်၊ ဖေဖေက ဒီလို နုနုရွရွ နေတတ်တဲ့ဟာ၊ စိတ်ပျိုလို့ ကိုယ်နုနေတာကို မေမေတောင် ဝမ်းသာရဦးမယ်"

"ဟဲ့... နင့်အဖေက သူငယ်ပြန်နေတာ"

"ဟာ မေမေကလဲ မဟုတ်တာ၊ ကဲ... ကိုဖုန်းငါ့တူ အပေါ်မှာ တစ်ရေးတမော အိပ်ပြီးနား၊ ပြီးတော့ ရေမိုးချိုး၊ ရေမိုးချိုးပြီးရင် နံနက်စာစားရမယ် ဟုတ်လား"

"အကောင်းဆုံး အစီအစဉ်ပဲ အန်တီဖုန်း၊ ကျွန်တော် ညကတစ်ညလုံး မအိပ်ရဘူး"

"အေးပေါ့၊ ရထားကလှုပ်နေတော့ ဘယ်အိပ်လို့ရမလဲ"

သူကရယ်သည်။

အကြောင်းရင်းမှန်ကို အန်တီဖုန်းမသိ။

သူ အပေါ်ထပ်တက်တော့ အန်တီဖုန်းကို လှမ်းမှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုးလာရင်နိူးနော်"

"မင်းဘိုးဘိုးက မင်းနိုးလောက်မှ ရောက်လာမှာ၊ သူ့မြေးကို တွေ့ရင်တော့ ဖေဖေဘာယ်လောက် ဝမ်းသာလိုက်လေမလဲပဲ"

"ညနေကျမှ ဘိုးဘိုးနဲ့ လက်ဖက်ရည်ဆိုင် လိုက်ထိုင်ရမယ်"

အန်တီကေသီဖုန်း တောက်တောက်ပပြုံးနေဆဲမှာ ချ... အပေါ်ထပ်သို့ အပြေးကလေး တက်ခဲ့သည်။ အိပ်ရာပေါ်ထဲ... ဖြစ်မှ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေမှုကို သိရှိလိုက်ရ...

❋❋❋



[၁၇]

"လက်ဖက်ရည်ဆိုင်ထိုင်တာ မင်းဘွားအေနဲ့ ဘိုးဘိုးတစ်ရန်ပဲ ကိုဖုန်းရဲ့"

ကျူးရှေ့ လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း ဘိုးဘိုးက ...ပြောသည်။

"မနက်နဲ့ညနေဆို ဘိုးဘိုးက ကျန်းမာရေးအရ လမ်းလျှောက်တယ်၊ မပြန်ခင် လက်ဖက်ရည်ဆိုင် ဝင်ထိုင်တယ်၊ ကာလသားတွေက ဘိုးဘိုးကို ချစ်ခင်ကြတော့ ဘိုးဘိုးနားမှာ တရုန်းရုန်းတော့ ရှိတာပေါ့ကွာ၊ အဲဒါကို မင်းဘွားအေက ဘိုးဘိုးကို သူငယ်ပြန်သလေးဘာလေးနဲ့ လုပ်သေးတယ်၊ လူဆိုတာ စိတ်ပျိုကိုယ်နုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြင့်ခေါင်ကတော့ သူ့ဘိုးအေကိုကြည့်ပြီး ပြုံးသည်။ အကောင်းစားစပို့ရှပ်ကို အရောင်နှင့်ဝတ်ပြီး ရေမွှေးနံ့ကလည်း ဘိုးဘိုးကိုယ်မှာ တသင်းသင်း။

"ဘိုးဘိုးတို့အရွယ်က မြေးတို့ထက်တောင် စိတ်ဓါတ်ကိုပိုပြီး တက်တက်ကြွကြွ ဖြစ်အောင်ထားရတာ၊ ငါ အသက်ကြီးပြီ၊ သေချိန်နီးပြီလို့ တွေးမိလိုက်ရင်တော့ မရဏာရဲ့ ခံတွင်းဝကိုတောင်ဖေး ထောက်ပြီး ဝင်ရပြီသာမှတ်တော့၊ ဘိုးဘိုးကတော့ စိတ်ဆင်းရဲမယ့် သေခြင်းတရားကို ဘယ်တော့မှ မတွေးဘူး၊ သေမှသေရောပဲ"

"မှန်တာပေါ့၊ ဘိုးဘိုးရာ၊ မသေသေးဘဲနဲ့ သေမှာကို တွေးရတာကိုက လူဖြစ်ရှုံးတယ်"

"ငါ့မြေးအတွေးက တယ်ဟုတ်ပါလား၊ မင်းဘွားအေကတော့ ဝင်လေထွက်လေမှတ်ရတာနဲ့၊ သေခြင်းရှုရတာနဲ့ လူတစ်ယောက်အတွက် အလုပ်ပိုတွေကို လျှောက်လုပ်နေတယ်၊ ကျုံးနဘေးလမ်း





လျှောက်ထွက်လို့ သူ့လက်ကို ဘိုးဘိုးကကိုင်ရင် ရှက်သလေးဘာလေးနဲ့ နာမယ်၊ အဘွားကြီးတော့ နာမယ်"

"ဘာလဲ၊ ဘိုးဘိုးကတစ်ယောက်တွေ့နေလို့လား"

"ဟဲ ဟဲ...မတွေ့ပါဘူးကွာ၊ ဘိုးဘိုးကို စိတ်ဝင်စားတဲ့ အပျိုကြီးတို့၊ မုဆိုးမတို့တော့ ရှိတာပေါ့"

ပြောင်းပြီး ဘိုးဘိုးမျက်နှာ နုပျိုရောင်သမ်းသွား၏။ ဟဲဟဲရယ်ရင်းနှင့် သောက်ကွာ ကိုဖုန်းဟုဆိုပြီး လက်ဖက်ရည်ခွက်ကို တိုးရွှေ့ပေး၏။

သူကဘိုးဘိုးနှင့်နံနက်ညနေ လမ်းလျှောက်ရင်း လက်ဖက်ရည်ဆိုင် ထိုင်ရသည်ကို သဘောကျသည်။ မန္တလေးမှာ အဘိုးအဘွားနှင့်အဒေါ်ကို မျက်နှာပြရုံမှလွဲ၍ တခြား လျှောက်လည်စရာ အကြောင်းမရှိ။ သည်မြေ သည်ရေနှင့် သည်မြို့ငယ်ကျဉ်းသည် မိမိနှင့် အရင်းနှီးဆုံးသော ရေမြေဝန်းကျင်။

"ရန်ကုန်ပြန်ရင် ဘိုးဘိုးလိုက်ခဲ့ပါလား"

"ဘိုးဘိုးမှာ အလုပ်တွေရှိသေးတယ်ကွ၊ လိုက်လို့ မဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ အပျိုကြီးတို့ မုဆိုးမတို့နဲ့ ပတ်သက်တဲ့ အလုပ်လား"

"ဟာ...ဒီကောင် မဟုတ်တာ"

ပြောပြီး ဘိုးဘိုးက ရယ်ပါ၏။

သူနှင့်ဘိုးဘိုး လက်ဖက်ရည်ဆိုင်မှာ တစ်နာရီ နည်းပါးမျှ အချိန်ဖြုန်းပြီး လက်ဖက်ရည်ဆိုင်မှ ထခဲ့ကြသည်။

"မင်း ဆိုင်ကယ်စီးသေးလား"

"ရောင်းလိုက်ပြီ ဘိုးဘိုးရ"

"အင်း...ဆိုင်ကယ်စီးရတာကတော့ ဖီးလ်တစ်မျိုး ပေါ့ကွာ၊ ဒါပေမယ့် အန္တရာယ်နဲ့ နီးပါတယ်၊ ဘိုးဘိုးလဲ အသက်လေးဆယ်ထိ ဆိုင်ကယ်တစ်စီးနဲ့ အချစ်ကြီးခဲ့ဘူးတာပဲကွ၊ မင်းဘွားအေကြီးကို ဆိုင်ကယ်နဲ့ သွားပိုးပြီး ဆိုင်ကယ်နဲ့ပဲ မန္တလေးက နေမိုးကုတ်ကို ခိုးပြေးတာ"

"ဟား ... ဟား... ဒီအကြောင်းတွေကို ဘွားဘွား တစ်ခါမှ မပြောဘူးဘူး၊ ပြန်ရင်မေးရမယ်"





"ဟာ...ဟောကောင်၊ သွားမမေးနဲ့ ကလေးကို ကလေးကလား စကားတွေ လျှောက်ပြောရသလားဆိုပြီး ဘိုးဘိုးကို ဟောက်နေပါဦးမယ်"

"ဘိုးဘိုးက ဘွားဘွားကိုတော့ ကြောက်သားပဲ"

"ကြောက်တာ မဟုတ်ပါဘူးကွာ၊ ချစ်ခင်တာ၊ လေးစားတာပါ"

စကားအတွက် ဘိုးဘိုးကို ပိုမိုလေးစားမိပါ၏။

❊❊❊

"ကိုဘုန်းတင့်ရယ်၊ အိမ်ရှေ့က ဖြတ်လျှောက်ဖြတ်လာ ရှိတာများ၊ အိမ်လေးဘာလေး ဝင်လည် ပါဦးတော့လား"

"ဟာ မစိန်လတ်၊ ကျုပ်ကြည့်ပါတယ်၊ ခင်ဗျားတို့ ကဝင်းတံခါးအမြဲပိတ်ထားတော့ မဝင်ဖြစ်တာပါ"

"ဒါဖြင့် ခုဝင်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုး၏ အသိမိတ်ဆွေဟု ဖုန်းမြင့်ခေါင် နားလည်သည်။ အသက်က ဘွားဘွားနှင့်ရွယ်တူ၊ ဝင်းတံခါးပွင့်တော့ ဘိုးဘိုးနှင့်အတူ တိုက်ထဲဝင်ခဲ့သည်။

"ဟဲ့၊ ငွမ်းပုံ၊ အအေးနှစ်ဗူး ယူခဲ့စမ်း"

"အာ... မစိန်လတ်၊ ဘာမှမလုပ်နဲ့၊ ကျုပ်တို့မြေး အဘိုး ခုလေးတင် လက်ဖက်ရည်ဆိုင်က ထလာတာ"

"အပူပဲ ထပ်လုပ်ခိုင်းလိုက်မယ်လေ"

"ဘာမှကို မလုပ်နဲ့တော့၊ ပြန်ရင် ထမင်းစား ကြမှာ"

"ဒါနဲ့ သူလေးက..."

ဒေါ်စိန်လတ်က ဖုန်းမြင့်ခေါင်ကိုကြည့်ပြီး မေးသည်။

"မြေးလေ"

"မောင်အောင်ဖုန်းသားလား"

"ဟုတ်ပါဗျာ၊ ဘိုးအေ ဘွားမေတွေက တွေ့ချင်လို့ပါတယ်ဆိုလို့ သူ့အဖေက လွှတ်လိုက်တာ"





"လူပျိုကြီး ဖါးဖါးဖြစ်နေပြီပဲ၊ အင်းလေ... မောင်အောင်ဖုန်း အသက်ပဲ လေးဆယ်ငါး၊ လေးဆယ့်ခြောက်လောက် ရှိနေပြီဟာ"

ဒေါ်စိန်လတ်က တအံ့တသြ။

ဘိုးဘိုးက ကျောမှီပေါ်ခေါင်းတင်ပြီး မျက်နှာကြက်ဆီ ကြည့်ရောက်သည်။

"မစိန်ပွင့်ကော နေကောင်းရဲ့လား"

"ခင်ဗျား သူငယ်ချင်းမကြီးကတော့ ဒေါင်ဒေါင်ကို မြည်နေတာပါပဲဗျာ"

"အင်း... နီးရက်နဲ့ မဆုံဖြစ်ကြဘူး၊ မိုးကုတ်မှာတုန်းက တစ်ကျောင်းတည်းနေ အတူစား၊ အတူသွားနဲ့ အရမ်းကို ချစ်ကြတာ၊ အသက်တွေကြီးလာတော့လည်း အိမ်ထဲက အိမ်ပြင်ကို မထွက်ချင်ကြတာလည်း ပါပါတယ်လေ"

"ငါ့ အသက်ခုနစ်ဆယ်ကပ်ပြီဆိုပြီး စိတ်ကိုမချနဲ့၊ မစိန်လတ်ရေ"

"ဘာလဲတော့၊ စိတ်မချလို့ ရှင့်လို သူငယ်ပြန်နေရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ သူငယ်ချင်းနှစ်ယောက် အတူတူပဲ၊ မစိန်ပွင့်လည်း ဒီလိုပဲ၊ တစ်နေ့တစ်နေ့ ဘုရားခန်းကကို မထွက်တော့ဘူး"

"တော်ကြီးဟာလေ ဘယ်အရွယ်ကျမှ တရားရမယ် မသိပါဘူး"

ဒေါ်စိန်လတ်စကားကြောင့် ဘိုးဘိုးက တဟားဟား ရယ်သည်။ ရယ်ရင်းနှင့်...

"အသံတိတ်လှချည်လား၊ ခါတိုင်း သမီးတွေ မြေးတွေနဲ့ဟာ"

"ရန်ကုန်ကသူတို့ အစ်မဝမ်းကွဲလာလို့ပြင်ဦးလွင်ကို လိုက်ပို့ကြတယ်လေ"

"ဘယ်သူများလဲ"

"ရန်ကုန်မှာနေတဲ့ သမီးကြီးရဲ့ သမီးလေ၊ ဘွားအေလုပ်သူကလွမ်းလို့ လှမ်းခေါ်မှလာတာ"

"တူတူပါပဲဗျာ၊ ဒီကမြေးနဲ့ တစ်ချိုးတည်းပါပဲ၊ အဘိုးနဲ့အဘွားလုပ်သူက တဖွဖွခေါ်မှလာတာ၊ လာတော့လည်း တစ်လတန်သည်နှစ်လတန်သည် မနေဘူး၊ ခု နက်ဖြန် ပြန်တော့မယ်လေ"





"ဟင်း...ဟင်း...ကဲတူအကျိုးပေးတွေလေ၊ ခုလည်း မနက်ကတည်းက သွားလိုက်ကြတာ၊ ကျွန်မမှာ လည်တဆန့်ဆန့်နဲ့ ထွက်မျှော်နေရတာ"

"လာမှာပေါ့လေ၊ ကဲ... မစိန်လတ်၊ ကျုပ်တို့ သွားဦးမယ်၊ ထမင်းစားချိန် ပြန်မရောက်ရင် ခင်ဗျားသူငယ်ချင်းမက တဂွိဂွိ တဂွမ်ဂွမ် လုပ်တာ"

စကားနှင့်အတူ ဘိုးဘိုးက ထိုင်ရာမှထသည်။ ဧည့်ခန်းမှထွက်တော့...

"မစိန်ပွင့်ကို ပြောပါရှင်၊ အိမ်ကကားနဲ့ လာရမှာကို ဓါတ်ဆီကုန်မှာစိုးရင် ကျွန်မကားလွှတ်လိုက်ပါမယ့်လို့"

ဒေါ်စိန်လတ်၏ အရယ်ရွှန်းစကား။

လမ်းပေါ်ရောက်တော့သူက...

"ဘွားဘွားနဲ့ငယ်သူချင်းထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊အရမ်းချစ်ကြတာ၊ယောကျ်ားယူတော့ အတူတူပဲ၊ သူ့ယောကျ်ားကလည်း ဘိုးဘိုးသူငယ်ချင်းပဲ"

"ဟုတ်လား၊ မတွေ့ပါလား ဘိုးဘိုး"

"ဆုံးသွားတာ သုံးလေးနှစ်လောက်ရှိပြီ"

"ဩော်…"

"မင်း ဘွားဘွားနဲ့ မစိန်လတ်ကတော့ ကျောင်းမှာကတည်းက ဘာနာမည်ကြီးသလဲမမေးနဲ့၊ နာမည်ကြီးသလောက် မာနကလည်း ကြီးတာ၊ မစိန်ပွင့်၊ မစိန်လတ် နာမည်နဲ့လိုက်အောင်ကို စိန်တွေကိုသီးနေအောင် ဝတ်ခဲ့တာ"

စကားတပြောပြောနှင့် လျှောက်ခဲ့သည်။

တိုက်ရောက်တော့ ဘွားဘွား၏ မျက်စောင်း တဝင့်ဝင့်ဒဏ်ကို မြေးအဘိုးနှစ်ယောက်စလုံး ခံလိုက်ရပါ၏။

***



## [၁၈]

"ကိုယ့်အဘိုးနဲ့အဘွားအရိပ်မှာ ဆယ်ရက်တန်သည်၊ ဆယ့်ငါးရက်တန်သည်များ နေပါတော့လား မြေးရယ်'

ဆွဲအိတ်ထဲသို့ အဝတ်စားများ ထိုးထည့်သည်။ အန်တီ…သိဖုန်းက အရီးတောင်းလက်ဖက်အိတ်နှင့် ထိုးမုန့်၊ လမုန့်…များကို နိုင်လွန်အိတ်ထဲထိုးထည့်ရင်း မျက်နှာကိုလှမ်းကြည့်…သည်။

"အလုပ်တွေက တန်းလန်း ဘွားဘွားရဲ့၊ သူငယ်ချင်းတစ်ယောက်ထဲ ထားခဲ့ရတာ"

"မင်းတို့သားအဖကတော့ ဒီအတိုင်းပဲ၊ ဒီလောက်အလုပ်ကို သဲသဲမဲမဲ လုပ်နေရအောင် အလုပ် မလုပ်ရင် စားရမဲ့ သောက်ရမဲ့ ဘဝရောက်မှာမို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားစကားကို ဘိုးဘိုးက စီးကရက်ခဲနေရာမှ..

"ဟော့..ဟော့...၊ မစိန်ပွင့်၊ လူရည် လူသွေးညံ့မယ့် စကားမျိုးကို မပြောစမ်းပါနဲ့ကွာ၊ လူဆိုတာ မသေမချင်း အလုပ်လုပ်ရမှာပဲ၊ မိဘဘိုးဘွားရဲ့ အမွေအနှစ်ကို အားကိုးပြီး လက်ကြော၊ ဦးနှောက်ကြောတင်းအောင် မလုပ်စားချင်တဲ့ လူတွေထဲမှာ ငါ့သားနဲ့ ငါ့မြေးမပါဘူး"

"ကလေးတွေ ပင်ပန်းပါတယ် ကိုဘုန်းတင့်ရယ်"

သူက စကားကြားဝင်ပြီး...

"မပင်ပန်းပါဘူး ဘွားဘွားရာ၊ အလုပ်သမားတွေနဲ့ ရောရောနှောနှောနေပြီး သူတို့ဘဝကို ထိတွေ့ရတာ သိပ်စိတ်ဝင်စားစရာ ကောင်းတာ၊ ပြီးတော့ ကိုယ့်ကိုအားကိုးပြီး သူတို့ မိသားစု ဝမ်းရေးပြေပြေလည်လည် ရှိကြတော့ ကုသိုလ်လည်းရပါတယ် ဘွားဘွားရဲ့"

"အေးပါ...မင်းတို့နဲ့တော့ ဘွားဘွားဘယ်လိုမှ ဖက်ပြိုင်ပြောလို့ မနိုင်ပါဘူး၊ မင်းအဖေ အောင်





ဖုန်းကိုလည်း ပြော၊ ဘွားဘွားကမှာတယ်လို့၊ အရွယ်ရှိတုန်း အိမ်ထောင်ရေးကို မစဉ်းစားတော့ဘူးလားလို့"

"ဘာလဲ၊ ဘွားဘွားက ကျွန်တော့ကို မိထွေးနှိပ်စက်တာ မြင်ချင်လို့လား"

"ဘယ်ရလိမ့်မလဲ၊ ငါ့မြေးကိုလည်း ဖူးဖူးမှုတ်ထားမယ့်သူမျိုး ဘွားဘွားက ရှာမှာပေါ့၊ မြေးကို မချစ်လို့သွားလေသူ မြေးမေမေကို စော်ကားလို့ ဒီလိုစကားမျိုး ဘွားဘွားပြောတာ မဟုတ်ပါဘူး၊ မြေးရယ်၊ စီးတဲ့ရေ ဆည်တဲ့ကန်သင်းတဲ့၊ အသက်ရွယ်ရင့်လာတာနဲ့ အမျှ မြေးဖေဖေအတွက် အဖော်ကောင်း၊ အဖော်မွန်က လိုအပ်လာပြီလေ"

ဖုန်းမြင့်ခေါင်က အိတ်ဆစ်ကို ဆွဲပိတ်ပြီး ဘွားအဖြစ်ကို သိုင်းဖက်သည်။ အဘွားဖြစ်သူ၏ ပါးကို ခပ်ကြမ်းမ်းနမ်းပြီး...



www.burmeseclassic.com

www.burmeseclassic.com



"စတာပါ ဘွားဘွားရာ၊ ကျွန်တော်က ဖေဖေ့ကို အိမ်ထောင်ပြုဖို့တောင် တိုက်တွန်းပါတယ်"

"ဟိုကောင်က ဘာပြောလဲ"

"သွားစမ်းပါကွာတဲ့၊ မင်းဘာသာ မင်းမိန်းမ ယူချင်ယူဆိုပြီး ဟောက်ခံလိုက်ရသေးတယ်"

အဲန်တီလေးက အသံထွက်အောင် ရယ်၏။ ဘွားဘွားက နံရံကပ် နာရီကြီးကို လှမ်းကြည့်ပြီး...

"ကိုဘုန်းတင့်၊ ရှင့် မြေးကို ရှင်လိုက်ပို့မှာလား"

"ဟ ပို့ရမှာပေါ့၊ မောင်မှတ်ကိုတောင် ကားထုတ်ခိုင်းထားပြီးပြီ"

"ဟဲ့...ခင်လေးနဲ့အေးလှ အထုပ်တွေကို ကားပေါ်တင်တော့လေ"

ဘွားဘွားနှင့်အန်တီလေး မျက်ဝန်းမှာ သူပြန်မည့်အတွက် မျက်ရည်ဝိုင်းရစ်နေသည်ကို ဖုန်းမြင့်ခေါင် သတိပြုမိပါ၏။

❊❊❊





'မင်းအဖေကို ကျန်းမာရေး ဂရုစိုက်ဖို့ကို ဘိုးဘိုးက မှာတယ်လို့' ဆိုသည့် စကားဆိုဆဲတွင် ကားက ဘူတာရုံ ရောက်သည်။ မောင်မှတ်က အိတ်များလွယ်ပိုးပြီး တွဲပေါ် တင်ပေးသည်။

သူဘိုးဘိုးနှင့်စကြံမှာ စကားပြောခိုက်...

"သြော်၊ ရေစက်ကလည်း ကုန်ပဲ မကုန်နိုင်ပါလား"

ဆိုသည့် စကားကို တီးတိုးအရွတ်တွင်...

"ဘာရေစက်မကုန်တာလဲ မေး"

"မဟုတ်ပါဘူး ဘိုးဘိုး၊ မန္တလေးလာတုန်းက ရထားပေါ်မှာ ဆုံခဲ့တဲ့ ကောင်မလေးကိုခုအပြန်မှာ ပြန်တွေ့လို့ပါ"

ပြောရင်း ဖုန်းမြင့်ခေါင့်က လှမ်းကြည့်သည်။

အကြည့်ချင်းဆုံတော့ ကေရီက မျက်နှာကို တစ်ဖက်သို့ ဆတ်ခနဲလွှဲသွားပါ၏။

"အင်း..ငါ့ကို အတော်ချစ်တာပဲ"

ဘိုးဘိုးက ကြားသွား၏။

"ဟုတ်လား..ကောင်မလေးက ငါ့မြေးကို အတော်ချစ်တာပဲ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်ပါဘူး ဘိုးဘိုးကလဲ"

"မင်းပါးစပ်ကပဲ ပြောနေတာလေ"

သူ့အသံထွက်အောင် ရယ်ပါ၏။

တစ်ခုတော့ ကံကောင်းပါသည်။

ရထားပေါ်တက်တော့ အထက်တန်းတွဲချင်း တူသော်လည်း ကေရီဆိုသည့် ငတိမက တွဲနံပါတ်နှစ်။ မိမိက တွဲနံပါတ်တစ်။

ရထားထွက်သည်နှင့် ဖုန်းမြင့်ခေါင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းကြီးစွာဖြင့် ဆိုဖါနောက်မှီပေါ် ခေါင်းကို မှေးတင်လိုက်ပါချေ၏။

❊❊❊



# အပိုင်း–သုံး

www.burmeseclassic.com

www.burmeseclassic.com

## [၁၉]

"တကယ် ပန်စီရယ်၊ ဒီလောက်ယုတ်မာတဲ့ လူမျိုး ကို ကိုယ်တစ်ခါမှ မကြုံတွေ့ဖူးပါဘူး"

"အင်း... ကေရီနဲ့ ကိုဖုန်းမြင့်ခေါင်ကလည်းဟယ်၊ ဘယ်လို ရေစက်တွေ ပါလာမှန်းကို မသိပါဘူး"

ပန်စီတာ့ဟာန်က အတော်ကို စိတ်ပျက်လက်ပျက်။ ...သူ၏ သူငယ်ချင်းဆိုသည့်အသိနှင့် ဖုန်းမြင့်ခေါင်အပေါ် ...ယောဇဉ် ခင်တွယ်မှုနှင့်အတူ သူငယ်ချင်းဖြစ်သူ ကေရီနှင့် ...ည်း ရင်းနှီးကျွမ်းဝင်စေချင်ပါ၏။

ယခုမူ...

တွေ့လိုက်ကြသည်နှင့် ဘုခွဂလန့် စကားများနှင့်အတူ ...ွားအေးတိုက်ပွဲကိုပင် ဆင်နွှဲလိုက်ကြပါသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ကုလားအဘိုးကြီးကိုယ်ကလည်းဟယ် နံလိုက်တဲ့ မဆလာနံ့၊ လေကလည်း တဘူဘူနဲ့ လည်နေ လိုက်တာ မိုးလင်းအထိပဲ"

"ဒါဖြင့်သူက ဘယ်သွားအိပ်နေလဲ"

"မသိပါဘူး၊ ကိုယ့်ကိုဒုက္ခပေးချင်လို့ တမင်သက်သက်ညစ်ပတ် နံစော်နေတဲ့ ကုလားအဘိုးကြီးကို ခေါ်လာတာ"

စကားတပြောပြောနှင့် ပန်းရုံဘက်လျှောက်ခဲ့သည်။ ပန်းခုံမှာ နှစ်ယောက်အတူထိုင်သည်။

"ဖုန်းမြင့်ခေါင်ဆိုတဲ့ အကောင်ကတော့ ကမ္ဘာမှာ ကိုယ်ရဲ့အမုန်းဆုံး လူသားတစ်ယောက်ပဲ ပန်စီ"

"အဲသလိုတော့ ဆုံးဖြတ်ချက်မချပါနဲ့ ဇေကရီရယ်၊ ကိုဖုန်းမြင့်ခေါင်က ဇေကရီကို အတည်ပေါက်နဲ့ နောက်တာနေမှာပါ"

"ဘာနောက်ရမှာလဲ၊ စိတ်ထဲကပါလို့ ကိုလုပ်တာ၊ နောက်ပြီး အိုးနံ့ဘယ်က လွင့်လာမှန်းမသိတာကို ခင်ပျားလေး အီးပေါက်တယ်ဆိုပြီး လာစွပ်စွဲသေးတယ်"





"အယ်"

"မအယ်နဲ့ ပန်စီ၊ တကယ်ပြောတာ၊ ကိုယ်လည်းအီး မပေါက်ရပဲနဲ့ အီးအီးဘယ်သူပေါက်၊ ပေါက်တဲ့သူ မှန်မှန်ပြောလို့ ဆိုပြီး တရားခံရှာမယ်တဲ့၊ အသည်းကို ယားလိုက်တာမှ တကယ်ပဲ ပန်စီ၊ မိန်းမချင်း သာဆို ဆွဲသတ်တယ်"

"ကိုဖုန်းမြင့်ခေါင်ကို တွေ့ရင်တော့ ပြောပါဦးမယ်ကွာ"

"အို... ပြောစရာမလိုဘူး၊ ပတ်သက်စရာလည်းမလိုဘူး၊ ခုပြန်ပြောပြတာ ဒေါသဖြစ်လွန်းလို့ ပြောပြတာ၊ ပတ်သက်ချင်လို့ ပြောပြတာ မဟုတ်ဘူး"

ပန်စီတာကရယ်သည်။ မရယ်နဲ့ ကိုယ်သူ့ကို အမှန့် ကြိတ်စက်ထဲ ထည့်ပစ်ချက်လောက်အောင်မုန်းတာ ဆိုသည့် စကားကို ထပ်ပြောသဖြင့် ပိုရယ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေစက်ကလည်း ဘယ်လောက်ထိလာဆုံဖြစ်သလဲဆိုရင် အပြန်မှာတောင် အတူတူပဲ ပန်စီ"

"ဟင်... ဟုတ်လား၊ တစ်တွဲထဲလား"

"တွဲခြားလို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိခဲ့ရတာပေါ့ကွ၊ တစ်တွဲထဲသာဆို ကိုယ်တကယ်ကို ဆက်လိုက်မသွားဘူး"

စကားပြောနေဆဲဝယ် ကော်ဖီဖျော်ထားပြီးပြီ မမဟုအိမ်ဖေါ်ကောင်မလေးက လာခေါ်သည်။ ကေရီလက်ကို ဆွဲပြီးအိမ်ဘက်သို့ ပြန်လျှောက်ခဲ့၏။

"မန္တလေးသွားတာကို အသိတောင် မပေးဘူး ကေရီရာ"

"လတ်တလော ထသွားတာကွာ၊ ဘွားမေက တွေ့ချင်တယ်ဆိုတာနဲ့ ပထမ မေမေတောင် လိုက်မလို့၊ သူ့အရောင်းအဝယ်ကိစ္စတွေ မပြတ်လို့ ကိုယ်တစ်ယောက်ထဲ သွားရတာ"





"နေပါဦး၊ ဟိုခြိမ်နဲ့တိုက် ကိစ္စပြတ်ပလား"

"ပြတ်ပြီ ပန်စီ၊ လာမယ့် ဆန်းဒေးပြောင်းမှာ"

"လာပြီး ကူသယ်ပေးရဦးမလား"

"ရတယ် အေးဆေးမှ ပန်စီလာ ဟုတ်လား"

ညနေစာစားပြီးမှ ကေရီပြန်သည်။

ကေရီပြန်တော့ ညနေပင် အတော်စောင်းနေပြီ။

***



www.burmeseclassic.com

www.burmeseclassic.com

## [၂၀]

"ဝရံတာထွက်ပြီး ဘာကို ရပ်ကြည့်နေတာလဲ ဖေဖေ"

ဖေဖေက ဘာမှမပြောတော့။ သူကဖေဖေ့နံဘေးမှ ရပ်ပြီး ဖေဖေကြည့်သည့်နေရာသို့ မျက်စိက ရောက်သွား၏။

"တစ်ဖက်ခြံအိမ်ရှင်တွေ ပြောင်းလာကြပြီထင်တယ်"

"ဟုတ်တယ် သား၊ ဟိုမှာ အလုပ်သမားတွေကို ညွှန်ကြားပေးနေတဲ့အမျိုးသမီးကို ဖေဖေကြည့်နေတာ"

"ဖေဖေ့ အသိမိတ်ဆွေထဲက များလား"

ဖေဖေက ခေါင်းကိုရမ်းပြသည်။

အလုပ်သမားများကို ညွှန်ကြားနေသည့် အမျိုးသမီးကြီးကတော့ ဖေဖေ့အသက်အရွယ် ဝန်းကျင်လောက်တော့





ရှိမည်။ သို့သော်လည်း မိန်းမလှ စာရင်းဝင်တစ်ဦး ဖြစ်သည်ကိုတော့ မြင်ကတည်းက သူသိ၏။

"ငါမြင်ဖူး ဆုံခဲ့ဖူးသလိုပဲ"

"တော်တော်ချောတဲ့မိန်းမပဲ ဖေဖေ"

"ဒါတွေကို ငါစိတ်မဝင်စားပါဘူး၊ ငါ စိတ်ဝင်တစား ရှိနေတာက...အဲ..အဲ...မှတ်မိပြီ။ ဟိုးတလောက ညတစ်ညမှာ ကားကို ကိုးရိုးကားရားမောင်းပြီး ဖေဖေ့ကို ရန်လုပ်သွားတဲ့မိန်းမ သား"

"ဟုတ်ရဲ့လားဖေဖေရာ၊ လူတူများ ဖြစ်နေမလား"

"ဘာလူတူမှ ဖြစ်စရာအကြောင်းမရှိဘူး၊ ဒီမိန်းမမှ ဒီမိန်းမအစစ်၊ တော်တော့ကို နှုတ်သီးကောင်း လျှာပါး မိန်းမကွာ"

လွန်ခဲ့သည့်ရက်အပိုင်းခြားကို ဖေဖေပြန်တွေးမိပုံရသည်။ မျက်နှာပင် သွေး မသစ်နိုင်ပဲ။ မျက်နှာသုတ်ပဝါကို ပခုံးပေါ် တင်ပြီး မကျေမချမ်းဟန် ဖြစ်နေသော ဖေဖေ့ကို ကြည့်ပြီးတော့ သည်း သူရယ်ချင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလား မသိဘူး၊ ပါသေးတယ်သားရဲ့၊ ဟော ... ဟော... ဟိုမှာတိုက်ထဲက ထွက်လာပြီ"

သူ လှမ်းကြည့်သည်။

မျက်လုံးမှာ ပြက်ပြက်ထင်ထင် ရှိလာသည့် ပုံရိပ်ကြောင့်...

"ဟာ...ပြဿနာပဲ ဖေဖေ"

"ဘာပြဿနာလဲ"

"အန်တီကြီးရဲ့ သမီးက သားနဲ့ ရေရေလည်လည် ကို စကားများခဲ့တာ ဖေဖေ၊ လုံးဝကို မတည့်ဘူး"

"သားနဲ့ သိခဲ့လို့လား"

ကေရီနှင့်ပတ်သက်ခဲ့သည့် အကြောင်းများကို သူပြော ပြတော့ ဖေဖေက မျက်မှောင်ကလေးကြုံ့ပြီး နားထောင်၏။

"ရေစက်ကလည်း ကုန်ကို မကုန်နိုင်ဘူး ဖေဖေ"

"အေးလေ၊ ဘာပဲဖြစ်ဖြစ် အရောတော့ မဝင်နဲ့ ကွာ၊ မိန်းမဆိုတာ အရောဝင်လို့ကောင်းတဲ့အရာ မဟုတ်ဘူး တည်တည်နေနိုင်မှ"





"ဘယ်လိုလုပ်ကြမလဲ ဖေဖေ"

"ဘာကိုဘယ်လို လုပ်မှာလဲ"

"ခြံချင်းကပ်လျက် ဖြစ်နေတဲ့ဟာ၊ အုတ်တံတိုင်း လည်းကာထားတာ မဟုတ်ဘူး၊ ပုဏ္ဏရိပ်စည်းရိုးပဲ ခြားထားတာ"

"ဟာ... ဘာတတ်နိုင်မှာလဲ၊ သူတို့လည်း သူတို့ အိမ် သူတို့ခြံနဲ့၊ ဖေဖေတို့လည်း ကိုယ့်အိမ် ကိုယ့် ခြံနဲ့၊ ဘာမှပတ်သက်စရာ မရှိပါဘူး သားရာ၊ ပတ်ပတ်သက်သက် မနေရင် ပြီးတာပဲ"

ဖေဖေရေချိုးခန်းဝင်သည်။

သူက နေရာမှ မခွာသေးပဲ ကေရီ၏ လှုပ်ရှားမှုများကို စူးစိုက်အကြည့်...

ဝေ့လာသည့် ကေရီ၏ မျက်ဝန်း...။

သူ့ကိုမြင်သည်နှင့် ကေရီ၏ မျက်လုံးအစုံ ဝိုင်းဝိုင်း ကော်ကြီးကို ပြူးဝိုင်းသွားပါချေ၏။

***



www.burmeseclassic.com

www.burmeseclassic.com

# [၂၁]

"သမီးတို့တော့ ဒီကို ပြောင်းလာမိတာမှားပြီ ထင်တယ် မေမေ"

မေမေ့ မျက်နှာ ခပ်မှုန်မှုန် ဖြစ်နေသည်မှာ စောစောကတည်းက ဆက်တိုက်မှာ ခြေပစ်လက်ပစ်ထိုင်ရင်း မေမေက ကေရီကို လှမ်းကြည့်သည်။

"ဘာဖြစ်လို့လဲ"

"ဟိုဘက်ခြံက ကောင်လေ"

"ဘာလဲ၊ သမီးကို လိုက်စကားပြောဘူးလို့လား"

"လိုက်ပြီး ချစ်စကားကြိုက်စကားပြောတာ မဟုတ်ဘူး မေမေ၊ အရွဲ့လိုက်တိုက်တာ သမီးဖြင့် သူ့ကို နှန်းလိုက်တာ အရမ်းပဲ"





ကေရီ ပြောပြသမျှကို မေမေက မျက်တောင်မခတ်တမ်း နားစိုက်ထောင်ရင်းမှ...

"အင်း သမီးနဲ့ မေမေက အဖြစ်တူနေပြီ"

"ဘာလဲ မေမေ၊ အဲဒီဖုန်းမြင့်ခေါင်ဆိုတဲ့ကောင်က မေမေကိုလည်း ပမာမခန့် မိုက်ရိုင်းဘူးလို့လား"

"ဖုန်းမြင့်ခေါင်တော့ မဟုတ်ဘူး၊ သူ့အဖေ၊ သူ့အဖေ၊ တစ်ည မေမေ ကားမောင်းပြန်အလာမှာ ဖြစ်တဲ့ ပြဿနာလေ"

"မှတ်မိပြီ၊ မှတ်မိပြီ၊ မေမေသမီးကို ပြောပြတယ်လေ၊ အဲဒီနေ့က သမီးအတွက် စိန်နားကပ်တောင် မေမေ ဝယ်လာသေးတယ်"

"ဟုတ်ပ..စကားပြောတာ တော်တော့ကို လူပါး၀တယ်"

"မေမေ အဲဒီလူကိုတွေ့လိုက်လို့လား၊ လူများမှားနေမလား မေမေ"

မေမေက ပင့်သက်ကို ဟူးကနဲ မှုတ်ထုတ်၏။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများ၏ သယ်သံရွှေသံကတော့ညံစီနေ၏။

"လုံးဝမမှားဘူး၊ ဝရန်တာက ထွက်ပြီး စိုက်ကြည့်နေကတည်းက မေမေသိတယ်"

"သမီးတို့ ပြန်ပြောင်းကြရင် ကောင်းမယ်ထင်တယ် မေမေ"

"အိုး...ဘာလို့ ပြောင်းရမှာလဲ၊ ဒီနေရာ၊ ဒီအရပ်ကို သဘောကျလို့ မရအရ ဝယ်ထားရတာ"

"သူတို့သားအဖနဲ့ ဘယ်လို လုပ်မလဲ မေမေရဲ့"

"ကိုယ်ခြံ ကိုယ်ဝင်းနဲ့နေတာ ဘာမှ အရေးစိုက်စရာ မလိုဘူး၊ မိန်းမသားတွေပဲ ရှိတယ်ဆိုပြီး စော်ကားမော်ကား လုပ်လို့တော့ ဘယ်ရမလဲ၊ ထမီအလံထူပြလိုက်မယ်"

မေမေ့ သတ္တိကို ကေရီ သိပြီးသား။

ပြီးတော့ မိမိသည်ပင်လျှင် မေမေစိတ်ဓါတ်နှင့်သွေးက အပြည့်အဝရှိသည်။

"ဦးရွှေမောင်ကိုလည်း ပြောထားရမယ်၊ ဟိုဘက်ခြံက လူတွေနဲ့ အရောမဝင်ဖို့ကို"





မေမေထိုင်ရာမှထပြီး အလုပ်သမားတွေကို အောက်ခြေသိမ်းကစပြီး ညွှန်ကြားသည်။

"ဟော့၊ ဆက်တီတွေကို ဖြည်းဖြည်းမကြပါကွယ်။ မင်းတို့ အကိုင်အပြုကြမ်းလို့ မဖြစ်ဘူး"

"အဝါရောင်ဆိုဖါတွေကို အပေါ်တင်မှာလား အစ်မ"

အလုပ်သမားကြီးတစ်ယောက်က မေမေ့ကို မေးသည်။

"အပေါ်ကိုတင်မှာ၊ ဒေါ်လုံးက နေရာမပြဘူးလား၊ ဒေါ်လုံး၊ ဒေါ်လုံး"

ဒေါ်လုံးအပြေးကလေး ရောက်လာ၏။

"ဘာလဲ လွင်လွင်"

"အပေါ်ထပ်မှာ နေရာပြလေ၊ ဦးရွှေမောင်ကော"

"ပေါ်တီကိုအောက်မှာ လွင်လွင်၊ ဒေါ်လုံးခေါ်လိုက်မယ်လေ"

ဒေါ်လုံးလှမ်းခေါ်သဖြင့် ဦးရွှေမောင်ရောက်လာ၏။

"ဦးရွှေမောင်"

"ပြောလေ လွင်လွင်"

"ကျွန်မ ဦးရွှေမောင်ကို အလေးအနက်မှာထားစရာတစ်ခု ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ လွှင်လွှင်"

"ဟိုဘက်ခြံက လူတွေကို ဦးရွှေမောင် သတိထားမိရဲ့လား"

"ထားမိပါတယ်၊ သားအဖနှစ်ယောက်ရယ်၊ ဦးရွှေမောင်အရွယ် လူတစ်ယောက်ရယ်၊ ဒါပဲ တွေ့တယ်"

"တွေ့တာ မတွေ့တာ ဘေးဖယ်ထား၊ အဲဒီခြံကလူတွေနဲ့ ဦးရွှေမောင်တို့ ဘာမှ ပတ်ပတ်သက်သက် မရှိပါနဲ့၊ မေးထူးခေါ်ပြောအဆင့်လည်း မလုပ်ပါနဲ့၊ ကျွန်မ မှာချင်တာ အဲဒါပဲ"

ဧကရီ ဦးရွှေမောင် မျက်နှာကို လှမ်းကြည့်တော့ နားမလည်နိုင်မှုတွေက မျက်နှာမှာ အထင်းသား။

အင်းလေ...

အနေအထားတွေကို ကာယကံရှင် မဟုတ်တဲ့ ဦးရွှေမောင်တို့ လင်မယားက ဘာသိမှာလဲ။

❊❊❊



[၂၂]

"ကံတရားက ကိုဖုန်းမြင့်ခေါင်နဲ့ ဧကရီကို ကြုံဖန်ပြီးဆုံပေး နေတော့တာပဲ"

ဆောက်နေဆဲ ခုနှစ်ထပ် တိုက်ကြီးကို မော့ကြည့်ရင်း ပန်စီတာက ပြောသည်။ ပြီးမှ ကျော်လတ်ဆီသို့ မျက်လုံးအကြည့်ရွှေ့ပြီး...

"ကိုလတ်ကလည်း ကိုယ့်သူငယ်ချင်းကို ဖျောင်းဖျပါဦး၊ အားလုံး စုစုဝေးဝေး စည်းစည်းလုံးလုံးနဲ့ဆို ဘယ်လောက် ပျော်စရာကောင်းမလဲ"

"ကိုယ်ကတော့ ဘာမှ ဝင်မပါဘူး ပန်စီ၊ ဒီကောင်ကလည်း ဟိုက မခံချင်မှန်းသိလေနောက်လေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြင့်ခေါင်က...

"ပျော်စရာတော့ ကောင်းတယ်ကွ၊ မနေ့ကခြံရှင်းရှင်းနဲ့ မြက်လျှောမြွေတစ်ကောင်ကို ငါရိုက်သတ်ပစ်လိုက်တယ်၊ ပထမတော့ လွှင့်ပစ်မလို့ပဲ၊ ခြံထဲလှမ်းကြည့်တော့ ငတိမက ဒန်းမှာတစ်ယောက်ထဲငြိမ့်နေတာလေ၊ မြင်ပြင်းကတ်တာနဲ့ မြက်လျှောကို သူ့ဆီလွှင့်ပစ်လိုက်တာ၊ အော်လိုက်တာကွာ၊ ကမ္ဘာကြီး ပျက်မလားတောင် အောက်မေ့ရတယ်"

"ကိုဖုန်းမြင့်ခေါင်ရယ်၊ ပန်စီ့သူငယ်ချင်း လန့်ပြုပြီး အသက်ပါ ပါသွားပါမယ့်"

ပန်စီတာက ပြောရင်း ရင်ဘတ်ကို လက်ကလေးနှင့်ဖိ၏။ ကျော်လတ်က...

"မင်းကို ရန်မတွေ့ဘူးလား"

"ငါပစ်မှန်း မသိဘူး၊ လန့်အော်ပြီး ငတိမ ဟိုရှာဒီရှာ လုပ်သေးတယ်ကွ၊ ငါက ခွန်ပန်းရုံနားမှာ ဝပ်ပုန်းနေတာ"





"ကလေးတွေ ကျနေတာပဲဟယ်၊ နောက်တစ်ခါ ကေရီနဲ့တွေ့ရင် ပြုံးပြက်ပြပါ ကိုဖုန်းမြင့်ခေါင်ရဲ့"

"တော်ပါတော့ ပန်စီရယ်၊ ပြုံးပြဖို့ မပြောပါနဲ့ ကိုယ်လှမ်းကြည့်တာနဲ့တင် သူ့မျက်နှာက ရှစ်ခေါက်ကြီး ချိုးသွားတာ"

ပြောပြီး ဖုန်းမြင့်ခေါင်က တဟားဟားနှင့်ရယ်သည်။ ဆယ်ရင်းအုတ်ကျိုးလေး တစ်ခုကို ကောက်ပြီး နံရံကို ပစ်ပေါက်လိုက်၏။

"အံ့သြဖို့တော့ ကောင်းတယ်၊ သူ့အမေကလည်း ကိုယ့်အဖေနဲ့ အစာမကျေမှုလေးတွေ ရှိခဲ့တယ် ပန်စီရ"

"ကေရီ ပြောပြလို့ ပန်စီသိပြီးပါပြီ၊ အင်း... ခြံနီးချင်းတွေခုလို အမုန်းတရားရှည်နေတာတော့ မကောင်းပါဘူးလေ၊ ဒီမယ် ကိုဖုန်း"

ကိုဖုန်းမြင့်ခေါင်ဟု ခေါ်ရာမှ ပန်စီက ပိုမိုရင်းနှီးစွာနှင့် ကိုဖုန်းဟု ပြောင်းခေါ်သည်။

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမှ မဟုတ်ပါဘူး မေးမှာပါ"

"ကဲ..မေးစေဗျား"

"ပန်းစီ မေးတာကို စဉ်းစားပြီး ဖြေရမှာနော်"

ကျော်လတ်က သူ့အမျိုးသမီးကို စိတ်မရှည်စွာဖြင့် ...

"စကားကလည်း ပေရှည်လိုက်တာ ပန်းစီရာ၊ ဒီကောင်က လိုရင်း တိုရှင်းကြိုက်တဲ့ကောင်"

"မိန်းကလေးကိုလတ်ရဲ့၊ ကိုလတ်တို့လိုယောကျ်ားချင်းပြောတဲ့ ပုံစံနဲ့တော့ ဘယ်မေးပြောလို့ ဖြစ်မလဲ"

ပန်းစီတာက ကျော်လတ်ကို ဟောက်သည်။

"မင်းတို့နှစ်ယောက်ကလည်း ရန်ဖြစ်နေကြပြန် ပြီ၊ သူ့ဘာသာ သူကြိုက်သလို မေးပါစေကွာ၊ စဉ်းစားပြီး ဖြေခိုင်းတော့လည်း စဉ်းစားပြီး ဖြေရမှာပေါ့"

"မေးတော့မယ်နော်ကိုဖုန်း"

"မေးပါ"

"ကိုဖုန်း ကေရီကို မုန်းလားဟင်"

"အန်.."





"အန် ဆိုပြီး ယောင်နနကြီး လုပ်မနေနဲ့ ပန်းစီမေးတာကို စဉ်းစားပြီးတော့ဖြေ"

အိုးတိုးအတနှင့် ဖုန်းမြင့်ခေါင်က ကျော်လတ်ကို လှမ်းကြည့်သည်။ နှစ်ယောက်စကားဝိုင်းမှာ မပါချင်စွာဖြင့် ကျော်လတ်က ပန်းရန်ကိုင်နေသည့် အလုပ်သမားများထံ အကြည့်ကို ပို့ထား၏။

"အင်း ... အမြင်တော့ အရမ်းကတ်တယ် ပန်းစီရ"

"အဲ...ဟုတ်ပြီနော်၊ အမြင်ကတ်တယ်ဆိုတာ မုန်းတာနဲ့ တစ်ခြားစီပဲ၊ ကိုဖုန်း ကေရီကို မမုန်းဘူး မဟုတ်လား"

"ဟာ"

"လူတွေဟာ များသောအားဖြင့် ကိုယ့်စိတ်ကို လှည့်စားနေကြတာပါလေ၊ ကိုဖုန်း ကေရီကို တကယ်မုန်းရင် ရေမြေနဲ့ပစ်ပြီးဘာမှ ကျိစယ်စရာ မလိုဘူး၊ ဒါတွေဟာ ကိုဖုန်း ကေရီ့ အပေါ်မှာ မုန်းစိတ်မရှိတဲ့ သဘောတွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်သေးပါဘူး"

"လုပ်မနေနဲ့၊ ကိုဖုန်း ဧကရီကို မမုန်းဘူးဆိုတာ လုံးဝယုံကြည်လိုက်ပြီ"

စကားအသံထွက်မလာဘဲ ဖုန်းမြင့်ခေါင် မျက်နှာ ရှက်ရဲရဲ ဖြစ်သွားသည်ကိုကြည့်ပြီး ပန်စီတာက နက်နက် ရှိုင်းရှိုင်းကလေး ပြုံးလိုက်ပါ၏။

❊❊❊



[၂၉]

"အဲဒီ ဖုန်းမြင့်ခေါင်ဆိုတဲ့ အသုဘအကြောင်း မပါရင် မပြောတတ်တော့ဘူးလား ပန်စီရယ်"

ပန်စီတာက ပြုံးရင်းနှင့် တစ်ဖက်ခြံသို့ လှမ်းကြည့်သည်။ တိတ်ဆိတ်ငြိမ်သက်နေမှုကို ကြည့်ပြီး ဖုန်းမြင့်ခေါင်နှင့် သူ့အဖေမရှိသည်ကို မှန်းဆလို့ရ၏။

"ကိုဖုန်းကတော့ ဧကရီ့အကြောင်း ပြောပြရင် ပြုံးပြုံး ပြုံးပြုံးနဲ့ကို နေတာပါ"

"မပြောစမ်းပါနဲ့ကွာ၊ အော့နှလုံးနာလွန်းလို့၊ မင်းတို့ ရှေ့မှာသာ ပြုံးပြီးနေရင်နေမှာ၊ သူ့ရဲ့စိတ်ယုတ်မာကတော့ သူ့ရင်ထဲမှာ အမြဲကိုရှိတာ"

"ဧကရီက ဘာနဲ့တိုင်းတာပြီး ကြည့်လို့လဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"အထူးတလည်တိုင်းတာပြီး ကြည့်နေစရာ မလိုဘူး ပန်စီ၊ မနေ့ညနေက ကိုယ်လည်း ပျင်းပျင်းရှိတာနဲ့ အေးရီကိုခေါ်ပြီး ခြံထဲမှာ သားရေကွင်းပစ် ကစားတာရာဘာကွင်းက သူတို့ခြံထဲရောက်သွားတယ်လေ"

"ဟုတ်လား"

"အဲဒါ အေးရီက ဝင်ကောက်မယ်လုပ်တော့ ဟိုလူနဲ့တွေ့ရော"

"ဘယ်က ဟိုလူလဲ"

"ဟဲ့...ဖုန်းမြင့်ခေါင်ကို ပြောတာ၊ ဖုန်းမြင့်ခေါင်ဆိုတဲ့လူကို ပြောတာ"

"ဟယ်...ကေရီကလည်း ကိုဖုန်းက သဘောကောင်းပါတယ်"

"ကိုဖုန်းတွေ ကိုယ်တုံးလုံးတွေလာလုပ်မနေနဲ့ ပန်စီ၊ အဲဒါ အေးရီကို ဟိုလူက ဘာပြောတယ် မှတ်သလဲ၊ တို့ခြံကို ဝင်ချင်တိုင်းဝင်လို့ မရဘူးတဲ့၊ နင့်မှာ ဝင်ပိုင်ခွင့်လည်း မရှိဘူးတဲ့၊ နင့် သခင်မကိုယ်တိုင် လာကောက်ရင်တော့ ခြင်းချက်တစ်ခု ထားပြီး လက်ခံမယ်တဲ့"





ကေရီ စကားအဆုံး တွင် ပန်စီတာက...

"ဘာခြွင်းချက်လဲ"

"သူ့ညာဘက်ပါးကို ကိုယ်က မနာမကျင်နမ်းရမယ်တဲ့၊ အဲဒါမှ ကောက်ခွင့်ပြုမယ်တဲ့"

"အို"

"အဲဒါကို မင်းစဉ်းစားကြည့်၊ ဘယ်လောက်အသည်းယားဖို့ကောင်းသလဲ၊ နမ်းတာတောင် မနာမကျင်တဲ့၊ နမ်းလိုက်လို့ နာကျင်သွားရင် လက်သီးနဲ့ထိုးမယ်ဆိုတဲ့သဘောမသက်ရောက်ဘူးလား ပန်စီရဲ့"

"နေပါဦး ကေရီကနမ်းဖို့ စိတ်ကူးသေးလို့လား"

"ဝေးသေးတယ်၊ သူ့ပါးကို နမ်းဖို့ပြောနဲ့၊ ရှစ်စိတ်ကွဲအောင်တောင်ရိုက်လိုက်ချင်တာ"

ပန်စီတာက ပါးစပ်ကို လက်ကိုင်ပုဝါလေးအုပ်ပြီး ရယ်၏။ ကေရီက တစ်ဘက်ခြံထဲမှ သူမ၏ သားရေကွင်းဗိုင်းလေးကို လှမ်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြင်တယ်မို့လား၊ တကယ်ဆို သည်ဘက်ခြံထဲ ပြန်ပစ်ထည့်လိုက်တော့ သေချင်းဆိုးနဲ့ သေသွားမှာမို့လား"

နေ့လယ်ခင်းလေက ခပ်ဖြူးဖြူးကလေး တိုက်ခတ်သည်။ အပေါ်ထပ်မှ လှမ်းမြင်နေရသည့် တစ်ဖက်ခြံ၏ မြင်ကွင်း။ ကေရီ ပြောသလို သူမ၏ အပြာရောင် အားကစားသားရေကွင်းလေးကို ခွန်ပန်းရုံနံဘေးမှာ အထင်းသား တွေ့နေရ၏။

"သူတို့လူယုံ အဘိုးကြီး တစ်ယောက်တော့ ရှိတယ်ကွ"

"ဦးထွန်းစံနဲ့ တူတယ်"

"အံမယ်၊ နာမည်တွေသိလို့ပါလား"

"သြော်.. ကေရီရယ်၊ ကိုလတ်က ကိုဖုန်းနဲ့ စီးပွားဖက်လုပ်နေကြတာ မဟုတ်လား၊ ဒီတော့ ကိုဖုန်းတို့ အတွင်းအပြင်ကို ကိုယ်သိတာ မဆန်းပါဘူးကွာ"





"ဒါတွေထားပါလေ၊ ကိုယ်စိတ်မဝင်စားပါဘူး၊ အဲဒီဦးထွန်းစံဆိုတဲ့ လူကြီးက ကောက်ပေးမယ် လုပ်တာကို ဟိုလူက ပိတ်ပင်သေးတယ်၊ ပြောရင်းတောင် ဒေါသဖြစ်တယ်ကွာ၊ ဟင်း.."

အေးရီလက်ဖက်ပန်းကန်လာချတော့ တစ်ဖက်ခြံထဲမှာ ဦးထွန်းစံကို တံမြက်စည်းတစ်ချောင်းနှင့် လှမ်းတွေ့သည်။

"ကေရီ"

"ဟင်"

"ကိုယ်တစ်ခု မေးချင်တယ်ကွာ"

"မေးစရာရှိတာများဟယ်၊ ဒိုးဒိုးဒေါက်ဒေါက် မေးလိုက်လည်း ရတာပဲဟာ"

"ဒါဖြင့် မေးမယ်၊ စဉ်းစားပြီး ဖြေနော်၊ ကေရီ ကိုဖုန်းကို တကယ်ပဲ မုန်းသလား"

"အမယ်လေး ဒီအမေးကို စဉ်းစားပြီး ဖြေစရာမလိုပါဘူးပန်စီရယ်၊ မုန်းတာမှ ကမ္ဘာနဲ့ချီပြီးတော့ကို မုန်းတယ်၊ မင်းကို ကိုယ်အစက ပြောဘူးတာပဲဟာ၊ ဖုန်းမြင့်ခေါင်ဟာ ကိုယ့်အမုန်းဆုံး လူသားတစ်ယောက်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း စိတ်ညစ်လိုက်တာကွာ၊ မင်းတို့နှစ်ယောက်ရဲ့ ငြိမ်းချမ်းရေးကို ကိုယ်ဘယ်လို ဆွေးနွေးရမယ်မှန်းကို မသိတော့ဘူး"

"မဆွေးနွေးနဲ့ပန်စီ၊ ကိုယ့်ဆီလာရင် လက်ဖက်ချိုဆို ချဉ်ငံစပ်ကလေးစား၊ ကော်ဖီချိုဆို ကော်ဖီသောက် ပြီးတော့ ရုပ်ရှင်မင်းသား မင်းသမီးတွေအကြောင်းပြော ဘယ်လောက်ပျော်စရာ ကောင်းလဲ"

"ကိုယ်ကတော့ ကိုလတ်အကြောင်းပဲ ပြောချင်တယ်"

"ရတယ်၊ မင်းအမျိုးသား အကြောင်းပြောလည်း ကိုယ် နားထောင်မယ်၊ ဖုန်းမြင့်ခေါင် အကြောင်းသာ မပါစေနဲ့"

ပြောပြီး ကေရီ့ အကြည့် တစ်ဖက်ခြံသို့ ရောက်သည်။ သည်လို ရောက်သွားတတ်သည့် မိမိ၏အကြည့်ကို ကေရီ မကျေနပ်တာကြာပြီ။

တကယ်ဆို...





ဖုန်းမြင့်ခေါင်တို့ခြံကြီးကို ဘာကြည့်ဖို့လိုလို့လဲ။

❊❊❊

ပြန်ခါနီးတွင် အဖြူရောင်သစ်ခွမျိုးလိုချင်တယ်ဟု ပန်စီတာကပြော၍ ခြံထဲသို့ ဆင်းခဲ့သည်။ နှင်းဆီ မစိုက်ဘူးလားဟု ပန်စီတာက မေးတော့...။

"မကြိုက်ဘူးကွ၊ နှင်းဆီနံ့ကိုမေမေကော ကိုယ်ကော အနံ့ခံလို့ မရဘူး၊ နှင်းဆီပန်းနံ့ရရင် မူးချင် အန်ချင် ဖြစ်လာရော"

"မိန်းကလေးတိုင်း နှင်းဆီကြိုက်ကြတာကွာ"

"ကိုယ်နဲ့မေမေ မကြိုက်တာတော့ အမှန်ပဲ ပန်စီ"

သစ်ခွများ စိုက်ထားသည့်ဘက်သို့ လျှောက်သည်။ ပန်စီတာအတွက် သစ်ခွအုံတစ်ခုကို စင်မှဖြုတ်ယူပြီး အေးရိုကို ခေါ်ခေါ်သည်။

"ဘာခိုင်းမလို့လဲ မမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ပလတ်စတစ်အိတ်နဲ့ထုပ်ပြီး ပန်စီကားထဲ သွား ထားလိုက်၊ ဟင်းအိုးကိုလည်း ကြည့်နော်၊တစ်ခါ ကလို ငန်တူးနေရင်တော့ နင်နဲ့ငါအတွေ့ပဲ"

ဟုတ်ဟုဆိုပြီး အေးရီက သစ်ခွအုံကို လှမ်းယူသည်။ ...ကရီနှင့်ပန်စီတာ ပုဏ္ဏရိတ် စည်းရိုးဘက်ရှိ သစ်ခွပင်များ ...ဘက်သို့အလျှောက်တွင်...

"ဇကရီ...ဟိုဘက်ခြံမှာ ဦးထွန်းစံကြီးတစ်ယောက် ထဲ ရှိတယ်၊ ဇကရီ့ သားရေကွင်း သွားတောင်းပါ လား"

"အေး ဟုတ်တယ် ပန်စီ၊ မေတ္တာအိုးသားအဖနှစ် ယောက်က မနက်ကတည်းက ထွက်ကြတာ"

ခြံစည်းရိုးဘက် လျှောက်ခဲ့သည်။

စည်းရိုးနားရောက်တော့ ခြေဖျားလေးထောက်ပြီး...

"ဦးလေး..ဦးလေး"

ခေါ်သံကြောင့် ဦးထွန်းစံ ဆတ်ခနဲ လှည့်ကြည့်သည်။ ...ခံ့အားသင့်စွာဖြင့်...

"ဘာလဲ သမီး"





"တစ်ခြား ဘာမှတော့ မဟုတ်ပါဘူး၊ ဟိုစွန်ပန်းရုံ နားက သမီးရဲ့ သားရေကွင်း ကောက်ပေးပါနော်"

ဇကရီ့စကားကြောင့် ဦးထွန်းစံ မျက်လုံး ပြူးသွားသည်။

"အံမယ်လေး အဲ့ဒါတော့ နေရာ လုံးဝ မရွေ့ရဘူး လို့ ဦးစံကို အမိန့်ထုတ်ထားပါတယ်"

"ဒါတော့ ဘယ်ရမလဲ ဦးလေးရဲ့၊ ဒီသားရေကွင်း က သမီးဟာပဲဟာ"

"ဟုတ်...ဟုတ်ပါတယ်ကွယ်၊ အဲဒါကိုလည်း ဦးစံ သိပါတယ်"

"ဦးလေး ကောက်မပေးဝံ့ရင် သမီးတို့ဘာသာ ဝင်ကောက်မယ်"

"အဲဒါလည်း သည်းခံပါကွယ်၊ ဒီသားရေကွင်း ဒီနေရာကပျောက်သွားရင် ခြံထဲလူစိမ်းဝင်လို့ပဲတဲ့၊ လူစိမ်းဝင်ရင် ဦးစံမှာ လုံးဝ တာဝန်ရှိတယ်လို့လည်း ကိုဖုန်းက သတိကို အထပ်ထပ် အခါခါ ပေးသွား ပါတယ်"

"ဒါဖြင့် သမီးတို့ပစ္စည်းကို အဆုံးခံရမယ်ပေါ့"

"ဦးစံလည်း မပြောတတ်တော့ဘူးကွယ်၊ တစ်ခု တော့ ဦးစံ အကြံဉာဏ်ပေးချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအကြံညဏ်လဲ"

"သမီးတို့ ပစ္စည်းကို ပြန်ရဖို့အတွက် ရပ်ကွက်လူကြီးတွေကိုတိုင်ပါကွယ်၊ ဦးစံကိုတော့ ထမင်းအိုးကွဲအောင် မလုပ်ပါနဲ့၊ ကိုဖုန်းက ဖွတ်တိ ဖွတ်ကန်းလုပ်တတ်ပါဘိနဲ့"

ဧကရီ မျက်နှာမဲ့ခနဲ ဖြစ်သွားသည်။

"ဒီမှာ ဦးလေး၊ ဦးလေး သိပ်ကြောက်တဲ့ ဖုန်းမြင့်ခေါင်ဆိုတဲ့ အကောင်ကို ပြောလိုက်စမ်းပါ၊ သားရေကွင်းတန်ဖိုးက သူတောင်းစား ပေးသလောက်ပဲ ရှိတယ်လို့"

ပြောပြီး ဧကရီက ပန်စီတာ့ လက်ကိုဆွဲပြီး လှည့်ထွက်သည်။

"ကြားတယ် မဟုတ်လား ပန်စီ၊ မင်းတို့ ဖုန်းမြင့်ခေါင်ကမ္ဘာနဲ့ချီပြီး လူဝါးဝတာ"

ပန်စီတာခေါင်းကိုသာ ခါယမ်းနေပါ၏။

❋❋❋



[၂၄]

"ဟား...ဟား...ငါ့ကို ကမ္ဘာနဲ့ချီပြီးတော့တောင် မုန်းတယ် ဟုတ်လား"

ပြောပြီး သူက အကြမ်းအိုးကို ငှဲ့သည်။

"မင်းနဲ့ဧကရီကို ပန်စီက အရမ်း အဆင်ပြေစေချင်တာ၊ ဧကရီ ဒီလို ပြောလိုက်တာကို သူတောင် စိတ်မကောင်း ဖြစ်တယ်တဲ့"

ကျော်လတ်က စီးကရက်ဘူးကို လှမ်းယူပြီး တစ်လိပ်ဆွဲထုတ်သည်။ ညနေနှောင်းစလေက ခပ်စိမ့်စိမ့်ကလေး တိုက်ခတ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကေရီ့ကိုတွေ့ရင် ခွကလန့်လုပ်ဖို့ပဲ စဉ်းစားနေတာပဲ"

"မင်း မသိဘူး ကျော်လတ်"

"ငါ သိတာက မင်း သူ့အားကစား သားရေကွင်းကို ခြံထဲဝင် အကောက်မခံတာပဲ သိတယ်"

"အေး မင်းသိတာက အဲဒါလေးတစ်ခုတင်၊ ငါက အတွင်း ကျကျကို ခံထားရတာ"

"ဘာကိုလဲ အတွင်းကျကျ"

"ငါ့ခေါင်း ဟော့ဒီနားကို မင်းလက်နဲ့စမ်းကြည့် စမ်း ကျော်လတ်"

ကျော်လတ်က သူထောက်ပြသည့် နေရာကို လက်နှင့် အသာစမ်းသည်။

"ဟာ...ခေါင်းမှာဖုနေပါလား၊ ဘာနဲ့ဆောင့်မိတာလဲ"

"ဘာနဲ့မှ ဆောင့်မိတာ မဟုတ်ဘူး ခွနဲ့အထုခံလိုက်ရတဲ့ ဒဏ်ရာ"





"ဟင် ဘယ်သူထုတာလဲ"

"ကေရီပေါ့ကွ၊ ငါ့ကို ဟိုတစ်နေ့က မနက်အစောကြီးဆော်ထည့်လိုက်တာ"

"ဟုတ်ရဲ့လားကွာ"

"ငါ သေသေချာချာ မြင်လိုက်တာ၊ သူကတော့ သူ့ကို မမြင်ဘူး ထင်နေမှာပေါ့၊ ဒါကြောင့် သူ့သားရေကွင်းကို ငါမပေးဘဲနဲ့ ကတ်ဖဲ့လုပ်ထားတာ"

"မပေါက်မပြဲတာ ကံကောင်းကွာ၊ မင်းဒေါသဖြစ်မယ်ဆိုလည်း ဖြစ်လောက်ပါတယ်"

"မဖြစ်ပါဘူး"

"ဘာစကားလဲကွ"

လက်ဖက်ရည်ကို တစ်ကျိုက်မော့သောက်သည်။

ညနေ၏ လမ်းဘေးလက်ဖက်ရည်ဆိုင်လေးက ငြိမ်းငြိမ်းချမ်းချမ်း။

"ဒေါသမဖြစ်တာကို ပြောတာလေ၊ မိန်းကလေးတစ်ယောက်ရဲ့လက်ဒီလောက် တည့်တာကို ငါ သဘောကျလို့ပါ၊ တကယ်ကွာ၊ ငါ့ခေါင်းကို ဒေါင်ခနဲ နေသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်လတ်က သူ့ကို အံ့သြလောက်စွာ ကြည့်နေ၏။

ခါတိုင်း...

ကေရီအပေါ် ဖြစ်သည့် ခါးသီးမှု။

ယခုမူ ခေါင်းမှ အဖုလေးကိုကိုင်ပြီး သဘောကျသလို ဖြစ်နေသည်ကိုက ကျော်လတ်အတွက် နားမလည်နိုင်စွာသော အကြောင်းအရာတစ်ခု။

ဘယ်လိုတွေ ဖြစ်ကုန်တာလဲဟုတော့ ကျော်လတ်မေး လိမ့်မည်။ သူကတော့ ရယ်မောစွာနှင့်ပင် ကေရီ၏ တုန့်ပြန် မှုကို လက်ခံထားနေမိပါ၏။

❊❊❊



[၂၅]

စီးမျောနေသော စမ်းချောင်းငယ်လေးတစ်ခု။

ပန်းပွင့်ကြွေများသည် စမ်းချောင်းငယ်လေး နံဘေးတွင် ကျဲနေသည်။ စမ်းနံဘေးပန်းပွင့်ကြွေများကြားမှာ ဝေဝေ ါး အရိပ်လေးတစ်ခု။

စူးစိုက်ကြည့်နေဆဲမှာပင် အရိပ်ကလေးကလှုပ်ရှားလာ ပန်းပွင့်ကြွေများကို ဆုပ်ယူ၍ စမ်းချောင်းလေးထဲ ပစ်ချ ည်။

သည့်နေ့ဝက် ဝေဝါးသော အရိပ်လေး၏ရယ်သံ။

ချိုကြည်သော အသံကို အာရုံခံစားမှုနှင့်အတူ ထံပါးသို့ ညင်းစွာ တိုးကပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်...

သည်ဝေဝါးသော အရိပ်လေးဟာ ကေရီပါပဲ။

ထံပါးရောက်တော့ မျက်နှာကို ဆတ်ခနဲ လှည့်ကြည့်သည်။ မာနရောင်လက်နေတဲ့မျက်နှာမဟုတ်ပါဘူး။ သို့သော် မယုံတည်ငြိမ်အေးချမ်းတဲ့ မျက်နှာလည်း မဟုတ်ပါဘူး။

"ကေရီ"

သူ တိုးညှင်းစွာခေါ်သည်။

ပန်းပွင့်ကြွေများကို လက်နှစ်ဖက်နှင့် သဲ့ယူလိုက်ပြီး ကေရီထိုင်ရာမှ ထသည်။

"ကေရီ စမ်းချောင်းကလေးဘေးမှာ ဘာလုပ်နေတာလဲဟင်"

သူ့အသံက ဘာလို့ ညင်သာ နေရာတာလဲ။

သူ့ဆက်ဆံမှုက ဘာလို့ သိမ်မွေ့ညွှတ်ပျောင်းနေရသော လဲ။

သူ့မျက်နှာကိုကြည့်ပြီး ကေရီက အတောမသတ်နိုင် ရယ်သည်။





"ဘာလုပ်နေတာလဲ ဟုတ်လား"

"သိချင်လို့ပါ ကေရီ"

"အမုန်းပန်းတွေကို စမ်းရေမှာ မျှောချနေတာလေ။ ရှင့်ကိုမုန်းတဲ့ အမုန်းပန်းတွေကို စမ်းရေထဲ မျှောချနေတာ"

"ဒါဖြင့် အမုန်းပန်းတွေက ကိုယ်တို့နဲ့အဝေးဆုံး နေရာကို စီးမျောသွားမှာပေါ့နော်၊ ဒါဆိုရင် ကိုယ်တို့ထံပါးမှာ အမုန်းတွေ မရှိတော့ဘူးပေါ့"

"ရှိတယ်၊ ရှိတယ်၊ ကမ္ဘာကြီး မပျက်စီးသရွေ့ ရှင့်ကို မုန်းတဲ့အမုန်းတွေ ကျွန်မရင်မှာ အပြည့်ရှိ နေတယ်"

"မဟုတ်တာ ကေရီရယ်၊ အမုန်းတွေကို ဒီပန်းပွင့်တွေရဲ့ အသည်းနှလုံးမှာ ထည့်သွင်းလိုက်ပါ၊ အမုန်းတွေ ပြည့်သိပ်နေတဲ့ ဒီပန်းပွင့်တွေကို ဟိုးအဝေးဆုံးတစ်နေရာရောက်အောင် ကေရီနဲ့အတူ ကိုယ်မျှောချမယ်နော်"

ပန်းပွင့်ကြွေများကို ကောက်ယူသည်။ ပြီး စီးမျောနေသည့် စမ်းချောင်းလေးထဲသို့ ပစ်အချ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်...ရှင်...လူယုတ်မာ၊ အို ပြန်ပေး၊ ကျွန်မ အမုန်းတွေကို ပြန်ပေး၊ ပန်းပွင့်တွေကို ပြန်ယူပေး"

ကေရီ အော်သည်။

"အမုန်းတွေကို ပြန်ပေးရမယ် ဟုတ်လား၊ မပေးဘူး၊ လုံးဝမပေးဘူး၊ အမုန်းတွေကို အဝေးဆုံး ကမ္ဘာတစ်ခုကို ရောက်သွားပါစေ ကေရီ၊ ကိုယ် ကေရီ့ကို ချစ်တယ်"

"မချစ်ဘူး...မချစ်ဘူး၊ နင့်ကို ကျွန်မ မချစ်ဘူး"

"မချစ်လို့ မဖြစ်ဘူး ကေရီ၊ အို ချစ်ရမယ်၊ ကေရီ ကိုယ့်ကို လုံးဝချစ်ရမယ်"

❊❊❊

"ချစ်ရမယ်၊ ကေရီ ကိုယ့်ကို လုံးဝချစ်ရမယ်"

"ဟေ့သား၊ ကိုဖုန်း တံခါးဖွင့်စမ်း၊ တံခါးဖွင့်စမ်း"

အို... ဖေဖေ့ အသံပါလား။

အသံနှင့်တစ်ဆက်တည်းပင် အဆက်မပြတ်ပေါ်ထွက်နေသည့် တံခါးခေါက်သံ။





မျက်လုံးကို ဖျတ်ခနဲ အဖွင့်တွင် အိပ်မက်၏အပိုင်းအစများက အသိမှာ ကပ်ငြိပါလာ၏။

သူအိပ်ရာမှ လူးလဲထပြီး တံခါးကို အပြေးကလေး ဖွင့်သည်။ တစ်ညလုံးထွန်းထားသည့် မီး၏အလင်းရောင်နှင့်အတူ ဖေဖေ့ကို တွေ့ရ၏။

"သား ဘာတွေအော်နေတာလဲ"

"ဗျာ"

"အချစ်ဆိုတဲ့အသံတွေကို ဖေဖေကြားလိုက်ရတယ်"

"ဟာ ဖေဖေကလဲ"

"အံ့သြစရာပဲ၊ အချစ်တွေဟာ သားရဲ့အိမ်မက်ထဲ ထိတောင် အလည်ရောက်နေပါလား"

ဖေဖေကိုပြုံးပြရင်း စားပွဲတင်နာရီကို လှမ်းကြည့်တော့ ခြောက်နာရီ စွန်းစွန်းကလေးပင် ရှိပြီ။

"မနက်အစောကြီး အဝတ်အစားတွေလဲလို့ ဖေဖေ ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လှည်းကူးကို သွားမလို့သား၊ အဲဒါသားကို လာပြောတာ၊ ည ဖေဖေပြန်မရောက်ရင်လည်း စိတ်မပူနဲ့၊ ညအိပ်ချင်အိပ်မှာ၊ ကဲ… သား အိပ်ချင်ပြန်အိပ်လေ"

"မအိပ်တော့ပါဘူး ဖေဖေ၊ မိုးပဲလင်းနေပြီ၊ ခြံထဲဆင်းပြီး အညောင်းဖြေဦးမှာပါ"

"ဒါဖြင့် ဖေဖေသွားမယ်"

မကြာမီ ခြံထဲမှ ကားထွက်သွားသံကို ကြားသည်။

✲✲✲

နံနက်ဦး လေကိုအားရစွာ ရှူရှိုက်လိုက်၏။

ခြံထဲမှာ ဟိုသည်လျှောက်ရင်း အကြည့်ကို တစ်ဖက်ခြံဆီသို့ ဝေ့ဝဲမိသည်။

မက်ပြီးခဲ့သည့် အိပ်မက်နှင့်အတူ ကေရီကို သတိရလိုက်၏။ သူတစ်ယောက်တည်းပြုံးရင်း ကျော်လတ်ထံမှ ကြားရသည့် စကားကို အမှတ်ရသည်။





"ဟင်း…ဟင်း…ကမ္ဘာကြီးနဲ့ချီပြီးတော့တောင်မှန်းတယ်လား ကေရီရယ်"

ဂျင်းအင်္ကျီအိတ်ထဲသို့ လက်နှစ်ဖက်ကို ထိုးထည့်ပြီးမြေနီလမ်းကြောင်းကလေးအတိုင်း လျှောက်သည်။ ခွန်ပန်းရုံနားသို့ ရောက်သောအခါ ရေညှိပင်တက်စပြုနေသည့် အပြာရောင် သားရေကွင်းလေးကို မြင်၏။

သူအပြုံးကို ထပ်ပြုံးသည်။

ပြုံးရင်းနှင့် ပုဏ္ဏရိတ်ပင်များရုံကာထားသည့် စည်းရိုးနားသို့ လျှောက်ခဲ့၏။

သူ့ခြေအစုံတန့်ရပ်သွားသည်။

ဟုတ်ပါတယ်၊ ခြံစည်းရိုးဘေးနားက ရွက်လှပင်ကြီးနားမှာကေရီတစ်ယောက်တည်းပါ၊ လက်ထဲမှာလည်းမြေကော်သည့် အသေးစား ဂေါ်ပြားလေ ကို ကိုင်ထား၏။

စည်းရိုးကိုမှီးပြီး စူးစူးစိုက်စိုက်ကြည့်သည်။

ကေရီ့ခေါင်းက မော့မလာ။

မြေဆွေးကို ဂေါ်ပြားလေးနှင့်ထိုင်လျက် ထိုးကော်ပြီးအလုပ်မှာ စိတ်ကို သဲသဲမဲမဲ နှစ်ထားသည့်ဟန်။



www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်ကြည့်ရင်း သူ့ပင့်သက်ကို ဖွဖွချသည်။

အလှမျက်နှာလေးပါပဲ။

သည်တခါပဲ သည်မျက်နှာကို စိတ်အငြိမ်းချမ်းဆုံးထား ပြီးကြည့်မိသည်။

နံနက်ဦးမှာ ဒေါသအရောင်သွေးတွေ မှဲ့နေ၏။

မြေကိုကော်ရင်း နှုတ်ခမ်းလေးကို ဒေါသမဲ့စွာ ဖိကိုက်ထား သည့်ဟန်က ရင်ကိုခုန်လှုပ်စေရပါ၏။

သူ့ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချလိုက်ပြီး...

"ဧကရီ"

"အမယ်လေး"

"နာမည်လေး ခေါ်တာပါဗျာ၊ သည်လောက်ထိတ် ထိတ်လန့်လန့် ဖြစ်သွားစရာမလိုပါဘူး"

"အိုး..."

ထိတ်လန့်မှုမှ တင်းမာမှုသို့ ရုတ်ခြည်း ပြောင်းလဲသွား သည်။

စုစုမှုသွားသည့်နှုတ်ခမ်းတွင် ဒေါသ မည်မျှပါဝင်သည် ကို စိတ်ဝင်စားသိ၏။





"ဘာလုပ်နေတာလဲ"

သူက ဝေ့ဝေ့ကလေးကြည့်ပြီး မေး၏။

"အမ်မာ၊ ကိုယ့်ခြံထဲမှာ ဘာလုပ်လုပ်ပေါ့"

"မဟုတ်ပါဘူး၊ ကုန်းကွကွကြီး လုပ်နေတာ၊ အမြင် မတော်လို့ပါ၊ အိမ်မှာ အိမ်သာ မရှိဘူးလား"

"ကြည့်စမ်း၊ ယုတ်မာယုတ်ညံ့လိုက်တာ၊ သစ်ပင် စိုက်နေတာကို မမြင်ဘူးလား"

"ဪ... သစ်ပင်စိုက်နေတာကိုး၊ ဘာအပင်စိုက်နေ တာလဲ"

"အဆိပ်ပင်"

"ဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီအဆိပ်ပင်က အ ဆိပ်သီးသီးရင် ယူ့ကို ကျွေးမလို့"

ရှင်ဆိုသည့် အသုံးအနှုန်းမှ ယူဆိုသည့် အသုံးအနှုန်း ကိုပြောင်းလဲသုံးသည်။

"ဒေါသသိပ်ကြီးတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ယူ့အလုပ်မဟုတ်ဘူး၊ နေပါဦး ယူကဘာလာပြီး စကားမရှိ စကားရှာနေတာလဲ၊ ရန်ဖြစ်ချင်လို့လား"

စွာတာတတ်သည့် မျက်နှာကို ကြည့်ကောင်းကောင်းနှင့် ဖုန်းမြင့်ခေါင်က ကြည့်သည်။

"ရန်ဖြစ်စရာ အကြောင်းတော့ မရှိပါဘူး၊ မကျေနပ်တာကို မေးမလို့ပါ"

"ဘာမကျေနပ်တာလဲ"

သူက ပြုံးပြသော်လည်း ကေရီ၏ မျက်နှာကတော့ မာမာတင်းတင်း အနေအထားက တစ်စက်ကလေးမှမလျော့။

"ပန်စီကို ဘာသွားပြောတာလဲ"

"ဘာပြောလို့လဲ"

"ကျုပ်ကို ကမ္ဘာကြီးနဲ့ ချီပြီးမုန်းတယ်ဆို"

"ဟုတ်တယ်လေ၊ အမှန်စကားပဲ"

"ဒီမယ်၊ ခင်ဗျားလေး သေသေချာချာ နားထောင်စမ်းပါ"





ကေရီက ကြဲ့ထားသည့် မျက်မှောင်ကိုမဖြေ။

"ခင်ဗျားလေးက ကျုပ်ကို ကမ္ဘာကြီးနဲ့ ချီပြီး မုန်းပေမယ့် ကျုပ်ကခင်ဗျားလေးကို စကြာဝဠာကြီးတစ်ခုလုံးနဲ့ကို ချီပြီးချစ်တယ်"

"ဘာ..."

"ချစ်တယ်ဆိုတာကို ပြောတာ၊ ပတ်ဝန်းကျင်က လူတွေကြားအောင် မအော်ပါနဲ့"

"ယူ့ကိုလား၊ ချစ်မယ် အားကြီးကြီး"

"ဩော်...အင်အားသုံးပြီး အားကြီးကြီးနဲ့ချစ်မယ်လား၊ ဝမ်းသာပါတယ်ကေရီ၊ ကျေးဇူးလည်းတင်ပါတယ်"

ကေရီ ကိုယ်ကို ဆတ်ခနဲ လှည့်သည်။ ပြီး ဘောက်ဆတ်ဆတ်နှင့် လျှောက်သွားသည်။ ကေရီ၏ နောက်ပိုင်းအလှကို ကြည့်ရင်း သူကျေနပ်အားရစွာ ရယ်လိုက်ပါ၏။

ဩော်...သည်နံနက်ခင်းမှာ ကေရီရဲ့ အလှတစ်ခုကို တွေ့မြင် ခံစားလိုက်ရတာပါပဲ။

***



www.burmeseclassic.com

www.burmeseclassic.com

## [၂၆]

"ကေရီ ပန်စီဆိုကို အူယားဖါးယားနဲ့ကို ပြေးလာတာ ကိုဖုန်း"

"ဘာလဲ ဝမ်းသာလို့လား"

"မဟုတ်ဘူး၊ ကိုဖုန်းက သူ့ကို စကြဝဠာကြီးနဲ့ချီပြီး ချစ်တယ်ပြောတာကို ဒေါ်သဖြစ်လွန်းလို့တဲ့၊ ဒါပေမယ့် ကိုဖုန်းရယ်၊ ဒေါသဖြစ်နေတဲ့ ကေရီ မျက်နှာမှာ တကယ့် ဒေါသရှိကို မရှိပါဘူး"

ကျော်လတ်က နားထောင်သမား။

ညနေဘက် အလုပ်သိမ်း၊ အလုပ်သမားများ ရှင်းပေးပြီး တိုင်း လက်ဖက်ရည်ဆိုင်ကို ပန်စီတာပါ လိုက်ထိုင်တာ သည့်မှာ ကြာပြီ။





"နေပါဦး ဒေါသမရှိဘူးဆိုတာ ပန်စီက ဘယ်လို ကိုင်းတာကြည့်လို့လဲ ရန်တွေ့တတ်[illegible] ဘာများ ပန်စီသူငယ်ချင်းရဲ့ နှုတ်ခမ်းလေး[illegible]ထော်လို"

"ဒကရီက စိတ်ရင်းကောင်းပါတယ် ကိုဖုန်းရဲ့ [illegible] နားလည်း သနားတတ်တယ်"

"သနားတတ်လို့ လောက်လေးခွနဲ့ ဆော်တာပေါ့ ကွ၊ မသနားတတ်ရင် လက်ပစ်ဗုံး လှမ်းထုမလား တောင်မသိဘူး"

စကားကို သဘောကျစွာ ပန်စီတာက တခစ်ခစ်ရယ်၏။ ကေရီ ပန်စီတာကို စကားအားလုံး ပြန်ပြောတာပုံ ရ၏။

ကျော်လတ်ကတော့ လက်ဖက်ရည် အရသာခံပြီး စကား [illegible]င်းမှာ ဝင်မပါ။

"ပန်စီ မေးမယ်ကိုဖုန်း"

"မေးလေ ပန်စီကိုယ်ကို ခဏခဏ ပေးနေတာပဲ [illegible]"

"ကိုဖုန်း ကေရီကို ချစ်တယ်လို့ ပြောလိုက်တဲ့တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သူက မုန်းတယ်ဆိုတော့ ကိုယ်က ချစ်တယ်လို့ ပြောရတော့မှာပေါ့ ပန်စီ၊ သူဖြူရင် ကိုယ်မည်းမယ်၊ သူမည်းရင် ကိုယ်ဖြူမယ်"

"ဟာ…အဲသလိုတော့ မကောင်းပါဘူး ကိုဖုန်းရာ၊ ယောကျ်ားဆိုတာ ကိုယ့်နှုတ်ဖျားက ထွက်တဲ့စကားကို တည်ကြည်လေးနက်စေရမယ်"

"ဟား…ဟား..ပန်စီက တကယ်ဖြစ်စေချင်တာကိုး၊ ဒီမယ် ပန်စီ၊ ကိုယ်က ဧကရီကို တကယ်ချစ်တယ်ပဲထား၊ ပန်စီ ဧကရီက ကိုယ့်ကို ဘယ်တော့မှ ချစ်လာမှ မဟုတ်ဘူး"

"တကယ်လား၊ လောင်းမလား"

"ပန်စီ ရှုံးသွားလိမ့်မယ်နော်"

"မိန်းမတွေ့ရဲ့အတွင်းစိတ်ကို ကိုဖုန်း ဘယ်လောက်နားလည်လို့လဲ၊ မိန်းမတွေရဲ့ ရင်ကို ကိုဖုန်းတို့ 'ယောကျ်ားတွေ ဘယ်လောက် ထွင်းဖေါက်ကြည့်တတ်လို့လဲ၊ ဧကရီမှာ ချစ်သူ အချစ်ဦးဆိုတာ မရှိဘူး ကိုဖုန်းရဲ့"





"အဲဒါ ဘာဆိုင်လဲ ပန်စီ"

"မဟုတ်ပါဘူး၊ ကိုဖုန်းသာ လေးလေးနက်နက်ထား၊ ပန်စီ အကုန်တာဝန်ယူတယ်"

သူက ကျော်လတ်ဘက်လှည့်ပြီး…။

"ဟ…ကျော်လတ်၊ မင်းအမျိုးသမီးက အောင်သွယ်လည်း လုပ်တတ်ပါလား"

"ငါလဲ သူနဲ့ချစ်ပြီးမှ အောင်သွယ်တတ်မှန်းသိ တာ ဖုန်းမြင့်ခေါင်၊ ငါတစ်ခုတော့ ပြောထား မယ်နော်၊ မင်းနဲ့ ပန်စီကြားမှာ ငါဘာမှ မပါဘူး"

"အံမယ် ကိုလတ်နော်၊ ပန်စီက အားလုံးပျော်ပျော် ရွှင်ရွှင် ဖြစ်ကြစေသတည်းဆိုတဲ့ ဆန္ဒနဲ့ သိလား၊ အောင်သွယ်လုပ်ပေးတာ မဟုတ်ဘူး"

"မထူးပါဘူး"

"ဘာ မထူးတာလဲ၊ ကဲ… မထူးဦး၊ မထူးဦး"

ပြောရင်း ပန်စီတာက ကျော်လတ်လက်မောင်းကို ဆိတ်ဆွဲသည်။ နာတယ် ပန်စီရဆိုသည့် စကားကို သူက ရယ်၏။

"ပန်စီ သူငယ်ချင်းက သန့်သန့်လေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်သူငယ်ချင်းကလည်းသန့်သန့်လေးပဲဟာ"

"ယောကျ်ားဆိုတာ ယုံရတာ မဟုတ်ဘူး"

"ဒါဖြင့် ကိုယ့်ကို ဘာလို့ချစ်လဲ"

"မချစ်ရင် သေမှာလိုဖြစ်ပြနေတာလေ"

စကားနှင့်အတူ ပန်စီတာ လက်ပါမည်ပြုတော့ ကျော်လတ်က သူ့နံဘေးသို့ အသာတိမ်းသည်။

"ကဲ...ဘာမဟုတ်တာလေးနဲ့ မင်းတို့နှစ်ယောက် ရန်ဖြစ်ကြဦးမယ်ကွာ၊ တော်ကြပါတော့"

"မဟုတ်ဘူး ကိုဖုန်း၊ သူ ခုတလော စကားပြောရင် သိပ်စီးပိုးတာပဲ"

"ပန်စီ ကိုယ့်ကို နိုင်တာကျ ထည့် မပြောဘူးလား"

"ဘာကို နိုင်တာလဲ"

"တစ်လောက အိမ်မှာလေ"

"ဘာဖြစ်လဲ"

"ကိုယ့်ကို လက်ပြန်ကြိုးတုပ်ပြီး ပါးနှစ်ဖက်ကို အတင်း နမ်းတာလေ"

"ဟယ်... အယုတ်တမာကြီး"





"ဟော့...ဟော့ မင်းတို့နှစ်ယောက် ငါ့ရှေ့မှာ ပေါက်ကရတွေ မပြောနဲ့ကွာ၊ မင်းတို့ စကားတွေ နားထောင်ရင်း ငါကြက်သီးတဖျင်းဖျင်းထတယ်"

"မဟုတ်ဘူးကိုဖုန်း၊ မဟုတ်ဘူး လက်ပြန်ကြိုးတုပ်တာကို သူဖြေနိုင်တယ်... လက်ကို ကြိုက်သလို ကြိုးနဲ့ချည်ဆိုလို့ ကြိုးနဲ့တုပ်တာ၊ ဟွန်း..နမ်းမယ်၊ သူ့ပါးကြီးကို"

ကျော်လတ်၏အရယ်။

ပန်စီတာ၏မျက်စောင်း။

လက်ဖက်ရည်ပေါ့ဆိမ့်လေးရဲ့ အရသာကို ခံစားရင်း သူတို့ စကားအရယ်တွေမှာ စိတ်က လန်းဆန်းလာရတယ်လေ။

ပြီးတော့...

ကေရီကို ဘာလို့ သတိတရ ရှိလိုက်မိတယ် ဆိုတာကိုလည်း ကိုယ့်ကိုကိုယ် နားမလည်နိုင်တော့ပါဘူး။

***



www.burmeseclassic.com

www.burmeseclassic.com

## [၂၇]

"ဟိတ်...ရပ်လိုက်စမ်း၊ ဒါ ဘာလုပ်တာလဲ"

အေးရိလှည့်ပြေးမည် ကြံသေး၏။ သို့သော်လည်း အမိခံနေရသည်က ပက်ပင်း။ ဖုန်းမြင့်ခေါင်ကလည်း လှမ်းချူသည့် တံချူကို ခပ်မိမိလေး ဆွဲကိုင်ထားသည်။

"ဟို...ဟို...ဟိုလေ"

"ဟိုတွေ ဟက်တွေ လုပ်မနေနဲ့၊ နင့်နာမည် ဘယ်သူလဲ"

"အေး...အေးရိပ့ါ အစ်ကို"





တစ်ဖက်ခြံမှ ဇကရီတို့၏ အိမ်ဖေါ်ကောင်မလေးမှန်း သူ သိပြီးသား။

"နင့်ဟာ၊ မိုးတောင်မလင်းသေးဘူး၊ ဒီ မာလကာ သီး ခူးဖို့အတွက် ဝီရိယ ကြီးလွန်းရသလားဟ"

အေးရိမျက်နှာလေးငယ် နေ၏။

သူက အေးရိမျက်နှာကို တစ်လှည့်။ တံချူကို တစ်လှည့် ကြည့်သည်။ ပြီးတော့ မလှမ်းမကမ်းမှ ပန်းအိုးကြီးဆီ ရောက် သည်။

မာလကာပင်က အသီးကြီးကြီးနေသလောက် အပင်တော့ ငယ်ငယ်။ မနေ့က ကျော်လတ် သူ့ခြံမှ ကိုင်းဆက်ပြီး မျိုးလုပ်ထားသည့် အသီးသီးနေသော အပင်ကို ဦးထွန်းစံ အားစိုက်ဖို့ ပေးထားခြင်း ဖြစ်သည်။

ယင်းအပင်မှ အသီးကို အေးရိက တစ်ဖက်ခြံမှ နေ၍ တံချူနှင့်လှမ်းခူးခြင်းဖြစ်ပါ၏။

"ဘယ်သူခူးခိုင်းတာလဲ၊ နင့်မမလေး ခူးခိုင်းတာ မဟုတ်လား၊ ခူးခိုင်းတာထက် ဖျက်ဆီးခိုင်းတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မ…မဟုတ်ပါဘူး အစ်ကို၊ အေးရီ စားချင်လို့ ခူးတာပါ၊ ခုကိစ္စ မမလေးသာသိရင် အေးရီကို ဒီလောက် တော်ရမလားဆိုပြီး အသေလုပ်မှာ"

"ကြောက်သလားဟ"

"ဟုတ်ကဲ့၊ အေးရီ မမလေးကို ကြောက်လည်း ကြောက်ပါတယ်၊ ချစ်လည်း ချစ်ပါတယ်"

ဖုန်းမြင့်ခေါင်က အေးရီကို ခပ်တွေတွေကလေး ကြည့်

…။

"ဒီမယ်၊ အေးရီ"

"ရှင်"

"နင် ဒီမာလကာသီးကြီးကို စားချင်လား"

"စားကြည့်ချင်တယ်အစ်ကို၊ ကြီးပြီး ဝင်းနေတာပဲ"

"အေး၊ နင်စားချင်တဲ့ မာလကာသီးကြီးကို ငါပေးမယ်၊ ဒါပေမယ့် နင်တစ်ခု လုပ်ပေးရမယ်"

"ဘာကို လုပ်ပေးရမှာလဲဟင်"

"နင့် မမလေးကို စာပေး ပေးစမ်း"

"အမယ်လေး ကြောက်တယ်"





အေးရီ၏ တုန်တုန်လှုပ်လှုပ်ဟန်ကို ကြည့်ပြီး သူရယ်ချင် ဖြစ်ရသေး၏။

"ဒီလောက်အကြောက်ကြီး မနေနဲ့၊ ပေးခိုင်းတဲ့စာက ရည်းစားစာ မဟုတ်ဘူး၊ ကြွေးတောင်းတဲ့စာ"

"ဟင်"

"နင် သိပ်အံ့သြသွားသလား အေးရီ၊ နင့်မမလေးနဲ့ ငါက ခုမှသိတာ မဟုတ်ဘူး၊ တက္ကသိုလ်မှာကတည်းက သိတာ၊ ငါ့ဆီက ငွေငါးထောင်ချေးပြီး ခုထိ ပြန်မဆပ်ဘူး"

"ဟုတ်ရဲ့လား အစ်ကိုရယ်၊ မမလေးက သူဌေးပဲဟာ"

"အေး အဲဒီ သူဌေးဆိုတာတွေက သူများဟာကို ပိုပြီး အချောင်လိုချင်ကြတာ၊ အကြွေးတောင်းတဲ့ကိစ္စကြောင့် နင့်မမလေးနဲ့ ငါခုထိ မတည့်တာ ကြည့်ပါလား၊ ခု ငါ့မှာလည်း ဘိုင်ပြတ်နေပြီ၊ ဒီတော့ နင်သူ့ကို စာသွားပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲစာ"

"ငါ့ အခန်းထဲ သွားယူလိုက်ဦးမယ်၊ မနေ့ညက တည်းကရေးထားတာ၊ နင်ဒီကပဲ စောင့်နေ"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ ဆိုပြီး လစ်ထွက်မသွားနဲ့နော်၊ ငါပြန် လာလို့ နင်မရှိရင် နင်မာလကာသီး ခိုးခူးတာကို နင့်မမလေးနဲ့ မေမေကြီးကို ငါကိုယ်တိုင် လာ တိုင်မယ်"

"စောင့်နေပါမယ်"

ဖုန်းမြင့်ခေါင် တိုက်ဆီသို့ ပြန်လျှောက်ခဲ့သည်။

အိပ်ခန်းရောက်တော့ ညကရေးဖြစ်ထားသည့် စာတို လေးကို ပန်းနုရောင် စာအိတ်ထဲထည့်ပြီး ကော်နှင့် ကပ်ပိတ် လိုက်၏။

ခြံထဲပြန်ဆင်းလာတော့ ခြံစည်းရိုးနားမှာ အေးရီ ကျို့ကျို့ ကလေးရပ်နေဆဲ ရှိသည်။





"ရော့ သေသေချာချာ ပေးလိုက်"

"ရှည်းစားစာတော့ မဟုတ်ပါဘူးနော် အစ်ကို"

"နင့်မမလေးပုံကြီးကို ငါက လုံးဝပဲ"

စာအိတ်ကလေးကို ရင်ကြားထိုးထည့်ပြီး အေးရီ ချာက နဲ့ပြေးထွက်သွားသည်။ ဖုန်းမြင့်ခေါင်၏ ခပ်မိန့်မိန့်ပြုံးသည့် အပြုံးကိုတော့ အေးရီ လုံးဝမမြင်ပါ။

***



www.burmeseclassic.com

www.burmeseclassic.com

## [၂၈]

"အမယ်...အမယ်...ဒါက ဘယ်လဲ နေဦး၊ ဘယ်မှ မသွားနဲ့ဦး"

ကားစက်ရှိန်မတန့်မီ ဧကရီကလှမ်းပြောသည်။

ဧကရီ့ကိုမြင်သည်နှင့် ပန်စီတာ၏ မျက်ခုံးတန်းလေး
စ်ခုပင့်တက်သွားပြီး ကားပေါ်မတက်သေးပဲ ရပ်နေလိုက်
ည်။

ဧကရီက ကားကို တိုက်နံဘေးပန်းရုံများနားမှာ ထိုးရပ်
ပြီး ကားပေါ်မှ ဆင်းလိုက်သည်။ ပန်စီတာဆီလျှောက်သွားပြီး
န်စီတာ လက်ထဲမှ ငါးဆင့် စတီးလ်ချိုင့်ကြီးကို လှမ်းကြည့်
၏။

"ဘာတွေလဲ"





"ထောပတ်ထမင်းနဲ့ ကြက်သားဟင်း ဧကရီ"

"ဘုန်းကြီးကျောင်း သွားပို့မလို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့်"

"ကိုလတ်နဲ့ ကိုဖုန်းအတွက်ပါ၊ ပန်စီလက်ရာ စားချင်တယ်ဆိုတာနဲ့ ကိုယ့်မှာ ချက်လိုက်ပြုတ်လိုက်ရတာ အလုပ်ကို ရှုပ်သွားတာပဲ၊ ကိုဖုန်းက ထောပတ်ထမင်းကို..."

"တော်...တိတ်စမ်း ပန်စီ"

ပန်စီတာကိုတော့ ဧကရီက နိုင်ချင်သလိုနိုင်၏။ ကျောင်းမှာကတည်းက ပန်စီတာကလည်း ဧကရီကို သည်းခံ ပေါင်းသည်။ ချစ်ခင်မှု သံယောဇဉ်က ညီအစ်မအရင်းထက်ပင်ပို၏။

"ဒီ...ကိုဖုန်းဆိုတဲ့ နာမည်ကြီးကို မုန်းလွန်းလို့ ကွာ"

"သြော် ဧကရီရယ်၊ တကယ်တန်း ပေါင်းသင်းဆက်ဆံကြည့်ရင် ကိုဖုန်းက သဘောကောင်းပြီး သဘောထား ပြည့်ဝပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ပြည့်ဝတာတွေ မပြည့်ဝတာတွေ ဘေးဖယ်ထား၊ ကိုယ့်ကိုရည်းစားစာပေးလိုက်တယ်သိလား"

"ဟင်... ကိုဖုန်းက ရည်းစားစာ ပေးလိုက်တယ် ဟုတ်လား"

ပန်စီတာ အရမ်းအံ့သြနေ၏။

လက်ထဲမှ စတီးလ်ချိုင့်ကြီးကိုကားပေါ်တင်ထား လိုက်ပြီး ဇေရီ့လက်မောင်းကို ဆုပ်ကိုင်သည်။

"တကယ်ကို ယောကျ်ားမပီသဘူး"

"ထောင်ထောင်မောင်းမောင်းကျားကျားလျားလျား နဲ့ပါကွာ၊ ယောကျ်ားပီသလွန်းပါတယ်"

"မသိဘူး၊ ကိုယ့်ကို လုပ်လိုက်တဲ့ အပြုအမူက တော့ တကယ့်ကို အောက်တန်းကျတယ်"

"ကိုဖုန်းက ဘယ်လိုများ လုပ်လိုက်လို့လဲ ဇေရီရယ်"

ဇေရီက ပင့်သက်ကို ခပ်ပြင်းပြင်းမှုတ်ထုတ်လိုက်၏။

✻✻✻





ပန်စီတာ အပြင်မထွက်နိုင်သေး။

ဇေရီ့လက်ကိုဆွဲပြီး အုတ်ခုံတန်းမှာ ထိုင်ခိုင်းရသည်။

"ယောကျ်ားမဆန်လိုက်တာကွာ၊ ဧကို ဘယ်လို လုပ်ပေးတယ်လို့ မင်းထင်သလဲ"

"ဇေရီ ဒီစာလေးဖတ်ကြည့်ပါလို့ဆိုပြီး ပေးမှာပေါ့"

"ဟုတ်မယ် အားကြီးကြီး"

မကျေနပ်မှုများက ထံပါးမှ လွင့်ပျောက်ခြင်းမရှိ။ အသံမှာ ဒေါသတွေ ပါဝင်နေတုန်းပင်။

"အေးရီကို အနိုင်ကျင့်ပြီး ပေးခိုင်းတယ်လေ၊ ကြွေးတောင်းတဲ့စာတဲ့၊ ကျောင်းတုန်းက နင့် မမလေး ငါ့ဆီက ငွေငါးထောင် ချေးသွားတာ ခုထိ ပြန် မပေးလို့ စာရေးပြီး တောင်းတာတဲ့၊ အေးရီက တော့ အဟုတ်မှတ်ပြီး စာအိတ်ကို ယူလာတာပေါ့၊ ဖွင့်ဖတ်ကြည့်တော့ ရည်းစားစာလေ"

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လည်း ဒေါသဖြင့်ဖြစ်စ်နဲ့ အေးရီကို ထလုပ်တာပေါ့၊ ပြီးတော့ ရေးထားတဲ့စာကလည်း အရမ်းကို ခံပြင်းဖို့ ကောင်းတာပန်စီ"

"ဘယ်လိုများ ရေးထာလို့လဲ ကေရီရယ်"

ကေရီက စကားပြန်မပြောပဲ လက်ကိုင်အိတ်ထဲမှ ဖေါက်ဖွင့်ပြီးသား စာအိတ်လေးကို ထုတ်လိုက်ပြီး ပန်စီတာကို လှမ်းပေး၏။ ပန်စီတာက စာအိတ်ထဲမှ စာခေါက်လေးကို ထုတ်ယူပြီး ဖြန့်ဖတ်သည်။

ကေရီ...

ကိုယ်အစကလည်း ကေရီ့ကို မမုန်းခဲ့ပါဘူး။ မမုန်းဘူးဆိုတော့ ချစ်တယ်လို့ပဲ ပြောရပါမယ်၊ ဒါကြောင့် ကိုယ်ဟာ မကြာခင်သော အချိန်အတွင်းမှာ ကေရီကို မိဘလူကြီးများနှင့်တောင်းရမ်း ယူပါမယ်...

ပုံ

ဖုန်းမြင့်ခေါင်





"ဟာင်... စာကလေးက ရိုးရိုးသားသားပဲဟာ၊ ကေရီရယ်၊ သူ ကေရီကိုချစ်တယ်၊ ဒါကြောင့် လာရောက်တောင်းရမ်းယူမယ်၊ ဘယ်လောက် လူကြီးလူကောင်းဆန်လဲ"

"ဟဲ့... ပန်စီရဲ့၊ သူက တောင်းရမ်းယူရအောင် ငါက သူ့ကိုကြိုက်တယ် ပြောလို့လား"

ပန်စီ အနည်းငယ် ငြိမ်သွား၏။

"နောက်ပြီး လူပါးက ဝထားသေးတယ်၊ စာဆုံးတော့ ပုံ ဖုန်းမြင့်ခေါင်တဲ့၊ ငါအသည်းယား လိုက်တာမှ အရမ်းပဲပန်စီ"

"ဒါကတော့ ကေရီရယ်၊ သူက ရည်းစားတစ်ခါမှ မထားဘူးတော့ ရည်းစားစာလည်း ဘယ်ရေးတတ်မှာလဲ၊ ဖအေလက်ပေါ်မှာ ကြီးပြင်းလာရတော့ ဘာမဆို ပြတ်တောင်းတောင်း ပြောတတ်ဆိုတတ်မှာပဲ ကေရီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့နေမလိုက်စမ်းပါနဲ့"

"ကိုယ်အမှန်ပြောတာပါ၊ ယနေ့ခေတ် ယောကျ်ားလေးတွေ မိန်းမတစ်ယောက်ကို ချစ်ဖို့ပဲ တတ်ကြတာ၊ တောင်းရမ်းယူဖို့ထိ စဉ်းစားကြတာမှ မဟုတ်တာ"

"ခုဟာက သူ ငါ့ကိုရွဲ့ပြီး လုပ်တာပန်စီရဲ့"

"ဟုတ်မယ်၊ မထင်ပါဘူး ဧကရီရယ်"

"အိုကွာ ဘာပဲဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ပြီး မလိမ့်တစ်ပတ်နဲ့ စာပေးခိုင်းတာကတော့ သူ့ရဲဘောကြောင်တဲ့အလုပ်ပဲ၊ သည်လို လူစားမျိုးဆို သိပ်မုန်းတာပဲ"

"အင်း... ဧကရီ့အမုန်းတွေကတော့ တစ်ကမ္ဘာလုံးပဲ့တင်ထပ်နေပါပြီ"

"ထပ်...ထပ်ကွာ၊ ကဲ လိုက်သွားမယ်၊ ပန်စီလည်းဟိုလူ မျိုဖို့ဆိုဖို့ ထမင်းသွားပို့ရမယ် မဟုတ်လား"





"ကိုလတ်လည်း ပါ ပါတယ်ကွာ"

"ကိုကျော်လတ်ကို ရည်ရွယ်ပြောတာ မဟုတ်ဘူး၊ ဖုန်းမြင့်ခေါင်ကို ရည်ရွယ်ပြောတာ"

ထိုင်ရာမှထပြီး ကားဆီသွားတော့ ပန်စီတာပါ လိုက်လာ၏။

"ဧကရီ လိုက်ခဲ့ပါလား"

"တော်ပါတော့၊ သူရှိတဲ့ နေရာလိုက်မယ့်အစား ငရဲပြည်ကို ဒိုင်ဗင်ထိုးဆင်းလိုက်မယ်"

"နောက်မှ တူနှစ်ကိုယ်တိုင်းပြည်ကို ရောက်နေမယ်နော်"

"ဝေးသေး"

ကားကို မောင်းထွက်သွားသည်။

ပန်စီတာ့ရင်မှာတော့ မေးချင်သည့် စကားတွေ အများကြီး ရှိနေ၏။

❊❊❊



www.burmeseclassic.com

www.burmeseclassic.com

## [၂၉]

"ဒါဖြင့် ကိုဖုန်း ဇကရီကို စာပေးတာ သက်သက်မဲ့ နောက်လိုက်တာ မဟုတ်ပါဘူးပေါ့"

"မဟုတ်ပါဘူးပန်စီ၊ ကိုယ့်စိတ်ထဲက တကယ်ပါလို့ စာရေးပြောလိုက်တာ၊ ကိုယ်သူ့ကို ဘယ်လိုချစ်သွားမှန်းလည်း မသိဘူး"

ကျော်လတ်က ကြားဝင်ပြီး...

"မင်းဟာကလည်း တစ်မျိုးကြီးပါလားကွ"

ဖုန်းမြင့်ခေါင်နှင့်ကျော်လတ် ထမင်းစားနေသည်ကို ပန်စီတာက ယပ်ခတ်ပေးသည်။

"တစ်မျိုးကြီးတွေဘာတွေတော့ ငါမသိဘူး၊ ချစ်သွားပြီဆိုတာကိုတော့ ကိုယ့်ကို ကိုယ်သိတယ်"





"ချစ်တယ်ဆိုရင်လည်း စာကို အရိုးသားဆုံးပြောပြီး ပေးပါလားကွ၊ ကြွေးတောင်းတဲ့စာဆိုတော့ အေးရီကိုလည်း ဇကရီက ခေါင်းခေါက်လိုက်တာ အာလူးသီး ငါးလုံးလောက်ထွက်တယ်"

ကျော်လတ်က အသည်းမြစ်ဖတ်ကိုဖုန်းမြင့်ခေါင်ပန်းကန်ထဲ လှမ်းထည့်ပေးရင်း ပြောသည်။ ပန်စီတာက သူငယ်ချင်းနှစ်ယောက်၏ ချစ်ခင်မှုကို အပြုံးလဲ့လဲ့နှင့် ကြည့်နေ၏။

"မင်း စဉ်းစားကြည့် ကျော်လတ်၊ ရည်းစားစာဆို အေးရီက ဘယ်လို သွားပေးရဲမလဲ၊ ကြွေးတောင်းတဲ့စာဆိုလို့ ကောင်မလေးက ရဲရဲတင်းတင်း သွားပေးရဲတာ"

"ပန်စီ့ပေးခိုင်းလည်း ပြီးတာပဲဟာ"

စကားကို မဆက်သေးဘဲ အသည်းမြစ်ဖတ်ကို ဝါးသည်။ ပန်စီတာက အသားဖတ်နှင့် အဆီအနှစ်ကို သူ့ပန်းကန်ထဲ ခပ်ထည့်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ပန်စီတို့ သူငယ်ချင်းတွေ စိတ်ဝမ်းကွဲသွားမှာစိုးလို့ပါ၊ ဧကရီက စိတ်ဆတ်တယ်မို့လား"

"ကိုလတ်နဲ့ကိုဖုန်းချစ်ကြသလို ပန်စီနဲ့ဧကရီက အရမ်းချစ်ကြတာပါနော်၊ စိတ်ဆိုးလည်း ခဏပဲ"

"ကျေးဇူးတင်ပါတယ် ပန်စီရာ၊ အခြေအနေအရပ်ရပ်ကို ပန်စီနဲ့ကျော်လတ် ပြုံးပြုံးကလေးနဲ့သာ ကြည့်နေပါ"

ထမင်းဝိုင်းကို လက်စသိမ်းသည်။ အလုံဘက်သွားစရာ ရှိသေးသဖြင့် သူက ကားသော့ကို လှမ်းယူလိုက်၏။

"ငါ လိုက်ခဲ့ရဦးမလား"

"မလိုက်နဲ့တော့လေ၊ အုတ်မှာထားတာ ရောက်ပြီလားဆိုတာ သွားကြည့်မလို့၊ ပန်စီလည်း မပြန်နဲ့ဦး"

"ဘာဖြစ်လို့လဲ ကိုဖုန်း"

"ဒီကောင်က ပန်စီမျက်နှာကို မြင်မနေရရင် အလုပ်ထဲမှာ စိတ်ကမပျော်ဘူးတဲ့"





"အဲ့ဒီစကားတွေသိလား၊ ပန်စီ ဒီနားမှာရှိလည်း စကားကို ဆယ်ခွန်းပြည့်အောင် ပြောတာမဟုတ်ဘူး၊ အလုပ်သမားတွေကြားမှာ အချိန်ကုန်နေတာ"

"ပန်စီအတွက် ကျော်လတ်က ရှာနေတာပါလေ"

"တကယ်သေချာတယ်နော် ကိုဖုန်း"

"သေချာပါတယ်ဟ၊ ကိုယ်ထွက်သွားရင် ပါးချင်းအပ်ပြီး နှစ်ယောက်ကြား မေးကြည့်"

"ဟယ်..ကိုဖုန်း အစုတ်ပလုတ်"

ကားဆီရောက်သည်ထိ ဖုန်းမြင့်ခေါင်၏ အရယ်က မဆုံးမောင်းထွက်တော့ အတွေးမှာ ဧကရီက ကပ်ပါလာသည်။

"ဟင်း...ဟင်း...သူ့ရဲ့ဘောကြောင်တဲ့ ပုပ်ရပ်ကို မုန်းတယ်တဲ့လား ဧကရီ"

❊❊❊



www.burmeseclassic.com

www.burmeseclassic.com

## [၃၀]

"ကိုဖုန်း...ကိုဖုန်း"

အမောတကောခေါ်သံနှင့်အတူ ဦးထွန်းစံ အပြေးက လေးရောက်လာ၏။

"ဘာလဲ ဦးစံ"

"ဒေါ်ခင်မေလွင် ကားနဲ့ အပြင်ထွက်သွားပြီ ကိုဖုန်း"

"သေချာရဲ့လား"

"သိပ်သေချာပါတယ်၊ ဦးစံ အသေအချာကို ကြည့်နေတာ"

ညက ဦးထွန်းစံကို တာဝန်အထူးပေးခဲ့သည်။ ဧကရီမေ ဒေါ်ခင်မေလွင် အပြင်ထွက်မထွက် စောင့်ကြည်။





အပြင်ထွက်တာမြင်လျှင် အမြန်လာပြောဆိုသည့် အထူးတာဝန်ကို ဦးထွန်းစံက ကျေပွန်စွာ ထမ်းဆောင်သည်။

"ဧကရီ ပါမသွားဘူးနော်"

"ကိုရွှေမောင် မောင်းသွားတာ ဧကရီပါမသွားဘူး"

"ဖေဖေ မရှိဘူးနော်"

"ဆရာ မနက်ကတည်းက သွားတတ်တာကို ကိုဖုန်း သိသားနဲ့"

"မေးရတယ်ဦးစံရေ၊ ဖေဖေက တစ်ဖက်ခြံနဲ့ ပတ်သက်တာကို လုံးဝ လက်ခံမှာ မဟုတ်ဘူး၊ ဒါနဲ့ ဧကရီ့ကိုကော အရိပ်ယောင်လေးတောင် မမြင်ခဲ့ဘူးလား"

"နောက်ဘက်ခြံထဲမှာ ဂေါ်ပြားတစ်လက်နဲ့ တလှုပ်လှုပ် လုပ်နေတာပဲ"

"ခုလား"

"ဟုတ်တယ် ကိုဖုန်း၊ ဦးစံ ခုပဲမြင်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြင့်ခေါင်ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။ ဦးထွန်းစံက သူ့ကို နားမလည်သလို ကြည့်နေ၏။

"ကျွန်တော် ဟိုဘက်ခြံကို ကူးဦးမယ် ဦးစံ"

"ဟင်"

ဦးထွန်းစံ မျက်လုံးပြူးစက်သွားပါ၏။

❊❊❊

ဘယ်လိုဝင်လျှင် ဘယ်ကိုရောက်မည်မှန်း ဖုန်းမြင့်ခေါင်သိပြီးသား၊ ကျွန်စစ်သားလို လုံထောက်ဝင်စရာလည်း မလို။ ပုဏ္ဏရိတ်ကိုင်းများကို ဆွဲချလိုက်ပြီး လေးဘက်ကလေး ကုန်းဝင်လိုက်ရုံနှင့် တစ်ဖက်ခြံသို့ ရောက်ပါ၏။

ပန်းခြုံများကို အားပြုပြီး ခြေသံကို လုံခြုံအောင် ထိန်းသိမ်းသည်။ အုတ်ကန်ကြီး နဘေးတွင် တကုပ်ကုပ် တလှုပ်လှုပ်နှင့် မြေကြီးတူးနေသော ကေရီကိုမြင်တော့ ရင်ထဲမှကြိတ်ပြီး ပြုံးမိသေး၏။





နေရာက အိမ်မကြီးနှင့်အလှမ်းကွာသည့်နေရာ၊ မီးဖိုဆောင်မှ လှမ်းကြည့်လျှင်ပင် မြင်နိုင်ခြင်းမရှိ။ ခြံကျယ်ဝန်းကျယ်များ၏ သဘာဝအတိုင်း သစ်ပင်အကြီးအသေးက အုပ်အုပ်ဆိုင်းဆိုင်း။

သူသတိကို ကြီးစွာထားပြီး အုတ်ကန်၏ဘောင်ကို သက်ထောက်လိုက်သည်။ တစ်ဆက်တည်းပင် အားကို အသုံးပြုကာ လွှားခနဲ ခုန်ချလိုက်၏။

"ဘုတ်"

"အမယ်လေး"

ရုတ်တရက်လန့်ဖျပ်မှုနှင့် ကေရီ ထိုင်နေရာမှ ဆတ်ခနဲ ထလိုက်သည်။

"ဟင်...ယူ...ယူ..."

သူ့ကို လက်ညှိုးထိုးပြီး တအံ့တသြ ဖြစ်နေဆဲတွင်..

"ဟုတ်တယ် ကေရီ၊ ဖုန်းမြင့်ခေါင်ဆိုတဲ့ကောင်ပါ"

"ထွက်သွားစမ်း၊ ယူ ဒီခြံထဲက ထွက်သွားစမ်း"

"ဟား...ဟား ဝင်လာပါတယ်ဆိုမှ ထွက်သွားရမှာလား ကေရီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အာပြဲကြီးနဲ့ မရယ်ပါနဲ့၊ မေမေရှိတယ်"

"လုံးဝ မရှိဘူး၊ ကေရီ့ မေမေကားနဲ့ ထွက်သွားတာကို ဒီမျက်စိက လုံးဝ မြင်ထားတယ်"

သူ့အတည်ပေါက်စကားကြောင့် ကေရီ စိတ်ရှုပ်သွားပုံရသည်။

"နေပါဦး ယူက ဒီခြံထဲ ဘာလာလုပ်တာလဲ"

"ချစ်ဖို့လာတာ"

"ဘာ"

ကေရီ၏ ဘာဆိုသည့် အသံကြီးက အရမ်းကျယ်သွားသည်။

"မအော်နဲ့ ကေရီ၊ သူရဲဘောကြောင်တဲ့ အလုပ်ကို ကေရီက မုန်းတယ်မဟုတ်လား၊ ဖုန်းမြင့်ခေါင် ဆိုတဲ့ကောင်ရဲ့ မျက်နှာကို သေသေချာချာ ကြည့်လိုက်စမ်း၊ သူရဲဘောကြောင်တဲ့ အလုပ်ကိုလုပ်မယ့် မျက်နှာထားမျိုးလားဆိုတာ"

ပြောပြီး သူကရှေ့ခြေတစ်လှမ်းတိုးသည်။





ကေရီက ထိတ်ထိတ်ပျာပျာနှင့်နောက်သို့ ခြေတစ်လှမ်းအဆုတ်တွင် သူက ကေရီ၏ လက်မောင်းကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်၏။

"လွှတ်...လွှတ်စမ်း၊ ဒါဘာလုပ်တာလဲ"

"သတ္တိရှိတဲ့ အလုပ်ကိုလုပ်တာ ကေရီ၊ ကိုယ် ကေရီ့ကိုချစ်တယ်၊ ကေရီကိုယ့်ကို ချစ်တယ်လို့ ပြော"

"ပြောဝံ့လိုက်တာ၊ ယူ့ကို ဘယ်တော့မှ မချစ်ဘူး သိလား"

"တကယ်လား"

"ဆယ်ကယ်...ဆယ်ကယ်"

"ကဲ..ဆယ်ကယ်ဆိုရင် ဆယ်ခါနမ်းမယ်"

"အိုး"

ဖုန်းမြင့်ခေါင်၏ ခပ်ကြမ်းကြမ်းအနမ်း။

တတိယအကြိမ်မြောက်ဝယ် ကေရီ၏ ညာလက်က လေမှာ မြောက်တက်သွားသည်။ ပြန်အကျတွင်...



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း"

ပါးပြင်တွင် ပူခနဲ ဖြစ်သွားသည်။

သူ ကေရီ့ မျက်နှာကို စူးစူးရဲရဲ ကြည့်လိုက်၏။

"ရိုက်တယ်လား ကေရီ"

"ရိုက်တယ်…ရိုက်တယ် ထပ်ပြီးတော့ကို ရိုက်တယ်"

"ဖြန်း…ဖြန်း"

သူက တင်းခံသည်။

"ကျေနပ်ပြီလား ကေရီ"

လက်ကို ဖြေလျှော့လိုက်သည်။

ကေရီက ဖုန်းမြင့်ခေါင်းကို မျက်လုံးရွှဲကြီးနှင့် ကြည့်ပါ၏။

"မကျေနပ်လေးရင် ထပ်ရိုက်ပါ ကေရီ၊ ကေရီရဲ့ အရိုက်ခံရတာ ယောကျ်ားတစ်ယောက်ရဲ့ သူရဲဘောကြောင်မှု မဟုတ်ဘူးဆိုတာတော့ ကေရီ နားလည်ပါ၊ ကေရီ့ကိုချစ်တဲ့အချစ်တွေနဲ့ သည်းခံခွင့်လွှတ်တယ်ဆိုတာကိုလည်း နားလည်ပါ"





ကေရီ စကားတစ်လုံးမျှမဆို။

ကိုယ်ကို ချာကနဲလှည့်ပြီး အပြေးကလေးထွက်သွားသည်။ သူက ကေရီ့ကို ခပ်ဝေဝေလေးကြည့်ပြီး နေရာမှာ ကျန်ရစ်ခဲ့ပါ၏။

❊❊❊



www.burmeseclassic.com

www.burmeseclassic.com

## [၃၁]

"ကိုဖုန်း သနားပါတယ်၊ ကေရီရယ်၊ ဒီလို ကိုယ်ထိလက်ရောက်ကြီးလုပ်တာတော့ မကောင်းပါဘူး"

"သူက ကိုယ့်ပါးကို နမ်းတယ်လေ၊ ကိုယ်ရှက်လည်းရှက်၊ ဒေါသကလည်းဖြစ်နဲ့ တအားရိုက်ထည့်လိုက်တာ၊ ရိုက်ပြီးမှ ရင်ထဲမှာ မကောင်းတာတော့ အမှန်ပဲကွာ"

အပြာနုရောင်လိုက်ကာစလေးကို ဆွဲလှပ်သည်။ အကြည့်က ဟာစ်ဖက်ခြံသို့ ရောက်သွားသည်။ ခြံထဲမှာ ဦးထွန်းခ်ဆိုသည့် လူကြီး၏ အရိပ်ယောင်ကိုလည်း မမြင်။ ပန်စီတာကိုဖုန်းဆက်ခေါ်စဉ်က တုန်ခတ်နေသည့် အသံကို ထိန်းသိမ်းထားရသည့် ကိုယ့်အဖြစ်ကိုလည်း နားလည်သည်။





အခြေအနေအားလုံးကို မေမေကတော့မသိ။

အရောင်းအဝယ်ကိစ္စနှင့်ထွက်လျှင် ညနေအေးမှ မေမေပြန်ရောက်တတ်သည်။ ပြန်ရောက်လျှင်လည်း သည်အကြောင်း စကားကို ကေရီ မေမေ့ကို ဘယ်လိုမှ ပြောလို့မဖြစ်။

ပန်စီတာက နီကယ်လ်စိမ်ပက်လက်ကုလားထိုင်မှာ စိတ်လွတ်ကိုယ်လွတ်ထိုင်ရင်း ကေရီ့မျက်နှာကိုသာ ကြည့်နေ၏။

"မကျေနပ်နိုင်သေးရင် ထပ်ရိုက်ပါတဲ့၊ သူ့ရဲဘောကြောင့်ပြီး အရိုက်ခံတာ မဟုတ်ဘူးတဲ့၊ ကေရီ့ကို ချစ်လို့ သည်းခံခွင့်လွှတ်တာတဲ့"

"အဲဒါတော့ အမှန်ဖြစ်မှာပဲ ကေရီ၊ ကိုဖုန်းက သဘောထားကောင်းပေမယ့် စိတ်ဆတ်တယ်၊ သူ့အသားကိုထိတဲ့ အပြုအမူမျိုးကို သူဘယ်သူ့ကိုမှ သည်းခံခွင့်လွှတ်မှာ မဟုတ်ဘူး၊ ကေရီ့ကို ချစ်လွန်းလို့ သည်းခံတာ"



www.burmeseclassic.com

www.burmeseclassic.com



ကေရီ ပင့်သက်ကို ဖွဖွချသည်။

ယောက်ျားတစ်ယောက်အပေါ် မထားဘူးသည့် ကြင်နာသနားမှုကို ကေရီ ထားတတ်နေပြီလား။ ပြီးတော့ အနမ်းများအတွက် ကေရီ့ရင်မှာ ခုတိုင်ဘာလို့ ခံစားတတ်နေရတာလဲ။

"ကေရီ့ကို အမွှေ နမ်းတာကတော့ ကိုဖုန်းအပြစ်ပါလေ၊ ဒါပေမယ့် ကေရီ့ကို အရှက်တကွဲ ဖြစ်စေဆိုတဲ့ ပုံစံမျိုးနဲ့ လုပ်တာမဟုတ်ဘူးဆိုတာကိုတော့ ကိုယ် လုံးဝယုံကြည်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ ကေရီ့ကို တကယ်ချစ်တယ်ဆိုတာ ကိုလတ်ကနေကိုယ်အကုန်ပြန်သိနေလို့ပဲ"

ကေရီ ငြိမ်နေ၏။

ဖုန်းမြင့်ခေါင်ကားနှင့်အပြင်ထွက်တော့ ကေရီ ချောင်းကြည့်နေခဲ့ပါသေးသည်။ ညှိုးရိပ်သန်းနေသည့် မျက်နှာကိုလည်း မြင်ခဲ့ပါ၏။





"အတွေ့အကြုံမရှိတဲ့ ယောက်ျားတွေရဲ့အချစ်ဟာ မပျော့ပျောင်းဘူး၊ မနူးညံ့ဘူး ကေရီ၊ အတွေ့အကြုံ မရှိတော့ ဟန်ဆောင်မှုလည်း မတတ်ဘူး၊ အဲဒီအခါကျ သူတို့တင်ပြတဲ့အချစ်ဟာ တို့မိန်းမတွေအတွက် ကိုးလို့ကန့်လန့်ကို ဖြစ်နေရော"

"ကိုကျော်လတ်တုန်းက ဒီလိုပဲလား ပန်စီ"

ပန်စီတာက ပြုံး၏။

"လုပ်ဆောင်ချက်ချင်းသာမတူတာ၊ စရိုက်လက္ခဏာကတော့ အတူတူပဲ ကေရီ၊ ကိုလတ် ကိုယ့်ကို လိုက်ပြီး လွယ်အိတ်ထဲ စာထည့်တော့ ကိုယ်က လွယ်အိတ်နဲ့ပိတ်ရိုက်တယ်လေ၊ အဲဒါ လွယ်အိတ်ကိုဆွဲလုပြီး လွှင့်ပစ်တယ်သိလား၊ ကေရီ့ကို ကိုယ်ပြောဖူးသားပဲ၊ ရပ်ကွက်ရုံးတောင် ရောက်ခဲ့ပါတယ်လို့"

"သူတို့သူငယ်ချင်း နှစ်ယောက်ကလဲဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်နဲ့တစ်ယောက် မေတ္တာမျှလာတော့ ဖြစ်ပျက်ခဲ့တဲ့အကြောင်းရာလေးတွေ ပြန်ပြောပြီး ခံစားရ၊ ရယ်ရတာ ပျော်စရာ တစ်မျိုးပဲ၊ ကေရီ၊ ပိုလည်း ချစ်ကြတယ်"

ပြောပြီး ပန်စီတာက မျက်နှာကို အကဲခတ်သလို လှမ်းကြည့်၏။

ကေရီကတော့ မျက်လွှာကို အသာချထားသည်။

အစက ဖုန်းမြင့်ခေါင် အပေါ်အင်အားကြီးခဲ့သည့် ဒေါသများ ပြေလျော့ပျက်ပြယ်နေသည်ကိုတော့ ကိုယ့်ကို ကိုယ် တအံ့အသြဖြစ်သည်။

"ကေရီ စိတ်မကောင်းဖြစ်နေတယ်မို့လား"

"အမှန်ပဲ ပန်စီ"

"ဒါဖြင့် ကိုဖုန်းကို တွေ့ပြီး တောင်းပန်လိုက်ပါလားကွာ"

"အို… ကိုယ့်ပါးနမ်းထားတဲ့သူကို မတောင်းပန်နိုင်ဘူး ပန်စီ၊ တွေ့လည်း မတွေ့ရဲပါဘူး"

"ကိုဖုန်း သနားပါတယ်ကွာ"





ကေရီ ငြိမ်သက်သွားပြန်၏။

အတွေးမှာလည်း ဖုန်းမြင့်ခေါင်အရိပ်က ဝေ့ဝေ့ဝဲဝဲ ဝင်လာသည်။ သနားတတ်ခြင်းသည် မိန်းမတို့၏ ပျော့ညံ့မှုလား။

"ကိုဖုန်း ရှက်သွားမှာပဲ"

"သူ ကိုယ့်ပါးနမ်းတာကိုရော၊ သူ့ပါးကို ကိုယ်က ရိုက်တာကော ဘယ်သူမှ မမြင်ကြဘူး ပန်စီ"

"ဒါပေမယ့်ကွာ၊ ကေရီကို သူရှက်သွားမှာပေါ့"

"ဟင်း… စိတ်ညစ်လိုက်တာကွာ၊ ကိုယ့်ဘဝမှာ ဘယ်သူ့ကိုမှ ဒီလို နာနာကျင်ကျင် မလုပ်ခဲ့ပါဘူး၊ ကိုယ့်လက်တွေ ကျိန်းစပ်နေတော့ ရိုက်တဲ့လူတောင် ဒီလောက်ကျိန်းစပ်နေရင် ခံရတဲ့သူ ဘယ်လောက်နာနာကျင်ကျင် ရှိမယ်ဆိုတာကိုတွေးပြီး စိတ်မှာအရမ်းထိခိုက်တယ် ပန်စီ"

"ဒါဆို ကေရီ ကိုဖုန်းကို ချစ်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အို...မချစ်ပါဘူး၊ သနားသွားတာပဲ ရှိတာ"

"ချစ်တာထက် သနားတာက ပိုတယ် ကေရီ၊ မလိမ်ပါနဲ့ကွာ၊ ကေရီက ကိုယ့်အသည်းနှလုံးကို ပြန်လိမ်နေတာပဲ၊ ကိုဖုန်းကို ကေရီ ချစ်ပါတယ်"

"မချစ်ဘူး...မချစ်ဘူး...၊ ကိုယ်သူ့ကို မချစ်ပါဘူး"

ပန်စီတာက ယုံပါ့မလား။

နေ့လယ်စာ လက်ဖက်ရည်သောက်တော့ ပန်စီတာက...

"ဒီအချိန်ဆို ကိုလတ်နဲ့ ကိုဖုန်းလည်း လက်ဖက်ရည် ထွက်သောက်ကြပြီ"

"သူတို့က ခုဘယ်မှာ တိုက်ဆောက်နေတာလဲ"

"ဟော...ဟော ကေရီ ကိုဖုန်းလုပ်ငန်းတွေကို စိတ်ဝင်စားလာပြီ ဟင်း...ဟင်း...မချစ်ဘူး... မချစ်ဘူးနဲ့ သူ့ပါးညှင်း ဘယ်ကကူး ဖြစ်နေပါဦးမယ်ကွာ"





"မိပန်စီ မင်း ဘယ်လိုဖြစ်နေတာလဲ"

ပခုံးစွန်းကို လှမ်းရိုက်သည်။

ရှက်သလို ခံစားရသောရင်မှာ အကြောင်းတစ်စုံ တစ်ရာ ရှိနေပြီလားဟု ကေရီတွေးမိပါ၏။

***



www.burmeseclassic.com

www.burmeseclassic.com

# [၃၂]

"ကိုဖုန်း...ကိုဖုန်း ထပါဦး"

မိုးက စင်စင်မလင်းသေး။

ဦးထွန်းစံ၏ အထိတ်တလန့်ခေါ်သံကြောင့် အိပ်ရာမှ ဆတ်ခနဲ ထထိုင်ဖြစ်သည်။

"စောစောစီးစီး ဦးစံရာ၊ ဘယ်လိုဖြစ်လာတာလဲ"

"မြန်မြန်ထွက်ခဲ့ပါ၊ ခြံထဲမှာ ဆရာနဲ့ ဒေါ်ခင်မေလွင် စကားများနေကြတယ်"

"ဟင်"

သူအိပ်ခန်းတံခါးကို ကပျာကယာဖွင့်သည်။

ဦးထွန်းစံကို မျက်စိပျက် မျက်နှာပျက်နှင့် တွေ့ရ၏။





"ဖေဖေနဲ့ ဘယ်လိုငြိကုန်တာလဲ ဦးစံရာ"

"မသိဘူး ကိုဖုန်း၊ တစ်ယောက်နဲ့ တစ်ယောက် ခွန်းတုံ့မခံ ဖြစ်နေကြလို့ ကိုဖုန်းကို တက်ခေါ်တာ"

ဖေဖေ့စိတ်ကိုလည်း သိနှင့်နေ၏။

ဦးထွန်းစံကိုပင် မစောင့်နိုင်တော့ဘဲ သူအပေါ်ထပ်မှ အပြေးကလေး ဆင်းခဲ့ရပါ၏။

❋❋❋

"ကျုပ်မျက်နှာကို သေသေချာချာ ကြည့်စမ်းပါဗျ၊ သူခိုးရုပ်လားဆိုတာ"

"ဒါတွေကို ကျွန်မ မလေ့လာဘူး ဦးအောင်ဖုန်း၊ ခုဖြစ်တဲ့ ကိစ္စက အထင်ကရကြီးဟာ"

"ဟာ..ဒေါ်ခင်မေလွင် ခင်ဗျား စကားကို ပြန်ပြင်ပြောစမ်းပါဗျာ၊ ခင်ဗျား စကားတွေက အရှမ်း စည်းဘောင်လွတ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်၊ စည်းလွတ်ဝါးလွတ်တာတွေကို လာမပြောနဲ့"

"သူခိုးက ရှင်တို့ခြံက အခြေခံလာတာ"

"အဲဒါနဲ့ ကျုပ်တို့ သူခိုးဖြစ်ရမလားဗျ"

"ဒါကတော့ ကိုယ့်ကို ကိုယ်သိကြမှာပဲ"

"ဘာပြောတယ်ဗျ"

နားဆီသို့ ပြေးဝင်လာသည့် စကားခွန်းတို့သံများနှင့် ခတူ ဖေဖေ့ ဒေါသသံကိုပါ ထပ်ဆင့်ကြားရသည်။

သူ ဖေဖေထံပါးသို့ အပြေးကလေးသွားပြီး ဖေဖေ့ လက်မောင်းကို ဆုပ်ကိုင်သည်။

"ဘာဖြစ်တာလဲ ဖေဖေ"

"ဘာဖြစ်ရမှာလဲ သားရဲ့၊ သူတို့ခြံကို သူခိုးဝင်ခိုးတာ ပြဿနာကို ဒီဘက်တွန်းပို့နေတယ်"

ဖေဖေနှင့်အန်တီခင်မေလွင်ကြားတွင် ပုဏ္ဏာရိတ်စည်းရိုးသာခြားပါ၏။ အန်တီခင်မေလွင်က ခါးကိုတင်းတင်းထောက်





ထားပြီး နဘေးမှာ မျက်လုံးအစိုင်းသားလေးနှင့် ဖြစ်နေသော ကေရီကို သူလှမ်းမြင်ရ၏။

"ပြဿနာကို တွန်းပို့တာမဟုတ်ဘူး၊ ပြဿနာက ရှင်တို့ခြံမှာ ရှိနေတာ၊ တကယ်ဆို ကျွန်မတို့ လှမ်းထားတဲ့ အဝတ်တွေ ရှင်တို့ခြံထဲကို ဘာမှ ရောက်စရာ မလိုဘူး"

"ဒါကတော့ သူခိုးက ကျုပ်တို့ခြံကို ဖြတ်ပြေးလို့ ကျန်ခဲ့တာပဲဗျ"

"ဒါတွေ မသိဘူးလေ"

"မသိရင် သေလိုက်ဗျာ"

"ဘာ...ရှင် ဘာစကားပြောတာလဲ"

ရှက်စိတ်နှင့် ဖေဖေ့မျက်နှာ နီရဲနေ၏။

ဦးထွန်းစံက ခြံထောင့်မှာ ကျကျန်ခဲ့သော မိန်းမအကျႌသုံးလေးထည်ကို ကောက်ယူပြီး အန်တီခင်မေလွင်ကို လှမ်းပေးသည်။ အန်တီလွင်က မယူဘဲ ကေရီက လှမ်းယူ၏။

"ဒေါ်လုံးကို သေသေချာချာ ပြောထားတယ်၊ လွယ်ရင်သူကြွယ်တောင် ခံနိုင်တာ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာမှာ လှမ်းတဲ့အဝတ်တွေ ည ည သတိထား
ပြီး ရုပ်ပါဆိုတာကို"

"ဒေါ်ခင်မေလွင်၊ ခင်ဗျား တော်တော့ဗျာ၊ ကြာရင်
ကျုပ် ဒေါသတွေ ပေါက်ကွဲ လိမ့်မယ်"

ဖေဖေ့စကားအဆုံးတွင် ကေရီက သူ့မေမေကို ဆွဲခေါ်
သည်။

"လာပါ မေမေရယ်၊ တစ်ခြားခြံတွေက ကြားရင်
မကောင်းပါဘူး"

"တောက်"

"အံမယ်၊ တောက်မခေါက်ပါနဲ့၊ ကျွန်မတို့ အကျီ
တွေ ရှင့်ခြံထဲ ရောက်နေတဲ့အတွက် ရှင်မှာ လုံးဝ
တာဝန်ရှိတယ်"

"တောမှာသွားပြော"

ပြောပြီး ဖေဖေက ချာကနဲ လှည့်ထွက်သည်။ သူ အန်တီ
ခင်မေလွင် မျက်နှာကို လှမ်းကြည့်တော့ ပြုံးရိပ်ကလေး သန်း
သယောင် ဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရပါ၏။

❊❊❊





"တော်တော် မိုက်ရိုင်းတဲ့ မိန်းမကွာ"

အိမ်ထဲရောက်သည်ထိ ဖေဖေ မကျေမချမ်း။

"သက်သက်မဲ့ ဖေဖေ့ကိုရန်စတာ၊ တစ်လောက
ကားအက်ဆီးဒင့် ဖြစ်မလိုတုန်းက ဖေဖေပြောတာ
ကို တမင်သက်သက် ကလဲ့စားချေတာ"

"ဖြစ်ချင်တော့ သူခိုးကလည်း အကျီတွေ ဝင်ရုပ်ပြီး
သားတို့ခြံဘက်က ဖေါက်ပြေးတာကိုး ဖေဖေရဲ့"

"မဟုတ်ပါဘူးကွာ၊ သူတို့ အကျီမျိုးအထည် တစ်
ရာ မကဘူး၊ ဝယ်ပေးနိုင်ပါတယ်၊ သက်သက်မဲ့
တို့ကို သူခိုးဖြစ်အောင် ပြောသွားတာ"

"မေ့လိုက်ပါ ဖေဖေရာ၊ မိန်းမတွေနဲ့ ဖက်ဖြစ်ရ တာ၊
မကောင်းပါဘူး"

"အေးပေါ့ကွာ၊ ယောကျ်ားချင်းဆို သူသေကိုယ်
သေ လုပ်ဝံ့ပါတယ်"

"ဖေဖေက ဘယ်လိုလုပ်ခြံထဲ ရောက်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စောစောနိုးလို့ အညောင်းပြေခြံထဲဆင်းလျှောက်တာ ခင်မေလွင်နဲ့ ထပ်တိုက်တွေ့ပြီး ပြဿနာ တန်းတက်ရတာ"

သူပြုံးယောင်ယောင်လုပ်တော့...

"မင်းကပြုံးနေ၊ ငါတော်တော်ကို ခံခက်သွားတာ"

"မေ့လိုက်ပါ ဖေဖေရာ"

"အမယ်၊ ငါ့သားရင်မှာ သည်းခံမှုတရားတွေ အပြည့်အဝ ရှိနေပါလား"

ဖေဖေကပြောပြီး စူးစမ်းသလိုကြည့်၏။ သူက စကားလွှဲသည့်အနေနှင့်...

"ဦးစံရေ ကြက်ဥလေး ကြော်ဗျာ၊ လက်ဖက်ရည်ပွဲလည်း ပြင်တော့၊ ဖေဖေကော ကျွန်တော်ကော အပြင်ထွက်ကြမှာ"

သည်သို့နှင့် နံနက်ဦး၏ မကြည်လင်မှုပြီးဆုံးခဲ့ရပါ၏။

❋❋❋



[၃၃]

"ကဲ..ခင်ဗျား ဘာပြောချင်သေးလဲ ဒေါ်ခင်မေလွင်"

ဖေဖေ့အပြုံးက အောင်နိုင်သူအပြုံး။

ထိမထင်ဟန်မျက်နှာထားနှင့်လည်း ဖေဖေက အန်တီခင်မေလွင်ကို ကြည့်သည်။

"ပြောဖို့လည်း မလိုဘူး၊ ပြောစရာအကြောင်းလည်း မရှိဘူး"

"ဒီလို စကားကို မပိတ်နဲ့လေ၊ ခုကိစ္စကို ခင်ဗျား ဘယ်လိုရှင်းမလဲ"

တိုက်ဆိုင်မှုကလည်း လွန်လွန်းပါ၏။ အနေထားအားလုံးကို ကြည့်ပြီး ကေရီလည်း သူမနဘေးမှာ မျက်လုံးလေးလည်လည်။



www.burmeseclassic.com

www.burmeseclassic.com



'မနက်အစောကြီး ကိုဖုန်းရေ ပြဿနာတော့ တက်ပြန်ပြီ ဟော'ဟု ဦးထွန်းစံဆိုကတည်းက ရင်ကထိတ်ခနဲ ဖြစ်ခဲ့ရသည်။

အောက်ထပ်သံတံခါးမကို ကလန့်ပြီး ညှော်ခန်းမှ အလွယ် ကူဆုံးသောကက်ဆက်ကို သူခိုး မယူသွားမှုနှင့်အတူ ရှပ် အကျီနှင့်တိုက်ပုံပါသွားမှုက အစပြုသည့် ပြဿနာ။

သူခိုးကလည်း ပစ္စည်းယူပြီး လွတ်လွတ်ကျွတ်ကျွတ် နေရာကမထွက်။ နှစ်ခြမ်းခြားထားသည့် စည်းရိုးကို ဖောက်ပြီး တစ်ဖက်ခြံ၏ ခွေးတိုးပေါက်မှ ပြန်ထွက်သည်။ ပိပိရိရိလုပ်ခဲ့ သွား။ ဖေဖေ့တိုက်ပုံနှင့်လုံချည်နှစ်ထည်က တစ်ဖက်ခြံထဲမှာ ကျန်ရစ်ခဲ့ရသေးသည်။ ဖေဖေ့မျက်စိကလည်း လျှင်သလား မမေးနှင့်။

"ဒီလိုလုပ်တာတော့ မကောင်းဘူးပေါ့ ဒေါ်ခင်မေ လွင်"

"အိုး... ဘာမကောင်းဘူးပေါ့လဲ၊ ရှင်တို့ခြံကို ကျွန်မတို့ ခုန်ကျော်ပျံသွားပြီး ဝင်နိုင်လို့လား"





"ခုန်ကျော်ပျံသွားတော့ မဝင်ဘူးပေါ့ဗျာ၊ အပေါက် ကိုဖြဲပြီး ကုန်းဝင်လို့တော့ ဖြစ်တာပေါ့၊ ကျုပ်တို့ မှာ ကက်ဆက်တစ်လုံးလည်း အပါခံလိုက်ရပြီ"

"ဒါတွေ ကျွန်မတို့ မသိဘူး"

"ဒါဖြင့် ကျုပ်တိုက်ပုံနဲ့လုံချည်က ဘာလို့ ခင်ဗျား တို့ခြံထဲရောက်နေရတာလဲ"

ဖေဖေ့စကားကြောင့် အန်တီခင်မေလွင် မျက်နှာအပျက် ပျက်၊ ကေရီက သူ့ကို လှမ်းကြည့်ပြီး မျက်လွှာအသာချသည်။ ဦးရွှေအောင်က ဖေဖေ့လုံချည်နှင့်တိုက်ပုံကို ကောက်ယူပြီး ဦးထွန်းစံကို လှမ်းပေး၏။

"ရှင် ပညာတတ်တစ်ယောက်ပါ ဦးအောင်ဖုန်း၊ စဉ်းစားကြည့်ပါ၊ ကျွန်မတို့က ယောကျ်ား အသုံး ဆောင်တွေ ဘာလုပ်ရမှာလဲ"

"အလဲ့...ဒီတစ်ခါတော့ ခင်ဗျားက ယထာဘူတကျ ကျ တွေးခေါ်တတ်သားပဲ၊ အဲသလိုပဲပေါ့ဗျ၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ကလည်း မိန်းမအသုံးဆောင်တွေ ဘာလုပ်ရမှာလဲ”

တစ်ယောက်ဖြစ်ပျက်ခဲ့သည့်ကိစ္စကို ဖေဖေရည်ရွယ်ပြောမှန်း အန်တီ ခင်မေလွင်သိသည်။ တင်းနေသော မျက်နှာထား အနည်းငယ်တော့ ပြေ၏။

“ကျုပ် အဲဒီအဖြေကို လိုချင်တာပဲ၊ ဝစ္စည်းဥစ္စာဆိုတာ ကံတရားပဲဗျ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားတစ်ဖက်စောင်းနင်း မပြောပါနဲ့၊ မတွေးပါနဲ့”

“ရှင် ဆရာလုပ်ဖို့ မလိုပါဘူး”

“သိပြီ မဟုတ်လား၊ သိရင်ပြီးတာပဲ၊ လာ သွားသွားမယ်”

စကားကိုပိုင်းပြီး ဖေဖေလှည့်ထွက်သည်။ အလှမ်းတော်ဝေးရောက်တော့ သူနောက်ကို အသာလှည့်ကြည့်မိပါ၏။

ဪ… ဇကရိလည်း မိဖိလိုပါပဲလား။

❋❋❋





“ရဲတိုင်ဦးမလား ဖေဖေ”ဆိုသည့် အမေးကို…

“ကက်ဆက်တစ်လုံးလောက်နဲ့တော့ တိုင်မနေပါနဲ့ကွာ၊ ညက တံခါး မပိတ်လိုက်မိတာလည်း ဖေဖေ့အမှားပဲ”

ဦးထွန်းစံက စကားဖြတ်ဝင်၏။

“ကျွန်တော့် အပြစ်ပါဆရာ၊ ကျွန်တော် အိပ်ပျော်သွားလို့ပါ”

“မဟုတ်ဘူး ဦးထွန်းစံ၊ ကျွန်တော် ဧည့်ခန်းမှာ ညဉ့်နက်သွားတာပါ၊ မေ့လိုက်ပါလေ၊ ရဲတိုင်ရင်လည်း ဟိုစစ်ဒီမေးနဲ့ ခြံနီးချင်းတွေ မကောင်းဖြစ်ရဦးမယ်”

ဖေဖေလည်း သူ့လို သည်းခံတရားတွေ ပြည့်ဝနေ၏။ သို့သော်လည်း သူ ဖေဖေကို မပြောရဲ။

“အန်တီ ခင်မေလွင်ကို ဖေဖေ စကားလုံးတွေနဲ့ မလှန်နိုင်အောင် ထုခဲ့တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ နည်းနည်း ပညာပေးလိုက်တာပါ၊ ငွေကြေးသိပ်ချမ်းသာတဲ့ မိန်းမမှန်သမျှ စကားကို တစ်ဖက်စောင်းနင်း သိပ်ပြောတတ်တာ သားရဲ့၊ သူတို့စကားမှ အမှန်လို့ ဆုံးဖြတ်တတ်ကြတယ်"

"သားတော့ ထင်ပါတယ်"

"ဘာထင်တာလဲ"

"အန်တီခင်မေလွင်နဲ့ ဖေဖေနဲ့ ကားအက်ဆီးဒင့်ဖြစ်တဲ့ကိစ္စကို မူတည်ပြီး ကတ်ဖဲ့ပြောတာလို့"

ဖေဖေပြုံးပါ၏။

သည့်နောက် စကားတုန့်ပြန်ခြင်းမရှိဘဲ ဖေဖေရေချိုး ခန်းဝင်သည်။ နံနက်စာ လက်ဖက်ရည်ဝိုင်းထိုင်တော့...

"သားနဲ့ ဦးထွန်းစံ ညရေးညတာကို သတိထားကြဦး၊ သူ့ခိုးကလည်း ဟိုဘက်ခြံနဲ့ ဒီဘက်ခြံကို ဝင်မွှေပြီး ပြဿနာအစအနကို ထားသွားရသေးတယ်၊ ခြံနီးချင်းတွေဒီလို စကားခွန်းတုံ့ဖြစ်ရတာ ကောင်းတော့မကောင်းဘူးပေါ့လေ"





"ဟုတ်တယ်ဆရာ၊ ဒီသူခိုးက ခြံနှစ်ခြံကိုရန်မီးပွားအောင် လုပ်ပေးသလို ဖြစ်နေတယ်၊ မိအောင်တော့ဖမ်းကိုဖမ်းရမယ်"

ဦးထွန်းစံ၏ ကြုံးဝါးစကား။

သူကတော့ ကေရီကိုသာ အားနာနေမိပါ၏။

❊❊❊



www.burmeseclassic.com

www.burmeseclassic.com

# [၃၄]

ကားရပ်သည်နှင့် အေးရီက သံဆွဲတံခါးကို အပြေးက ခလေးဖွင့်သည်။ မေမေက ညှော်ခန်းထဲလှမ်းဝင်လာပြီး သူ့ကိုင် ခနကျ အိတ်အနက်ကြီးကို ဆိုဖါပေါ်သို့ ဘုတ်ခနဲ ပစ်ချ၏။

"မေမေရယ်၊ အိမ်မှာအေးအေးချမ်းချမ်းနေပါ့ လား၊ မေမေ ဒီလောက်တောင် ရှာရှာဖွေဖွေ လုပ်နေရ အောင် သမီးတို့ဘဝက လုပ်မှကိုင်မှ စားရမယ့်ဘဝ လား မေမေရဲ့"

"ဩော် သမီးရယ်... မေမေက အရောင်းအဝယ်အ လုပ်ကို သမီးဖေဖေနဲ့ မရခင်ကတည်းက ပါသနာ





ပါခဲ့တာ၊ သမီးဖေဖေနဲ့ရတော့လည်း မေမေ့လုပ် ငန်းကို ဘယ်တော့မှ အဖျက်မခံဘူး၊ ပစ္စည်းဆိုတာ ရှိလေကောင်းလေပေါ့ သမီးရဲ့"

"မေမေ့ကိုကြည့်ပြီး သမီးပင်ပန်းလွန်းလို့ပါ"

အေးရီက မေမေ့အတွက် သံပုရာရည်တစ်ခွက် ဖျော်လာ ပေး၏။

"ကားတစ်စီးနဲ့ သွားလာနေရတာ ဘာပင်ပန်းမှာ လဲ သမီးရဲ့၊ တန်ဖိုးကြီးကြီး အပွင့်ဆိုတာ မေမေ တစ်ယောက်ထဲ ကိုင်ထားတာ၊ ပစ္စည်းဥစ္စာရတာနဲ့ ဆိုတာ ဟန့် မနေရဘူး၊ အမြဲဝင်နေမှကောင်းတာ"

မေမေကတော့ သူ့အတွေးအခေါ်နှင့်သူ။ မုဆိုးမတစ် ယောက်ရဲ့ အရည်အချင်းကို ပြစွမ်းချင်သူ။

"မေမေ မလာခင် မန္တလေးက ဖုန်းလာတယ် မေမေ"

"သမီး ဘွားဘွားဆက်တာလား"

"ဟုတ်တယ် ဘွားမေဆက်တာ၊ မေမေ့ကို ဘွားမေ က မန္တလေးကို လာစေချင်တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လာပြီး ဘာလုပ်ရမှာလဲဟဲ့၊ ဒီမှာ အလုပ်တွေ ပစ်ထားလို့ ရမလား"

"ဒါကြောင့် သမီးက မေမေ အရောင်းအဝယ်ကိစ္စတွေနဲ့ အားမှာ မဟုတ်ဘူးဘွားမေလို့ ပြောလိုက်တယ်၊ ဘွားမေ ဖုန်းထဲမှာ စိတ်ဆိုးနေပုံပဲ မေမေရဲ့"

"မတတ်နိုင်ဘူးကွယ်"

မေမေကသူ့အိတ်ကြီးကို လှမ်းယူပြီး ထိုင်ရာမှ ထသည်။

"အားလုံး ညရေးညတာ သတိရှိဖို့ ပြောထားနော်၊ ခုတလော သူခိုးတွေ သောင်းကျန်းတယ်၊ အန်တီဝေကို သမီးသိတယ် မဟုတ်လား"

ဒကာရီက ခေါင်းညိတ်ပြသည်။

"သူတို့တိုက်ကို ဖေါက်သွားတာ ပစ္စည်းအတော်များများ ပါသွားတယ်၊ ဦးရွှေမောင်ကိုလည်းပြောထား ရဦးမယ်၊ ညဘက်ခြံတံခါးတွေပိတ်ပြီးရင် ခြံထဲကို သေသေချာချာ ကြည့်လို့"





မေမေအပေါ်ထပ် တက်သွားသည်။

အဝတ်အစားလဲပြီး ရေချိုးခန်းဝင်မည်ကိုလည်း စိတ်ကသိနေ၏။ ဒေါ်လုံးကိုလည်း လှမ်းမှာရသည်။ ထမင်းပွဲအဆင်သင့်ဖြစ်နေရန်...။

❊❊❊

"မမလေး...မမလေး"

အေးရီ၏ အသံအုပ်အုပ်နှင့်ခေါ်သည့်အသံ။

"ဘာလဲ အေးရီ၊ နင်မအိပ်သေးဘူးလား"

"အရေးကြီးလို့ မမလေး၊ အရေးကြီးလို့"

အိပ်ရာမှာ မဂ္ဂဇင်းဖတ်နေရာမှ လူးလဲထလိုက်သည်။ တံခါးဂျက်ကို ဆွဲအဖွင့်တွင် အေးရီကို တုန်တုန်လှုပ်လှုပ်နှင့်တွေ့ရ၏။

"ဘာဖြစ်လာတာလဲဟဲ့"

"သူ...သူခိုး မမလေး၊ သူခိုး"

"ဟင်... ဘယ်မှာလဲ သူခိုး"



www.burmeseclassic.com

www.burmeseclassic.com



"ခြံထောင့်နားမှာ ခပ်ရိပ်ရိပ်တွေ့လိုက်တာ မမလေး"

ကေရီစားပွဲပေါ်မှာ နာရီကိုလှမ်းကြည့်သည်။ အချိန်က ညကိုးနာရီခွန်းစွန်းပင် ရှိပါသေး၏။ ဝင်းနှင့်ခြံနှင့်နေကြ သည့် ရပ်ကွက်မို့ ပတ်ဝန်းကျင်က တိတ်ဆိတ်လွန်းသည်။

"နင့်ဟာက ဟုတ်မှဟုတ်ရဲ့လား အေးရီရယ်၊ အစောကြီး သူခိုးက ဝင်မလား"

"အေးရီ၊ သေသေချာချာတွေ့တာ မမလေး"

"မေနွမ သူ့အိပ်ခန်းမှာလား"

"မေမေကြီး အစောကြီး အိပ်ရာဝင်သွားတယ်၊ အေးရီ ဦးရွှေမောင်နဲ့ ဒေါ်လုံးကိုသွားခေါ်ရမှာလား"

"နေ...နေ...နင့်ဟာက ဘာမှန်းမသိညာမှန်းမသိနဲ့ နင်နဲ့ငါခြံထဲ ဆင်းမယ်"

"ဒီအတိုင်း ဆင်းလို့တော့ ဖြစ်မယ် မထင်ဘူး မမလေး၊ တစ်ခုခုတော့ ယူခဲ့မှ"





"နင့်မှာလည်း ကြောက်တတ်လိုက်တာ လွန်ရော၊ ဒီမှာတွေ့လား၊ ဟောဒါနဲ့ ဆော်ထည့်လိုက်ရင် နင့်သူခိုး ခေါင်းဟက်တက် ဖြစ်သွားမယ်"

ကေရီကတံခါးထောင့်မှာ ထောင်ထားသည့် တုတ်လုံးကိုဆွဲယူပြသည်။ တုတ်လုံးဆိုသော်လည်း ရိုးရိုး တုတ်လုံးမဟုတ်။ တုတ်ထိပ်မှာ သံမှုလီစွပ်ထားသည်။ ဦးရွှေမောင် စပါယ်ရှယ် လုပ်ပေးထားသည့် တုတ်လုံး။

"မမလေး"

"ဘာလဲ"

"အဲဒီ ရိုပ်တိတ်တိတ်ကြီးက သူခိုးမဟုတ်ပဲ သရဲဖြစ်နေရင်တော့ ဒုက္ခပဲ"

"တိတ်စမ်း၊ ပေါက်တတ်ကရတွေ မပြောနဲ့"

ကေရီက ဦးဆောင်ပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။ သူခိုးနှင့်တွေ့ရင်တော့လားဆိုသည့်အတွေးနှင့် တုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပါ၏။

❊❊❊



www.burmeseclassic.com

www.burmeseclassic.com



ခြေသံကိုလုံအောင် ထိန်းလျှောက်သည်။ ပိန္နဲပင်ကြီးနား ရောက်တော့ အေးရီက ကေရီ့လက်ကို ဆတ်ခနဲ ဖမ်းဆွဲ၏။

"ဟိုး...ဟိုမှာ တွေ့လား မမလေး၊ လှည့်တုတ် တုတ်နဲ့"

အမှောင်ကိုထွင်းဖေါက်ကြည့်လိုက်သည်။

ဟုတ်ပါ၏။

အေးရီပြောသည့်အတိုင်း လှုပ်ရှားမှုကလှုပ်တုတ်တုတ် သို့သော်လည်း ထိုလှုပ်ရှားမှုက မီမီတို့ ခြံဝင်းထဲက မဟုတ်။ ခြားထားသည့် စည်းရိုး၏ တစ်ဖက်ခြံအတွင်းမှ လှုပ်တုတ် တုတ်ပုံစံ။

"သူခိုးဖြစ်မှာ သေချာတယ် မမလေး၊ စည်းရိုးကို ဖေါက်ပြီး ဒီဘက်ဝင်လာမှာ"

အေးရီအသံက ခပ်အုပ်အုပ်။

"အသာနေ၊ တို့ခြံစည်းရိုးနားကပ်ပြီး လှုပ်နေတဲ့ ခေါင်းကိုဆော်ထည့်မယ်"

ကေရီနှင့်အေးရီကိုယ်ကို ကုန်းညွတ်ပြီး ပုဏ္ဏရိတ် စည်းရိုး နားသို့ အသာကပ်သွားသည်။





လှုပ်ရှားမှုကတော့ တကယ့်ကို ပီပီပြင်ပြင်။

မျက်စိကို အနားမပေးဘဲ ကိုယ်ကို ငြိမ်သက်စွာထား သည်။ နားကိုလည်းစွင့်ထား၏။

သေချာပါပြီ။

တိုင်ပင်သံလား၊ မသဲကွဲသော တီးတိုး စကားသံကို ကြားသည်။ လျှပ်တစ်ပြက်အတွင်းမှာပင် စည်းရိုးကျော်ပြီး ကျလာသည့် အရိပ်တစ်ခု။

ကေရီဘာကိုမှ စဉ်းစားမနေတော့။

လက်ထဲမှ သံမူလီတပ်တုတ်နှင့် ရိုပ်ခနဲ ကျလာသည့် ခေါင်းကို အင်အားသုံးကာ ရိုက်ချပစ်လိုက်သည်။

"အား..."

နာကျင်မှုဖြင့် ပြင်းထန်သည့်အော်သံ။

"သူခိုး...သူခိုး...သူခိုးပါရှင့်"

ဆိုသည့် အေးရီ၏ ကုန်းအော်သံ။

တစ်ဆက်တည်းမှာပင် ခြံဝင်းတစ်ခုလုံး မီးထိန်ထိန် လင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ပြေးလွှားလာသည့် ခြေသံများ၊ မျက်နှာများကိုကြည့်ပြီး ဧကရီ ခပ်ကြောင်ကြောင် ရပ်နေမိပါတော့၏။

❊❊❊

"ဟဲ…ဘယ်လိုလုပ်မလဲ ဒေါ်ခင်မေလွင်"

အန်ကယ် ဦးအောင်ဖုန်း၏အသံတွင် မကျေနပ်သံများ ပါနေသည်ကို ဧကရီ သိပါ၏။ ဖုန်းမြင့်ခေါင်ကို လှမ်းကြည့်တော့လည်း ခေါင်းတစ်ခုလုံး သွေးချင်းချင်းနီနေသည်။

"ဒါကတော့ ဘယ်တတ်နိုင်မှာလဲ ဦးအောင်ဖုန်း၊ ကျွန်မသမီးလေးက သူခိုးမှတ်ပြီး မှားရိုက်မိတဲ့ဟာပဲ"

"မဟုတ်ဘူး၊ ခင်ဗျားသမီး ကျုပ်သားကို သိရက်နဲ့ တမင်သက်သက် ရိုက်တာ"

ဧကရီ ထိတ်ထိတ်ပျာပျာလေးနှင့်…

"မ…မဟုတ်ရပါဘူး အန်ကယ်ရယ်၊ သမီးက တကယ် သူခိုးမှတ်ပြီး ရိုက်လိုက်မိတာပါ၊ သမီး တောင်းပန်ပါတယ် အန်ကယ်"





"ပါးစပ်ပါတော့ တောင်းပန်တဲ့စကား ဖြစ်ပေါ်ရတာပေါ့လေ၊ လက်တွေ့ခံလိုက်ရတဲ့သူက တကယ့်ကို မရှုမလှပဲ"

အန်ကယ်ဦးအောင်ဖုန်းက သူ့သားကို လှည့်ကြည့်သည်။ သွေးတွေက မျက်နှာနှင့်ခေါင်းမှာ ရွှဲနစ်နေ၏။

"သားနဲ့ဦးထွန်းစံကလည်း ဘယ့်နှယ် ညကြီး ခြံထဲ ဆင်းရတာလဲဗျ"

ဦးထွန်းစံစကား မဝင်ခင် ဖုန်းမြင့်ခေါင်က…

"သူခိုးက ဒီခြံနှစ်ခြံကို လှည့်ရန်တိုက်ပေးနေသလို အလှည့်ကျ ခိုးနေလို့ သားနဲ့ဦးစံ တချောင်းတာပါ ဖေဖေ… ဧကရီက သားကို တမင်သက်သက် ရိုက်တာ မဟုတ်ပါဘူး"

ဧကရီ ဖုန်းမြင့်ခေါင်ကို လှမ်းကြည့်သည်။

ဘဝတွင် ဒုတိယအကြိမ်ဖြစ်ပေါ်ရသည့် သနားစိတ်။

'သူ တော်တော်နာရှာမှာပဲ' ဆိုသည့် အတွေးကလည်း စိတ်ကို နှိပ်စက်သည်။

"ဘာပဲဖြစ်ဖြစ်ကွာ၊ အသားလွတ် ခံရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ဦးအောင်ဖုန်း"

မေမေက တည်တည်ငြိမ်ငြိမ် ခေါ်၏။

"ပြောပါ"

"အခု မတော်တဆ ဖြစ်တဲ့ကိစ္စအတွက် ကျွန်မ ဦးအောင်ဖုန်းကို အုန်းပွဲငှက်ပျော်ပွဲနဲ့ တောင်းပန်ရမလား"

"မလိုပါဘူးဗျ"

ယင်းစကားမျှသာပြောပြီး အန်ကယ်ဦးအောင်ဖုန်းက ဖုန်းမြင့်ခေါင်လက်ကို ဆွဲပြီး လှည့်ထွက်သွားသည်။ သူတို့ နောက်ပါးမှ ဦးထွန်းစံ ခပ်ကုပ်ကုပ်ကလေး လိုက်ပါသွား၏။

မလှမ်းမကမ်းရောက်တော့ သွေးရည်လိမ်းကျံသည့် မျက်နှာနှင့် ဖုန်းမြင့်ခေါင်က လှည့်ကြည့်သည်။

ဩော်.... ဖုန်းမြင့်ခေါင်ရယ်....

ကေရီ တကယ်ကို စိတ်မကောင်းပါဘူး။

❊❊❊



# [၃၅]

ဝင်းတံခါးဘေးမှာ ကေရီ ခပ်မတ်မတ်ကလေး ရပ်နေလိုက်သည်။ ခြံထဲမှ ထွက်လာသည့်ကားက ကေရီ့နားမှာ ညင်ညင်သာသာကလေး ထိုးရပ်လိုက်သည်။

ကေရီ ခေါင်းကို ခပ်သာသာကလေးအငုံ့တွင်...

"မင်း ဘာလာလုပ်တာလဲ မိန်းကလေး"

ဦးအောင်ဖုန်း၏ ခပ်ထိထိ အမေး။

ကေရီ ခေါင်းကို ဖြည်းညင်းစွာ မော့သည်။

"ဧ... ကေရီ ကိုဖုန်းမြင့်ခေါင်ကို တွေ့ချင်လို့ပါ"

"သားကို တွေ့ချင်လို့ ဟုတ်လား..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ရှင်"

"တွေ့စရာအကြောင်း ဘာမှ မရှိဘူးလို့ ထင်ပါတယ်လေ၊ ကဲ... မိန်းကလေး ပြန်ပါ"

ကေရီ မလှုပ်၊ မရွေ့။

ဦးအောင်ဖုန်းက ကေရီကို ခပ်ဝေ့ဝေ့ကလေး ကြည့်သည်။

"မင်း မေမေက တို့သားအဖကို မဟာရန်သူအဖြစ် သတ်မှတ်ထားတာလေ၊ မင်း ဒီကိုလာတာ မင်းနဲ့ မင်းမေမေကြားမှာ ပဋိပက္ခ ကြီးထွားနိုင်ပါတယ်"

"သမီးဆုံးဖြတ်ချက်နဲ့ သမီးလာတာပါအန်ကယ်၊ အန်ကယ်က လှည့်ပြန်ခိုင်းလည်း သမီး မပြန်ပါဘူး"

"ဟင်"

"သမီး မှားမှားယွင်းယွင်း လုပ်ခဲ့မိတဲ့အတွက် ကိုဖုန်းမြင့်ခေါင်ကို သမီးကိုယ်တိုင် တောင်းပန်ရမှ ကျေနပ်နိုင်မှာပါ"





"ဒါတွေကို အန်ကယ်တို့ မေ့လိုက်ပါပြီ"

"အန်ကယ် မေ့ပေမယ့် ကိုဖုန်းမြင့်ခေါင်ကတော့ မေ့မှာ မဟုတ်ပါဘူး၊ သမီးလည်း မေ့လို့ မရနိုင်ပါဘူး"

"ဘာပဲဖြစ်ဖြစ် မင်းကို ဒီခြံထဲ မလာစေချင်တာ အမှန်ပဲ"

ပြောပြီး ဦးအောင်ဖုန်းက ကားကို မောင်းထွက်သွားသည်။

ခြံဝမှာ မှင်တက်စွာ ရပ်နေရာမှ ကေရီ ခေါင်းကို ဆတ်ခနဲ ခါလှည့်လိုက်သည်။

ခြေလှမ်းကို ပြန်ဆုတ်ဖို့ ကေရီ လုံးဝ မစဉ်းစား။

❋❋❋

"အို... ကေရီပါလား"

ကေရီကို မြင်သည်နှင့် ဦးထွန်းစံက ဘာဂျာတံခါးကို ထိုင်ရာမှ အပြေးကလေး ထဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခြံဝမှာ ဆရာနဲ့ကေရီ တွေ့ခဲ့ပြီ ထင်တယ်"

"တွေ့တယ် ဦးစံ၊ ကေရီ့ကို မလာဖို့ နှင်တယ်၊ အန်ကယ် ကားမောင်းထွက်သွားတာနဲ့ ကေရီ ဆုံးဖြတ်ချက်နဲ့ ဝင်ခဲ့တာ"

"စိတ်မဆိုးပါနဲ့ ကေရီရယ်၊ ဆရာက သူ့သားကို သိပ်ချစ်တော့ စိတ်မှာ မဖြေနိုင် ဖြစ်သွားတာပါ၊ ကိုဖုန်းကတော့ ကေရီလာတာတွေ့ရင် အရမ်းဝမ်းသာမှာပဲ"

"ကိုဖုန်းမြင့်ခေါင်ရော... ဦးစံ"

"အပေါ်ထပ်ဧည့်ခန်းမှာ ရှိတယ်၊ ခေါင်းထဲမှာ မူးနောက်နောက်ရှိလို့ ဒရင်းဘတ်ပေါ်မှာမှိန်းနေတယ်"

"ကေရီတက်သွားမယ်နော်"

မျက်နှာရွှင်ရွှင်ပျပျနှင့် ဦးထွန်းစံက ခေါင်းကို တဆတ်ဆတ် ညိတ်သည်။ ပါလစ်ရောင် တောက်နေသည့် ကျွန်းသားလှေကားထစ်ကို နင်းဖိတက်တော့ ကေရီ့ရင်မှာ သိမ့်သိမ့်ကလေး ခုန်နေရပါ၏။

❊❊❊





"ဟင်... ကေရီ"

လဲလျောင်းနေရာမှ ဖုန်းမြင့်ခေါင်ကိုယ် မတ်ခနဲ ဖြစ်သွားသည်။ နဖူးမှာ စည်းနှောင်ထားသည့် ပတ်တီးဖြူဖြူက ရင်ကို လာရောက်ထိပါးပါ၏။

"ကေရီ ကိုယ့်ဆီ လာတယ်နော်၊ ဝမ်းသာလိုက်တာ ကေရီရယ်၊ ကိုယ် မမျှော်လင့်ရဲခဲ့ပါဘူး"

အနားမှာ ဝင်ထိုင်ရင်း မျက်နှာကို စေ့စေ့ကြည့်ရင်းမှ မျက်ရည်က ဝေ့ဝဲလာချင်၏။

"ဘာလို့ မျက်ရည်တွေ ဝဲနေရတာလဲ ကေရီရယ်၊ ကေရီ ကိုယ့်ကို မုန်းတီးလို့ တုတ်နဲ့ ရိုက်လိုက်တာမှ မဟုတ်ပဲ"

"မဟုတ်ဘူးလေ ရင်ထဲမှာ ဘယ်လို ကောင်းနိုင်မှာလဲ"

အကြည့်ချင်းဆုံတော့ ရှက်ရိပ်ကလေးဖြင့် ကေရီက မျက်လွှာကိုချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရင်ထဲမှာ မကောင်း ဖြစ်မနေပါနဲ့ကေရီရယ်၊ ခုလို ဖြစ်တာကိုပဲ ကိုယ်တော့ ဝမ်းသာနေပါပြီ"

"အို... မဟုတ်တာ"

"ဟုတ်ပါတယ် ကေရီ၊ ဒီလို သွေးထွက်သံယိုမှုသာ မဖြစ်ရင် ကေရီ ကိုယ့်ဆီကို ဘယ်တော့မှ လာမှာ မဟုတ်ဘူး"

ကေရီနှုတ်ကလေး ဆိတ်ထားပြီးမှ...

"ခေါင်းထဲမှာ မူးနောက်နောက် ဖြစ်နေတယ်ဆို"

"ကောင်းသွားမှာ"

"ခွင့်လွှတ်ပါနော်"

"တောင်းပန်တာလားဟင်"

ကေရီ ခေါင်းကလေးညိတ်၏။

"တောင်းပန်ရမယ့် လူလားဟင်"

"အို ... ဘာလုပ်ပြန်တာလဲ"

"အချစ်ပါ ကေရီရယ်"





လက်ချောင်းကလေးများကို ဆုပ်ကိုင်ထားခြင်းကို ကေရီက ရုန်းဖယ်ခြင်း မပြု။

"ဒီကို လာတာ ကေရီ့မေမေသိလားဟင်"

"မေမေ အစောကြီးကတည်းက ကားနဲ့ထွက်သွားတယ်လေ"

ချစ်ခြင်းအတိမ်အနက်ကို ကေရီ စဉ်းစားလို့ မရတော့ပါ။

သို့သော်လည်း...

မိမိနှင့်သူ ချစ်သူဖြစ်သွားကြသည်ကိုတော့ ကေရီ လုံးဝ လက်ခံထားလိုက်ပါသည်။

✲✲✲



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း-လေး

www.burmeseclassic.com

www.burmeseclassic.com

## [၃၆]

"မင်းတကယ်ဆုံးဖြတ်ပြီးပြီလား"

ကားကိုမှန်မှန်မောင်းရင်း ကျော်လတ် အမေးကြောင့် သူက စောင်းငဲ့ကြည့်၏။ တိုက်မှာတုန်းက ပြောခဲ့သည့် စကားများကို ကျော်လတ် တစ်လမ်းလုံး စဉ်းစားလာဟန် တူသည်။

"ငါ့စကားတစ်ခွန်းကို လွယ်လွယ်နဲ့ ပြောတတ်ခဲ့လို့လား"

ရှေ့မှ ကားတစ်စီးကို ဟွန်းနှစ်ချက်ဆင့်တီးပြီး ကျော်တက်လိုက်သည်။ မာလာဆောင် ရှေ့သို့ရောက်သောအခါ အရှိန်ကို နှေးလိုက်သည်။ သည့်နောက်အင်းလျားလမ်းကို ချိုးကွေ့ပြီး ကန်ဘောင်ဘက်သို့ လှည့်ဝင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကားကိုရပ်ပြီး ကန်စပ်ဘက် လျှောက်ခဲ့သည်။ ထိုင်ခုံလေးမှာ ဝင်ထိုင်ရင်း သူတို့ စားနေကျ မြီးရှည်နှစ်ပွဲ မှာလိုက်၏။

"အန်ကယ်က မင်းကို ဂေါ်ရီနဲ့ သဘောမတူဘူးလား"

"ဖေဖေက ပါးစပ်ကတော့ ဖွင့်မပြောဘူး၊ ဒါပေမဲ့ ကေရီနဲ့ငါ့ကို သဘောမတူတဲ့ အမူအယာတွေ မျက်နှာမှာ ထင်နေတယ်၊ မင်းကို ငါစောစောက ပြောသလို ကေရီနဲ့ ငါ့ဘဝမှာ လွတ်လပ်မှု မရှိဘူးလေ၊ ကေရီ့မေမေကလည်း ငါနဲ့ သဘောမတူဘူးလို့ ကေရီ့ကို အတိအလင်း ပြောတယ်"

"သဘောမတူနိုင်စရာ အကြောင်း ဘာတွေရှိလို့လဲကွာ"

"လူကြီးချင်း စကားအဆင်မပြေ ဖြစ်ခဲ့တယ်လေ"

"ဒါကတော့ မင်းနဲ့ ကေရီလည်း ဖြစ်ခဲ့တာပဲဟာ"

မြီးရှည်နှစ်ပွဲရောက်လာသည်။



သူက တူတစ်စုံကို ကျော်လတ်ကို လှမ်းပေးသည်။

"ကေရီနဲ့ငါက လူငယ်မဟုတ်လား၊ လူငယ်ဆိုတော့ရင်မှာ အကြောင်းတရားတွေ ထင်မကျန်ဘူးပေါ့ကွာ၊ ဖေဖေနဲ့အန်တီလွင်က လူကြီးတွေဆိုတော့ သူ့မာန ကိုယ့်မာန ပြနေကြတာပေါ့"

"မင်းတို့နှစ်ယောက်ရဲ့ အချစ်ဘဝကြီးကို ပန်းစီက အတော်စိတ်မကောင်းဖြစ်နေတာ၊နှစ်ယောက်စလုံး ပြည့်ပြည့်စုံစုံဘဝတွေဖြစ်ရက်နဲ့ အခြေအနေတစ်မျိုး ဖြစ်နေတာကို ခဏခဏ ပြောတယ်"

ပြောပြီးတူနှင့်မြီးရှည်ကို အသာမွှေသည်။ သည်နေရာ၊ သည်ဝန်းကျင်နှင့် သည်ရှမ်းခေါက်ဆွဲဆိုင်လေးက သူနှင့်ကျော်လတ် တစ်ပတ်ကို တစ်ရက်တော့ ရောက်ဖြစ်သည့်နေရာ။

"ကေရီနဲ့ငါကတော့ နှစ်ဖက်မိဘတွေ လစ်ရင်လစ်သလို တွေ့ကြတာပဲ၊ ဒါပေမယ့် ရေရှည်ကျတော့ ဒီလို ခိုးကြောင်ခိုးဝှက်ကြီး ဘဝမှာ မနေချင်တော့ဘူးကွာ၊ မင်းကို ငါပြောခဲ့တဲ့ အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



တွေက ကေရီကစပြီး ဆွေးနွေးခဲ့တာပဲ၊ ငါက
လည်းလိုလိုလားလားကို လက်ခံလိုက်တယ်"

ကျော်လတ် ပင့်သက်ချသည်။

တစ်နေ့ ဒီလိုပဲ ဖြစ်လာမယ်ဆိုတာကို ငါကြိုတွေးပြီး
အားဟုဆိုသောအခါ...

"မင်း ကေရီကို ခိုးသွားတဲ့နေ့မှာပဲ အန်ကယ်က
တော့ ငါ့ကို အပြစ်စကား ပြောမှာပဲ"

"ဖေဖေ ဒီလောက် မရှိင်းပျဘူး၊ ကျော်လတ်၊
အတွေးလည်း မတိမ်ဘူး မေးတာကတော့ မင်းကို
မေးမှာအမှန်ပဲ"

"မေးရင် ငါဘာပြောရမလဲ"

"အမှန်အတိုင်း ပြောပေါ့၊ တောင်ကြီးကို ခိုးပြေး
တယ်ပေါ့၊ မင်းပြောလို့ ဖေဖေသိတဲ့အချိန်ဟာ ငါနဲ့
ကေရီ ရထားပေါ်မှာ ရှိနေတဲ့ အချိန်ပဲ၊ ဘာ
ပြဿနာမှ တက်စရာ အကြောင်းမရှိတော့ဘူး"





အင်းလျား၏ညနေအလှက ပိပိပြင်ပြင်။

သည်ကန်စပ်၊ သည်ဆိုင်၊ သည်စားပွဲမှာ ကျော်လတ်နှင့်
ပန်စီတာထိုင်ဘူးသလို မိမိနှင့် ကေရီလည်း ထိုင်ဖူးကြတာပါပဲ၊
သို့သော်လည်း ကေရီနှင့်မိမိအချစ်ဘဝက ကျော်လတ်နှင့်
ပန်စီ၏အချစ်ဘဝကို ဖြောင့်ဖြူးအေးချမ်းခြင်း မရှိ။ နှစ်ဖက်မိဘ
အရေးဝယ် သားသမီးတို့၏အချစ်က သောကအခက်အလက်
များ ယှက်နွယ်နေရသည်။

"ခုလာမယ့် စနေဆိုတော့ လက်မှတ်ကို နက်ဖြန်
ကတည်းက ကြိုဝယ်ထားရမှာပေါ့"

"အဲဒါ၊ မင်းတာဝန်ယူရမှာ ကျော်လတ်၊ ငါနက်
ဖြန် ကြည့်မြင်တိုင်က တိုက်ကိုသွားရမှာ၊ ခု ကေရီ
မှတ်ပုံတင်နဲ့ ငါ့မှတ်ပုံတင် တစ်ခါတည်းပါတယ်"

"ညရထားနော်"

ခေါင်းညိတ်ပြပြီး ကျော်လတ်လက်ထဲ မှတ်ပုံတင်
နှစ်ခုအပ်သည်။

"အိပ်ခန်း မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...အိပ်ခန်းပေါ့၊ မေးမှ မေးတတ်တဲ့ကောင်"

ကျော်လတ်က ရယ်၏။

သူကတော့ အတွေးတွေ ဝေ့နေရသည်။

စိတ်ထဲမှာလည်း အစီအစဉ်များကို စိတ်တွက်နှင့်ဝင်ရေးဆွဲနေရ၏။

❋❋❋



[၃၇]

ပန်စီတာက ကေရီ၏ လက်ကိုတင်းကျပ်စွာ ဆုပ်ကိုင်ထား၏။ ပျော်ရွှင်ခြင်း၊ ကျေနပ်ခြင်း၊ အားရခြင်းများသည် ပန်စီတာ၏ မျက်နှာမှာ ပေါ်လွင်နေသည်။

"ကေရီက မိုးကို မခြိမ်းဘဲ ရွာချလိုက်တာပဲနော်"

"အဲဒီလိုလည်း မဟုတ်ပါဘူး ပန်စီရယ်၊ ကိုဖုန်းနဲ့ ကိုယ့်အနေထားက ပန်စီတို့လို မဟုတ်ဘူးလေ၊ ဝါမဝင်ခင် ပန်စီတို့ လက်ထပ်ဖို့ကို နှစ်ဖက်မိဘ ကျေကျေနပ်နပ်နဲ့ သတ်မှတ်နိုင်ကြတာ၊ ကိုယ်တို့က အဲဒီလို ဖြစ်မလာတော့ ဖြစ်တဲ့နည်းနဲ့ လုပ်လိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"မိဘတွေက ခဏပါကွာ၊ အန်တီလွင်မှာကလည်း ကေရီတဲ့ သမီးတစ်ယောက်ထဲ၊ အန်ကယ်အောင်မှန်းမှာလည်းသားသမီးခိုလို့ ကိုဖုန်းတစ်ယောက်ထဲ၊ နောက်တော့လည်း ဘာမှုဟုတ်ကြမှာမဟုတ်ဘူး"

"ဒါတွေကို ကိုယ်ကော ကိုဖုန်းကော သဘောပေါက်ပါတယ် ပန်စီ၊ ကိုဖုန်း မင်းကို ပြောသလိုပေါ့ကွာ"

"ကျဉ်းကျဉ်းကျပ်ကျပ် အနေထားကြီးမှာ မနေချင်တော့ဘူး"

"ဘာပဲဖြစ်ဖြစ်လေ ဒါ ဟန်းနီးမွန်းပါပဲ"

ကေရီက ရှက်ပြုံးပြုံးရင်း ရထားတွဲကြီးကို လှမ်းကြည့်သည်။ ရထားက ရန်ကုန်–မန္တလေးအမြန်၊ သာစည်မှာ ဆင်းပြီး တောင်ကြီးကို ခရီးဆက်ကြရမည်။

"ကိုဖုန်းလည်း ပျော်နေမှာပဲ"





ပန်စီတာ အပြောကို သူက...

"မပျော်ဘဲ နေမလား ပန်စီရာ၊ ဘူတာရုံထဲမှာ ခရီးသည်တွေသာ မရှိရင် ပျော်တယ်ကွလို့ အော်ပြီး ကျွမ်းအပတ်နှစ်ဆယ်လောက် ထိုးပစ်ချင်တာ"

"အို ကိုဖုန်းကလဲ"

ကေရီက ရှက်နီးစွာ သူ့လက်မောင်းကို လှမ်းဆိတ်သည်။ ကျော်လတ်က...

"ပေါပါစေ ကေရီ၊ ဒီကောင်က ခုမှချစ်ဖူးတဲ့ ကောင်"

"ဘယ်...ဘယ်လို၊ ကိုလတ်၊ ကိုဖုန်းက ခုမှ ချစ်ဖူးတယ်ဆိုတော့ ကိုလတ်က ချစ်ခဲ့ဖူးတာတွေ များပြီပေါ့"

ပန်စီတာ၏ မကျေမချမ်းအမေး။

"အာ...အဲဒီသဘော မဟုတ်ပါဘူး ပန်စီရာ၊ ပန်စီနဲ့ ကိုယ်ကချစ်တာကြာပြီ မဟုတ်လား၊ ကိုယ်တို့နဲ့စာရင် သူတို့ အချစ်သက်တမ်းက နုသေးတယ်လေ၊ အဲဒါကို ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း.. အူတူတူ လာမပြောနဲ့"

ရယ်ရယ်မောမောနှင့် ရထားထွက်ချိန်နီးတော့ တွဲပေါ်တက်ရန် ပြင်ဆင်ကြသည်။

"ငါတို့ ဟိုမှာ နှစ်ပတ်လောက်ပဲကြာမှာ ကျော်လတ်၊ လုပ်ငန်းကိစ္စတွေကို ငါ စိတ်ချမယ်နော်"

"စိတ်ချလက်ချ သွားစမ်းပါကွာ"

မှတ်ပုံတင်နှင့်လက်မှတ် ထုတ်ပြပြီး စကြီထဲ ဝင်သည်။ တွဲပေါ်တက်တော့ ကျော်လတ်နှင့် ပန်စီတာကို လက်လှမ်းပြသည်။

ဘာ်နှစ်ခုကတော့ ပေါင်းစပ်မှု ပြုပါပြီ။

❋❋❋

"ဆရာ စာဖတ်နေလား"

စာကြည့်ခန်းရှေ့မှာ လူရိပ် မြင်ကတည်းက ဦးထွန်းစံမှန်း ဦးအောင်ဖုန်း သိသည်။

"ဝင်ခဲ့လေ"





ဦးထွန်းစံ ဝင်လာသည်။

ဖြစ်သွားပြီးသော အရေးကိစ္စများက ဦးအောင်ဖုန်း ခေါင်းမှာ အစီအရီ။ စိတ်မှာ တင်းကျပ်ခြင်း မရှိသော်လည်း ရင်မှာ ခပ်လှုပ်လှုပ်ကလေး ဖြစ်နေရသည်ကတော့ အမှန်ပါပဲ။

"ဒေါ်ခင်မေလွင် အောက်ထပ်မှာ ရောက်နေတယ် ဆရာ"

လက်ထဲမှစာအုပ်ကို စားပွဲပေါ် အသာပြန်ချပြီး နံရံမှ နာရီကို လှမ်းကြည့်တော့ ည ဆယ်နာရီပင်ရှိပြီ။

"အင်း... ဒေါ်ခင်မေလွင် ရောက်လာလိမ့်မယ် ဆိုတာ ကျွန်တော် တွေးပြီးသားပါပဲ ဦးထွန်းစံ၊ လာခဲ့မယ်လေ၊ ခဏလေးစောင့်ပါလို့"

စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိသည်။

ပြောရမည့်စကားတွေကို စဉ်းစားရင်း ဦးအောင်ဖုန်း အောက်ထပ်သို့ ဖြည်းဆေးစွာ ဆင်းခဲ့ပါ၏။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



"ညအချိန်ကြီး ဘယ်လို အရေးကိစ္စများ ပေါ်ပြန်သလဲ ဒေါ်ခင်မေလွှင်"

ဦးအောင်ဖုန်း၏ အမေးစကားကြောင့် ဒေါ်ခင်မေလွှင် မျက်နှာ ဆတ်ခနဲ ဖြစ်သွား၏။

"ထိုင်ပါ ဒေါ်ခင်မေလွှင်၊ မတ်တတ်ကြီးဗျာ"

"ကျွန်မ ထိုင်ဖို့လာတာ မဟုတ်ဘူး ဦးအောင်ဖုန်း၊ ရှင်နဲ့ အေးအေးဆေးဆေး စကားပြောဖို့လာတာလည်း မဟုတ်ဘူး"

ဦးအောင်ဖုန်း လှစ်ခနဲ ပြုံးလိုက်၏။

"ဒါဖြင့် လာရင်းအကြောင်း ပြောပါလေ"

လာရင်းအကြောင်းကတော့ ကျွန်မ သမီးလေးကို ပြန်ပေးပါ"

"အလိုဗျာ... ခင်ဗျားရဲ့သမီးလေးကို ကျွန်တော် ယူမထားရပါလားဗျာ"

"ရှင် လူစကားပြော သိလား၊ ကျွန်မသမီးကို ရှင့်သား ခိုးထားတယ်"

"အဲဒါဆို ကျုပ်သားကို မေးပေါ့"





"ကျွန်မ မမေးနိုင်အောင် ရှင့်သားကို ရှင် ဝှက်ထားမှာပေါ့၊ ဒီမယ် ဦးအောင်ဖုန်း... ကျွန်မ အကောင်း ပြောနေတာပါ၊ ကျွန်မ သမီးကို ပြန်ပေးပါ"

"ဒုက္ခပါပဲ ဒေါ်ခင်မေလွှင်၊ သူတို့ ခိုးပြေးကြတာ ဘယ်လိုလုပ် ဒီမှာ ရှိနိုင်မှာလဲ၊ မယုံရင် ခင်ဗျား စိတ်ကြိုက် ရှာဗျာ၊ ကျုပ် ဒီကုလားထိုင်မှာ ထိုင်ပြီး စီးကရက် သောက်နေပါ့မယ်"

...ခင်မေလွှင်၏ မျက်လုံးအကြည့်များက နေ့ရာအနှံ့ ရောက်သည်။ မကျေနပ်နိုင်ခြင်း၊ ဒေါသဖြစ်ခြင်းများကို မျက်နှာကြည့်ရုံနှင့် သိသာပါ၏။

"ရှင့်သား ကျွန်မသမီးကို ဘယ် ခိုးပြေးတယ်ဆိုတာ ရှင် သိမှာ အမှန်ပဲ"

"မစွပ်စွဲပါနဲ့လေ၊ ကျုပ်လည်း အလုပ်က ပြန်လာမှ သိရတာ၊ ဒီမှာ ကျုပ်သား ကျုပ်ကို ရေးပေးခဲ့တဲ့စာ၊ သား ဇကရီကို ခိုးပြေးပါပြီတဲ့၊ သားတို့ ချစ်ခြင်းကို မခွဲပါနဲ့တဲ့၊ စာကို လိုရင်းတိုရှင်း ရေးသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကိုလည်း သမီးက အဲသလို ရေးပေးခဲ့တာပဲ"

"ဒါဆို ခင်ဗျား ကျုပ်ဆီကို တကူးတက လာစရာ တောင် မလိုပါဘူး ဒေါ်ခင်မေလွင်ရယ်"

သားရှင်ဖြစ်သူ မိမိမှာ လုံးဝတာဝန်ရှိသည်ကို ဦးအောင် ဖုန်း မသိမဟုတ်၊ မာနကို ချထားကာမှ ဒေါ်ခင်မေလွင်က ဒေါသတကြီး ဖြစ်နေ၏။

"ဟင်း... လုံးဝကို သဘောမတူဘူး၊ ဒင်းကို အမွေ ပြတ်ကြော်ငြာထည့်မယ်"

"ဂျုပ်ကတော့ ခင်ဗျားလို မရက်စက်နိုင်ဘူးဗျာ၊ ကျုပ်မှာ ရှားရှားပါးပါး ဒီသားတစ်ယောက်ထဲ ရှိတာ"

"ကျွန်မမှာလည်း သမီးတစ်ယောက်ထဲပါ"

"သိပါတယ်"

"သိရင် ဘာလို့ အပိုပြောနေတာလဲ၊ ဒါပဲ ကျွန်မ သမီးကို ရှင် ရှာပေးရမယ်"

"ဒါနဲ့ စောစောက အမွေပြတ် ကြော်ငြာမယ်ဆိုဗျ"





"မသိဘူး...မသိဘူး"

ပြောပြီး ဒေါ်ခင်မေလွင် အိမ်ထဲမှ ချာခနဲ လှည့်ထွက် သွားသည်။ ဦးအောင်ဖုန်းက ခပ်လိုက်လိုက်ကလေး ပြုံးလိုက် ပါ၏။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com

[၃၈]

ကားဟွန်းသံကြားသည်နှင့် ဦးထွန်းစံက ဝင်းတံခါးကို အပြေးကလေးလာဖွင့်သည်။ ဦးအောင်ဖုန်းက ကားကို ဂိုဒေါင်ထဲထိ တန်းမောင်းခဲ့၏။ ဂိုဒေါင်တံခါးပိတ်ပြီး တိုက်ဘက်ပြန်လျှောက်တော့ ဦးထွန်းစံကို ခြံဝင်းသော့ ကိုင်လျက်တွေ့သည်။

"ဟိုဘက်ခြံကမိန်းမကို ခုတစ်လော မတွေ့ပါလား ဦးထွန်းစံ"

"ဟုတ်တယ်ဆရာ၊ မတွေ့တာ သုံးရက်လောက်ရှိပြီ"





"သမီး ရုပ်ပုံတော်ဖွင့်နေတယ်ထင်တယ်"

တံခါးဆွဲဖွင့်ပြီး တိုက်ထဲ ဝင်ခဲ့သည်။

"ဆာတယ်ဗျာ၊ ဒီနေ့ ဦးထွန်းစံ ဘာများ ချက်ထားသလဲ"

"ငါးရံ့အူရလို့ စပယ်ရှယ် ချက်ထားတယ် ဆရာ၊ ဆိတ်သားကို ပေရယ်ကုတ် လုပ်ထားတယ်"

"အင်း... သားမရှိတော့ ညနေထမင်းဝိုင်းက တကယ့်ကို ပျင်းခြောက်ခြောက်ကြီးပါပဲ၊ ကဲ... ကျွန်တော် ရေမိုးချိုးလိုက်ဦးမယ်"

ဦးအောင်ဖုန်း အပေါ်ထပ် တက်ခဲ့သည်။

သားအခန်းရှေ့ရောက်တော့ သားကို လွမ်းဆွတ်ဖွယ်ဖြစ်ရသေး၏။

"အေးလေ...သဘာဝတရားဆိုတာ မိတ်ပင် တားဆီးလို့ ရတာမှ မဟုတ်ဘဲ၊ ပြီးတော့ သားက ငါ့ဘဝထဲက အပြီးအပိုင်ထွက်သွားတာမှ မဟုတ်ဘဲ၊ ဒီခြံဟာ သူ့တိုက် သူ့ခြံပဲ၊ သူ အချိန်တန်ရင် ပြန်လာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရေမိုးချိုး အဝတ်အစားလဲပြီး အောက်ထပ်ဆင်းတော့ ဦးထွန်းစံကို ထမင်းပွဲနားမှာ ရပ်လျက်တွေ့သည်။

"ဦးထွန်းစံပါ တစ်ခါတည်း ဝင်စားလေ"

"ကျွန်တော် နောက်မှ စားပါ့မယ်ဆရာ"

"ခါတိုင်းလည်း အတူအရှုံ့စိုင်းထိုင်ပြီး စားနေကျပဲ ဦးထွန်းစံရယ်၊ ဒီထမင်းဝိုင်းမှာ ခင်ဗျားပါ ဝင်မထိုင်ရင် ကျွန်တော်တစ်ယောက်တည်း ဘယ်လောက်ပျင်းမလဲဆိုတာ ခင်ဗျား စဉ်းစားကြည့်ဗျာ"

စကားနှင့်အတူ ဦးအောင်ဖုန်းက မှောက်ထားသည့် ထမင်းပန်းကန်ပြားကို ဦးထွန်းစံအတွက် ပြင်ပေးသည်။ ဦးထွန်းစံက ပြုံးပြီး စားပွဲမှာ ဝင်ထိုင်၏။

"ငါးရံ့အူဆို သားက သိပ်ကြိုက်တယ် ဦးထွန်းစံ"

"ဟုတ်တယ် ဆရာ၊ မနက်က ဈေးဝယ်တော့ ကိုဖုန်းကို သတိရနေမိတယ်"

အင်း... ခင်ဗျားနဲ့ကျွန်တော်ကသာ သတိရ၊ လွမ်းရကာပါလေ၊ သားကတော့ သူ့အဖော်နဲ့ ပျော်နေမှာ"





"သဘာဝပေါ့ ဆရာရယ်၊ ဒါပေမယ့် ကိုဖုန်း လည်း ဆရာနဲ့ကျွန်တော့်ကို သတိရနေမှာပါ"

ဟင်းကို ဦးထွန်းစံက ခပ်ထည့်ပေးရင်း တစ်ခုခုကို ရပုံဖြင့်...

"ညနေက မန္တလေးက ဖုန်းလာတယ်ဆရာ"

"မေမေ ထင်တယ်"

"ဟုတ်တယ် ဆရာ၊ ဆရာ့ကို ညဘက်ကျရင် မန္တလေးကို ဖုန်းပြန်ဆက်ပါတဲ့၊ မဆက်ဘဲ မနေနဲ့ဦးတဲ့"

"သား မိန်းမခိုးသွားတာ ပြောလိုက်မိသေးလား"

"မပြောဘူး ဆရာ၊ ကိုဖုန်းကိုလည်း မေးတယ်၊ ကျွန်တော်က အလုပ်က ပြန်မလာသေးဘူးလို့ပဲ ဖြေလိုက်တယ်"

ဦးအောင်ဖုန်း ခေါင်းကို အသာညိတ်သည်။

ညဘက် ဖုန်းပြန်ဆက်မည်ဟူသော အတွေးကတော့ ရှိထား၏။

❊❊❊



www.burmeseclassic.com

ဖုန်းခွက်ကို မ,ယူပြီး ဂဏန်းကွက်ကလေးများကို အသာနှိပ်သည်။ တစ်ခဏအကြာတွင် သံရှည်ကိုကြားရပြီး တစ်ဖက်က ဖုန်းခွက် မ,ယူမှုကို စိတ်က သိလိုက်၏။

"ပြောပါရှင်... ဦးဖုန်းတင့်၊ ဒေါ်စိန်ပွင့် တိုက်ကပါ"

အသံကြားသည်နှင့် ညီမလေးကေသီဖုန်းမှန်းသိသည်။

"ညီမလေး ကေသီလား"

"ဟယ်... အစ်ကိုကြီး"

"ဟုတ်တယ် ကေသီ၊ ညနေက မေမေ ဖုန်းဆက်တယ်ဆို"

"ဟုတ်တယ် အစ်ကိုကြီး"

"ကိစ္စများ ရှိလို့လား"

"ရှိတာမှ သိပ်ရှိတာပေါ့ အစ်ကိုကြီးရာ"

"ဘာများလဲ ညီမရဲ့"

"ဒါတော့ ကေသီမှာ ပြောခွင့် မရှိဘူး၊ ဖေဖေနဲ့ မေမေသာ ပြောခွင့်ရှိတယ်"

"ဟာ... ညီမလေးကလည်း ကတ်ဖဲ့နေပြန်ပြီ"





"ကိုဖုန်းရော အစ်ကိုကြီး"

"နင့်တူ အိပ်နေပြီ"

လိမ်ဖြစ်လိုက်သည့်စကားအတွက် ဦးအောင်ဖုန်း စိတ်မလုံ။

"ဟင်... အစောကြီး အိပ်တယ်"

"ကဲ... မေမေ့ကို ခေါ်ပေးဦး၊ ဘာများပြောမလဲ မသိဘူး"

လမ်းကြောင်းကို မသိမသာပြောင်းပြီး မေမေ့ကို ခေါ်ခိုင်းလိုက်သည်။ ဖုန်းခွက်ကို ကိုင်ထားရင်းမှ 'မေမေ အစ်ကိုကြီးဆီက ဖုန်းလာတယ်' ဆိုသည့်အသံကို ဖုန်းခွက်ထဲမှ ကြားသည်။ သည့်နောက် 'မေမေ လာပြီ အစ်ကိုကြီး' ဆိုသည့်အသံနှင့် မရှေးမနှောင်းပင်...

"သားလား"

"ဟုတ်ပါတယ် မေမေ၊ မေမေ ဖုန်းဆက်တယ်ဆိုလို့"

"အေး...ကိစ္စကိုတော့ မင်းမန္တလေးရောက်မှ ပြောပြမယ်"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ မေမေရဲ့"

"ဖုန်းထဲက မပြောချင်ဘူးလေကွယ်၊ သား မန္တလေးကို ဘယ်နေ့ တက်လာမလဲ ဆိုတာကို ပြော"

"ကျွန်တော့်မှာ ဆောက်လက်စတိုက်တွေ သုံးလုံးတောင် မေမေ၊ အချိန်ပိုကို မရှိသလောက် ဖြစ်နေတာ"

"ဟဲ့...အောင်ဖုန်း နင့်ကို ငါမွေးထားတာ၊ နင်မအေကို ဘာမှ ဆင့်ခြေဆင်လက်တွေ ပေးရာ မလိုဘူး၊ ခုလာမယ့် စနေကို နင်အရောက်လာ ဒါပဲ"

စကားကို အဆုံးသတ်ပြီး မေမေက ဖုန်းခွက်ကို ခပ်ကြမ်းကြမ်း ချသွားသည်။

ဦးအောင်ဖုန်း သက်ပြင်းရှည်ကြီးကို ဟူးခနဲ မှုတ်ထုတ်လိုက်ပါ၏။ နံရံမှ ပြက္ခဒိန်လှမ်းကြည့်တော့ စနေရောက်ဖို့ ကြားသုံးရက်သာ ရှိပါတော့၏။

❋❋❋



[၃၉]

'ညရထားနဲ့ ပါလာမယ်ဆိုတာ ကေသီတွက်ပြီးသား' ဟုဆိုပြီး ကေသီဖုန်းက လက်ထဲမှ ဆွဲအိတ်ကို လှမ်းယူသည်။

"ညီမလေး တစ်ယောက်ထဲလား"

"ဟုတ်တယ် အစ်ကိုကြီး"

"ဒရိုင်ဘာကြီး မပါဘူးလား"

"မဇ္ဈာရာက သူ့အမျိုးတွေဆီ သွားလည်ချင်တယ်ဆိုပြီး ခွင့်နှစ်ရက် ယူသွားတယ်"

ရပ်ထားသည့်ကားဆီ ရောက်တော့ ကားနောက်ခန်းကို ဖွင့်ပြီး ပစ္စည်းများ ထည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး မောင်းမလား"

"မောင်းပါ"

ကားပေါ်ရောက်တော့ မေးချင်သည့်အကြောင်းအရာတွေက ရင်မှာ အပြည့် ရှိနေ၏။

"မေမေ မန္တလေးကို လှမ်းခေါ်တာ ထူးခြားတဲ့ အကြောင်းတော့ ရှိမယ်ထင်တယ်နော်"

"ဒါပေါ့ အစ်ကိုကြီးရဲ့"

ပြောပြီး ကားစက်နှိုးသည်။ ဘီးလိမ့်အထွက်တွင်...

"ညီမလေး မသိဘူးလား"

"သိတာပေါ့"

"ဒါဖြင့် အစ်ကိုကြီးကို ပြောပြကွာ"

"မလုပ်ပါနဲ့ အစ်ကိုကြီးရာ၊ မေမေကပြောလို့ ဒါတွေ ကျွန်တော် ကြိုသိပြီးပါပြီမေမေလို့ အစ်ကို ကြီးက ပြောလိုက်ရင် တရားခံကို အထူးရှာ မနေရဘဲ ညီမလေးကို ကွိခနဲ မိမှာ"

"ငါ မသိချင်ယောင်ဆောင်နေမှာပါ"





"ဟာ... အိမ်ရောက်ရင် သိရမယ့်ဟာ၊ လူကြီးတွေ အရေးမှာ ကေသီရှေ့က ဘာမှ ဝင်မပါချင်ဘူး"

ယတိပြတ်စကားကြောင့် ဦးအောင်ဖုန်း ညီမဖြစ်သူကို ဘာမှ ဆက်မမေးတော့။ အတန်ကြာတော့မှ...

"နှင် အိမ်ထောင် မပြုတော့ဘူးလား ကေသီ"

"မပြုပါဘူး၊ အသက်ပဲ လေးဆယ်ကျော်နေပြီ"

"အေးလေ...ဟုတ်သားပဲ၊ အစ်ကိုကြီးကတော့ ငါ့ညီမကို မျက်စိထဲမှာ ငယ်ငယ်လေးပဲထင်နေတာ"

"အသက်သာ မနေတာပါနော်၊ လူကတော့ နုပါတယ်၊ သူငယ်ချင်းတွေကဆို သုံးဆယ်လောက်ပဲ ထင်ရတယ် ကေသီရယ်လို့ လက်ဖျားတခါခါနဲ့ ပြောကြတာ"

"နှင့်ကို မြှောက်ပြောတာနေမှာပေါ့၊ အဲဒါနဲ့ပဲ မုန့်တိဝယ်ကျွေးလိုက်ရရော မဟုတ်လား"

ကေသီဖုန်းက ရယ်သည်။ ရယ်ရင်းနှင့် 'ကိုဖုန်းကို တော့ ခေါ်မလာဘူး' ဆိုသည့် အပြစ်တင်စကားကို ကောက်ခါ ငင်ခါ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"နင့်တူမှာ အလုပ်တွေ ပတ်ချာဝိုင်းနေတာ"

"ဒါကြောင့်မို့ မေမေက ဆူတာ၊ သူတို့သားအဖ ဘယ်သူစားဖို့များ ဖားစားငါးစား ရှာနေကြသလဲ မသိဘူးတဲ့"

ဦးအောင်ဖုန်း ပြုံးရင်း ဖေဖေနှင့်မေမေကို အတွေးမှာ မြင်သည်။ နောက်ပြီး မေမေ 'ဘာအကြောင်းတရားကို ဦးတည် ဆွေးနွေးမှာပါလိမ့် ဆိုသည့်အသိက ရင်ကို ထိတ်စေပြန်ပါ၏။

❊❊❊

ခရီးရောက်မဆိုက်မှာ မေမေက ဘာစကားမှ မပြော။ 'သားအနားယူပါဦး' ဆိုသည်လောက်သာပြောပြီး တစိမ့်စိမ့် ကြည့်သည်။

ဖေဖေကတော့....

"ငါ့မြေး ပါလာမယ် ထင်နေတာ"

"ဖေဖေ့မြေးက ကျွန်တော့်ထက်တောင် အလုပ်များ သေးတယ်"

ဆိုသည့် စကားပြောတော့ ဖေဖေရယ်၏။





ဦးအောင်ဖုန်း ခေတ္တမျှနားပြီး ရေမိုးချိုးသည်။ နံနက်စာ စားပြီးသောအခါ ညှိနှိုင်းမှာ မိသားစု စုံစုံညီညီ ရှိတော့မှ မေမေက...

'သားကို မေမေပြောမှာက...' ဆိုသည့်စကားကို အစ ချီပြီး.....

❊❊❊

"ဟာ... မဟုတ်သေးပါဘူး 'မေမေ၊ ကျွန်တော့် အသက်အရွယ်နဲ့ အိမ်ထောင်မပြုချင်တော့ပါဘူး"

"ဟဲ့...နင့်အသက်က ငါးဆယ်ကျော်သေးလို့လား၊ လေးဆယ့်ခြောက် လေးဆယ့်ခွန်ဆိုတာ ဘာရှိ သေးလို့လဲ"

ဖေဖေကလည်း စကားဝင်၏။

"မင်းအမေ ပြောတာတွေကို ငါ အကုန်လုံး ထောက် ခံတယ် အောင်ဖုန်း၊ စီးတဲ့ရေ ဆည်တဲ့ကန်သင်း ရှိရတယ်ကွ၊ မင်း ဒီလို တစ်သက်လုံးနေလို့ ရ မလားကွ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့်မေမေကို ကြည့်ပြီး ဦးအောင်ဖုန်း အတော်ကို စိတ်ပျက်လက်ပျက် ဖြစ်သွား၏။ ဖေဖေကိုယ်တိုင်ကလည်း လိုလိုလားလား ဖြစ်နေသည်။

"ငါ မင်းကို စောစောက ပြောခဲ့သလိုပဲ၊ မိန်းကလေးက မုဆိုးမပေမယ့် အပြစ်ဆိုစရာ ဘာမှ မရှိဘူး၊ မင်းလိုပဲ သူ့မှာလည်း သမီးလေး တစ်ယောက်ပါတယ်၊ ဘဝအကြောင်း မသင့်လို့ သူ့ခမျာ မုဆိုးမ ဖြစ်ရတာ၊ ရုပ်ရည်၊ ပညာ၊ ဥစ္စာ ဘာမှ ပြောစရာ မရှိဘူး"

"မဟုတ်သေးပါဘူး မေမေရာ"

"ဘာလဲ အောင်ဖုန်း၊ မုဆိုးမဆိုလို့ မင်းက ငြိုငြင်ချင်တာလား၊ ခုခေတ် အပျိုပါ ဆိုတာတွေထက် အကျင့်သိက္ခာလုံတယ်သိရဲ့လား၊ ပြီးတော့ မုဆိုးမဆိုတာ တစ်ခုလပ်ထက် အဆင့်အတန်းမြင့်ပါတယ် သားရယ်၊ သူ့အမေ မစိန်လတ်တို့ ဘယ်လောက် ချမ်းသာတယ်ဆိုတာ သား သိပါတယ်"





"ကျွန်တော် သူ့သမီးတွေကိုမှ မသိတာ"

"ကောင်မလေးက ငယ်ငယ်ကလေးတည်းက ရန်ကုန်မှာ နေတာ၊ စီးပွားရာကလည်း ဘာတော် သလဲ မမေးနဲ့၊ သူ့အမေ မစိန်လတ်က မေမေ့ သူငယ်ချင်း၊ တရားမျှတတယ်၊ နည်းလမ်းကျ တယ်၊ ချိန်ခါသင့်တယ်လို့ မိဘတွေက သုံးသပ် ဆုံးဖြတ်ပြီး စီစဉ်တာ"

ဖေဖေကလည်း တစ်မှောင့်ပါပဲ။

"မင်း ဘာမှ ဆင်ခြင်တိုင်းထွာဖို့ကို မလိုဘူး အောင်ဖုန်း၊ ငါတို့က မင်းရဲ့ အဖေနဲ့အမေပါကွ၊ ဂုဏ်သိက္ခာ ညှိုးနွမ်းထိပါးတဲ့အစီအစဉ်တွေကို လုပ်မလား၊ မစိန်လတ်ကလည်း မင်းအတွက် တို့ ပူသလို သူ့သမီးအတွက် ပူရှာတာပဲ၊ ရှေ့ရေးကို မျှော်ပါသား၊ လူဆိုတာ ဒီအသက်အရွယ်မှာတင် တန့်နေမှာ မဟုတ်ဘူး၊ အသက်ဆိုတာ ကြီးလာ မယ်၊ အဲဒီအခါကျမှ အဖော်ဆိုတဲ့အဓိပ္ပါယ်ကို ပြည့်ပြည့်ဝဝ သိမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့စကားတွင်လည်း ဆုံးဖြတ်မှုများ ပါနေ၏။

"သားကောင်းသမီးကောင်းဆိုတာ မိဘလက်နဲ့ရေး တာကို ဘယ်တော့မှ ခြေနဲ့မဖျက်ရဘူး၊ သားဟာ ငယ်စဉ်ကတည်းက မိဘစကားကို နားထောင်လာ တဲ့သားပါ၊ ခု မစိန်လတ် သမီးလည်း မန္တလေး ရောက်နေတယ်၊ မနက်ဖြန်မနက်ကျရင် မစိန်လတ် တို့တိုက်ကို သွားမယ်၊ သားနဲ့မိန်းကလေး ရင်းရင်း နှီးနှီးရှိနေရအောင်"

ဦးအောင်ဖုန်း ပင့်သက်ကြီးကို ချလိုက်သည်။

မန္တလေးကို အမြန်လာဖို့ခေါ်သည့် အရေးကိစ္စက မိမိ ကို အိမ်ထောင်ချပေးဖို့ကိစ္စ။ 'ဖေဖေတို့ အသက်ကြီးပြီ သားရယ်၊ သားကြောင့် စိတ်မဆင်းရဲပါရစေနဲ့'ဆိုသည့် ခပ်ပျော့ပျော့ ဝင်လာသည့် ဖေဖေ့လေပြေစကားက ရင်ကို ထိမှန်ပါ၏။

"နေပါဦး မေမေ၊ သူ့နာမည်က ဘယ်သူတဲ့လဲ"

"ခင်မေလွင်"

"ဟင်"





ရင်မှာ လှပ်ခနဲ ဖြစ်သွားရသည်။ အို... မဟုတ်တန် ပါဘူး။ မြန်မာပြည်အနှံ့မှာ ခင်မေလွင်ဆိုတဲ့ အမည်နာမတွေ အများကြီးပါ။

❊❊❊



www.burmeseclassic.com

www.burmeseclassic.com

## [၄၈]

"အို… ဒေါခင်မေလွင်ပါလား"

အံ့ဩမှုနှင့်ယှဉ်သော တီးတိုးသံက ရင်မှာ ဖိတ်လျှံသွားသည်။ မိမိကို မြင်သည်နှင့် ဒေါခင်မေလွင်က မျက်လွှာကို အသာချ၏။ 'ကျွန်မ ကိုဖုန်းတင့်တို့ သားအမိသားအဖတွေကို မျှော်နေတာ'ဆိုသည့် အန်တီဒေါစိန်လတ်၏အသံက တက်တက်ကြွကြွ။

"ခင်ဗျား သူငယ်ချင်းက သူ့သားကို အလှပြင်ပေးနေလို့ မိနစ်ပိုင်းလောက် နောက်ကျသွားတယ် မစိန်လတ်ရေ့"





ဆိုသည့် ဖေဖေ၏ အရယ်အရွှန်းစကား။

မေမေက ဒေါခင်မေလွင်ထံပါးသို့ သွားပြီး ပခုံးကို သိုင်းဖက်သည်။

"သမီးက ရှက်နေတယ် ထင်တယ်၊ မရှက်ပါနဲ့ သမီးရယ်၊ ဘဝဆိုတာ ဒီလိုပဲကွဲ့၊ ဟိုမှာလေ အန်တီ့သားကြီး၊ နာမည်ကမောင်အောင်ဖုန်းတဲ့၊ သူ့ကိုယ်သူ ရန်ကုန်မြို့မှာ နာမည်ကြီး ကန်ထရိုက်တာကြီးလို့ အန်တီ့ကို ကြွားထားတာပဲ"

ဒေါခင်မေလွင်က ငုံ့နေရာမှ မျက်နှာကို အသာအယာမော့သည်။ ရှက်ရိပ်များဖြာနေသည့် မျက်နှာပြင်မှာ တည်ငြိမ်သယောင်၊ ပြုံးသယောင်မျက်လုံးအလှနှင့် ဆုံသည်။ နှုတ်ခမ်းထောင့်စွန်းကလေးတွန့်လှုပ်ခြင်းကို ဘာသာစကားတစ်ခုအနေဖြင့်လည်း ဦးအောင်ဖုန်း နားလည်မိပါ၏။

'သမီးကတော့ မအေ ခေါင်းတစ်ချက်ညိတ်ပဲ မစိန်ပွင့်ရေ'ဆိုသည့် အန်တီဒေါစိန်လတ်စကားနှင့် မရှေးမနှောင်းမြင်မေမေကလည်း…



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းပါပဲ မစိန်လတ်ရယ်၊ သားကလည်း ဖအေနဲ့မအေက စကားနှစ်ခွန်းတောင် ပြောဖို့မလိုတဲ့သားပါ"

"ဒါဆိုရင် ကိုဖုန်းတင့်က နေ့ရက်ကိုရွေးလေ၊ ဘုန်းကြီးဆယ်ပါးဆွမ်းကပ်ပြီး သားနဲ့သမီးကို ပေါင်းဖက်ပေးရုံ ရှိတာပေါ့"

"စိတ်ချ မစိန်လတ်၊ ကျုပ် အကုန်စီစဉ်ပြီးသား၊ သူတို့ရန်ကုန်ပြန်ခါနီး နှစ်ဖက်မိဘကိုကန်တော့ဖို့ အစီအစဉ်လည်း ကျုပ်က ရေးဆွဲထားပြီးသားပါ"

နှစ်ဖက်မိဘတွေ စကားရွှင်နေသလောက် ဦးအောင်ဖုန်းနှင့် ဒေါ်ခင်မေလွင် ခေါင်းကို အသာငုံ့ထားကြပါ၏။ နံနက်စာထမင်းဝိုင်းပြင်တော့ နှစ်ဖက်မိဘမျက်ကွယ်တွင် နှစ်ယောက်သား ခေတ္တဆုံဖြစ်သည်။

"ဦးအောင်ဖုန်း"

"ပြောပါ ဒေါ်ခင်မေလွင်"





"ညနေ ခြောက်နာရီလောက် မင်္ဂလာတံတားဘက်မှာ ကျွန်မ စောင့်နေပါ့မယ်၊ ဦးအောင်ဖုန်းလာစေချင်ပါတယ်"

"လာပါ့မယ် ဒေါ်ခင်မေလွင်၊ ကျွန်တော့်ကို ပြောဖို့ စကားတွေ ဒေါ်ခင်မေလွင့်ရင်မှာ အများကြီး ရှိနေတယ်ဆိုတာ ကျွန်တော် သိပါတယ်"

ဒေါ်ခင်မေလွင် မျက်လွှာ အသာချသွားသည်။

ထမင်းပွဲမှာ မျက်နှာချင်းဆိုင် ထိုင်ရတော့...

လူပျိုလှည့်ယ်ကလေးတစ်ယောက်လို ရင်ကသိသိသာသာ ခုန်ရပါသေး၏။

***



www.burmeseclassic.com

www.burmeseclassic.com

## [၄၁]

လေပြည်က ကျုံးရေကို ဖြတ်ကျော်တိုက်ခတ်လာသည်။ ဒေါ်ခင်မေလွင်၏အကြည့်များက အဲဝေးဆီသို့ ရောက်နေပြီး...

"မေမေတာတ်ပုံယူလာပြကတည်းက ဦးအောင်ဖုန်းမှန်း ကျွန်မ ကြိုသိနေပါတယ်"

"သြော်.... ဒေါ်ခင်မေလွင်က ကျွန်တော်မှန်း ကြိုသိနေတာပေါ့၊ စဉ်းတော့စဉ်းစားမိပါတယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကို မြင်တော့ ဒေါ်ခင်မေလွင်တည်တည်ငြိမ်ငြိမ်ပဲလေ၊ ကျွန်တော် ကသာ အံ့အားတသင့် ဖြစ်သွားရတာ"





"ဒီမင်္ဂလာတံတားဘက်ကို ချိန်းလိုက်တာကတော့ ဦးအောင်ဖုန်းနဲ့ကျွန်မအရေးရော၊ သမီးအရေး ရော ပါပါတယ်၊ အခြေအနေနဲ့အနေအထားတွေကို နှစ်ဖက်မိဘတွေ မသိကြဘူးမဟုတ်လား"

ဦးအောင်ဖုန်း ခေါင်းကို အသာညိတ်သည်။

"သမီး ဦးအောင်ဖုန်းသားနဲ့ လိုက်သွားတယ်ဆိုတာကို ကျွန်မ မေမေ့ကို အသိပေးမထားဘူး"

"ကျွန် တော်လည်း ဒေါ်ခင်မေလွင်လိုပါပဲ၊ ဖေဖေနဲ့မေမေကတော့ သူတို့မြေးကို ရန်ကုန်မှာ ကျန်ခဲ့တယ်လို့ပဲ ထင်နေကြတယ်"

"အင်း... ကလေးတွေ မိုက်ကြတယ်နော်"

"ချစ်ကြတာပါလေ၊ ဇေ့ဇေ့တွေးရင် ဒါ မိုက်ကြ တာ မဟုတ်ပါဘူး ဒေါ်ခင်မေလွင်"

သည်တစ်ခါတော့ ဒေါ်ခင်မေလွင်က မျက်နှာကို ခပ်ရဲရဲ အလေးကြည့်၏။

"ကျွန်မတို့အဖြစ်တွေက ပတ်ဝန်းကျင်ကသာ သိရင် ရယ်စရာပြုံးစရာများ ဖြစ်နေမလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ဒေါ်ခင်မေလွင်"

"သားအဖနှစ်ယောက်က သားအမိနှစ်ယောက်ကို..."

ဒေါ်ခင်မေလွင် စကားကို ရှေ့မဆက်။

အကြည့်များ မြို့ရိုးဘက်ဆီ ရောက်သည်။

"လူ့လောကကြီးမှာ ဒီအဖြစ်မျိုးတွေဟာ ထူးခြားဆန်းပြားတဲ့ကိစ္စရပ် မဟုတ်ပါဘူးဒေါ်ခင်မေလွင်၊ ကံအကြောင်းတရားဆိုတော့ ရံဖန်ရံခါ ဝတ္ထုတစ်ပုဒ်လို၊ ရုပ်ရှင်တစ်ကားလို ဖြစ်တတ်ကြပါတယ်ဗျာ"

ဒေါ်ခင်မေလွင် ပြုံးသည်။

'လမ်းလျှောက်ကြရအောင်'ဟုဆိုသောအခါ ဦးအောင်ဖုန်းက ခေါင်းကို သွက်သွက်ကလေး ညိတ်သည်။

အတူယှဉ်လျှောက်ရင်း ပခုံးချင်းထိလုလုဖြစ်တော့ ဒေါ်ခင်မေလွင်က မျက်လုံးရွှဲကြီးနှင့် ကြည့်၏။

"တစ်ယောက်နဲ့တစ်ယောက် တကယ်ကို မုန်းခဲ့ကြတာပဲနော်"





"မုန်းတယ်ဆိုတာကတော့ ဒေါ်ခင်မေလွင်တစ်ယောက်တည်းကပဲ ဖြစ်ပါလိမ့်မယ်"

"ပုံမချပါနဲ့ရှင်၊ ကျွန်မကို ရှင်လည်း မုန်းခဲ့တာပဲ မဟုတ်လား"

ဦးအောင်ဖုန်းက ပြုံးပါ၏။

"အခန့်မသင့်လို့ မချေမင်း ဖြစ်ကြတာ၊ မုန်းတာနဲ့ တခြားစီပါပဲလေ"

"ကျွန်မ ဦးအောင်ဖုန်းလောက် စကား မတတ်ဘူးရှင်၊ နောက်ပြီး ကျွန်မ ဦးအောင်ဖုန်းကို လေးလေးနက်နက် မေးပါရစေ"

ကြွေရွက်ကလေးတစ်ခု လွင့်ကျလာ၏။

"မေးပါ ဒေါ်ခင်မေလွင်"

"ကျွန်မကို ဦးအောင်ဖုန်း ချစ်သလားလို့တော့ မမေးချင်ပါဘူး၊ ချစ်နိုင်ရဲ့လားလို့တော့ မေးချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဒေါ်ခင်မေလွင်ဟာ မိဘစကားကို မြေဝယ်မကျ နားထောင်တဲ့ သားကောင်း သမီးကောင်းတွေပဲဗျာ"

"ဟုတ်ပါတယ်၊ ဒါကြောင့်လည်း ကျွန်မတို့ မကြာခင်သော အချိန်ကာလမှာ အိမ်ထောင်ရေးစည်းဘောင်ထဲကိုရောက်တော့မယ် မဟုတ်လား၊ သည်နေရာမှာ..."

ဦးအောင်ဖုန်း လက်ကို ကာလိုက်ပြီး...

"အမေးသဘောမျိုး ဖြစ်စေမယ့်စကားတွေကို ရှေ့မဆက်ပါနဲ့တော့ ဒေါ်ခင်မေလွင်၊ ကျွန်တော် ယောက်ျားကောင်းတစ်ယောက်ပါဗျာ၊ ပြီးတော့ ကျွန်တော့်ရင်ထဲမှာ ချစ်တတ်တဲ့အသည်းနှလုံးလည်း ရှိပါတယ်ဗျာ"

"ကျွန်မ နားထောင်ရတာ ရှက်သလိုပဲ"

ဦးအောင်ဖုန်း ရယ်ဖါ၏။





ရယ်ရှင်းနှင့် ဒေါ်ခင်မေလွင်၏ လက်ချောင်းကလေးများကို ဖွဖွ ဆုပ်ကိုင်တော့...၊

"ကျွန်မ ထပ်ပြီး ရှက်ရပြန်ပြီ ဦးအောင်ဖုန်း"

ရှက်သွေးမျက်နှာမှာ အပျော်ရိပ်ကလေးတွေ ထင်နေသည်ကိုတော့ ဦးအောင်ဖုန်း လုံးဝ သိလိုက်ပါ၏။

❊❊❊



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## [၄၂]

မန္တလေးဘုတာကြီးမှာ ဆွေမျိုးအင်အားစု စုံစုံလင်လင်။

ညီမလေး ကေသီဖုန်းက သူ့ယောက်မလက်ထဲသို့ ကတ္တီပါဘူးအပြားကို ထိုးအပ်ရင်း...

"ပတ္တမြားတစ်ဆင်စာ မမလွင်၊ မမလွင်နဲ့ အစ်ကိုကြီးအတွက် ကေသီရဲ့မင်္ဂလာလက်ဆောင်နော်"

ဒေါ်ခင်မေလွင်က လေးထောင့်ကတ္တီပါဘူးကို ရင်မှာ အပ်ပြီး...

"ကဲ... မမလွင်ကကော ကေသီ့အတွက် မင်္ဂလာလက်ဆောင် ဘယ်တော့ ပြန်ပေးရမှာလဲ"

"ဒါဆိုရင် မမလွင်တစ်သက် ပေးဖြစ်မှာ မဟုတ်တော့ဘူး၊ ကေသီက အပျိုကြီးဘဝနဲ့ပဲ နေသွားပေါ့မှာ"





ဦးအောင်ဖုန်းက စကားကြားဝင်ပြီး...

"နင့်ကို ကြိုက်မယ့်လူမှ မရှိတာ"

"အံမယ်... အထင်သေးစကား ပြောရဲလိုက်တာ"

ကေသီဖုန်း၏မျက်စောင်းက သူ့အစ်ကိုကြီးထံ ရောက်သွားသည်။ ရထားထွက်ခါနီးတွင် ဖေဖေက...

"သားနဲ့သမီးမှာ အသိဉာဏ်ပညာနဲ့အတွေးအခေါ် ပြည့်စုံပြီးသား၊ ဖေဖေတို့ ဘာမှ အထူးတလည် ဆုံးမလိုက်ဖို့ မလိုဘူးလို့လည်း ထင်တယ်၊ ဘဝကို လက်တွဲကြပြီဆိုမှတော့ တစ်ယောက်နဲ့တစ်ယောက် ရဲဘော်ရဲဖက်စိတ်ကို မွေးနိုင်ကြရမယ်၊ ပြီးတော့ လင်မယားဆိုတာ အရင်းနှီးဆုံးသော သူစိမ်းတွေ၊ ညှိနှိုင်းရမယ်၊ ဆွေးနွေးရမယ်၊ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုအပြည့်အဝ ရှိကြရမယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချလက်ချ ရှိကြပါဖေဖေ၊ လွင်နဲ့ ကျွန်တော်မှာ ဖေဖေတို့ မမြင်သေးတဲ့ ငွေညှာထောက်ထားရမဲ့ အိုယောဇဉ်ကြီးတွေ ရှိပါသေးတယ်"

ခေါ်ခင်မေလွင်က မျက်လုံးကလေး ဝင့်ပြီး ကြည့်၏။ ဖေဖေနှင့်မေမေများက အကြောင်းရင်းကို မသိဘဲ ကျေနပ်စွာဖြင့် ခေါင်းတညိတ်ညိတ်ပြုကြသည်။

"ကဲ...ကဲ ရထားပေါ်တက်ကြတော့၊ ရန်ကုန်ပြန်ရောက်ရောက်ချင်း ဖုန်းလှမ်းဆက်ဖို့ မမေ့နဲ့"

ဒုတိယအကြိမ်မြောက် မှတ်တတ်နှင့် လက်အုပ်ကလေးချီ ကန်တော့ပြီး ရထားပေါ် တက်ခဲ့သည်။ ရထားထွက်တော့ ဆွေမျိုးများက လက်တပြပြနှင့် ကျန်ရစ်ခဲ့ကြပါ၏။

❊❊❊



# အပိုင်း — ငါး

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

[၄၃]

ဦးအောင်ဖုန်းနှင့် ဒေါ်ခင်မေလွင် မန္တလေးမှ ရန်ကုန်သို့ ပြန်ရောက်ပြီး ရက်သတ္တပတ်ပြည့်သည့်နေ့တွင် ကြေးမုံသတင်းစာ၏ ကြော်ငြာစာမျက်နှာတွင် လေးထောင့်ဘောင်ခတ်ထားသော ကြော်ငြာသတင်းလေးတစ်ခု ပါလာပါ၏။

*သား ဖုန်းမြင့်ခေါင်နှင့် သမီး ကေရီ*

*သားနှင့်သမီးမှာ အပြစ် လုံးဝ မရှိပါ။*

*သားနှင့်သမီးက အပြစ်ရှိသည်ဟု ယူဆလျှင် လည်း*

*ထိုအပြစ်အားလုံးကို ဖေဖေနှင့်မေမေက ခွင့်လွှတ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com



သားနှင့်သမီး ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။

ဖေဖေ ဦးအောင်ဖုန်း

မေမေ ဒေါ်ခင်မေလွင်

မောင်သာပြည့်

ပြီး

BURMESE CLASSIC

www.burmeseclassic.com